# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျရောက်လေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ–၃၆)


၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက် | ၂၀၂၁ ခုနှစ်၊ ဩဂုတ် ၂၀ ရက်၊ တနင်္လာနေ့ | အတွဲ (၆၀)၊ အမှတ် (၃၃၁)


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်

၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်)

Coronavirus Disease 2019(COVID–19) ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးထားသည့်ကိစ္စရပ်များ မပါ) အား ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ် ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။



ဝက်လက်မြို့နယ်တွင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်ခဲ့သည့် စိုင်နိုင်ကွေ့–မြင်းသည်–ကွန်ဆိပ်လမ်းကို တွေ့ရစဉ်။

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ အဆင့်မြှင့်တင် ဆောင်ရွက်နေ

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် ကလေးခရိုင်၊ တမူးခရိုင်၊ ကသာခရိုင်၊ ကန့်ဘလူခရိုင်၊ ခန္တီးခရိုင်၊ စစ်ကိုင်းခရိုင်၊ မုံရွာခရိုင်၊ မော်လိုက်ခရိုင်၊ ယင်းမာပင်ခရိုင်၊ ရွှေဘိုခရိုင်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ရှိ မြို့နယ် ၃၇ မြို့နယ်အတွင်း နေထိုင်ကြသော ကျေးလက်နေပြည်သူများ ၄၄ သိန်းကျော်အတွက် လူသွားလမ်း၊ ဆိုင်ကယ်လမ်း၊ လှည်းလမ်းမျှသာရှိသော မြေသားလမ်းအခြေအနေမှ ရာသီမရွေးသွားလာနိုင်သည့် ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း ၊ ကျောက်ချောလမ်း၊ အမာခံလမ်းများအဖြစ်လည်းကောင်း၊ ဒေသဆောက်ဝါးတံတား၊ သစ်သားတံတားများမှ သဘာဝဘေးဒဏ်ခံနိုင်သော သံကူကွန်ကရစ်တံတားများအဖြစ် လည်းကောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက နှစ်စဉ်အဆင့်မြှင့်တင် ဖောက်လုပ်ပေးလျက်ရှိပါသည်။


*စာမျက်နှာ ၁၁ ကော်လံ ၁* ❑


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID–19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID–19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

တည်ဆောက်ရမည့် အမျိုးသားရင်ကြားစေ့ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး — *ဆောင်းပါး* — စာ – ၆

လော့စ်အိန်ဂျလိစ်၌ အဆောက်အအုံပြင်ပ ပြုလုပ်သည့်ပွဲကြီးများတွင် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရမည် — *နိုင်ငံတကာသတင်း* — စာ – ၁၃

မန်းချောင်းဆင်စခန်းကို ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေခံသော ခရီးသွားဒေသအဖြစ် ဆောင်ရွက်နေ — *ပြည်တွင်းသတင်း* — စာ – ၂၄

မြန်မာ့အလင်း

# ပညာရည်၊ ဝင်ငွေနှင့် ဆင်းရဲသံသရာမှ လွတ်မြောက်ရေး

နိုင်ငံဖွံ့ဖြိုးရေးတွင် လူသားအရင်းအမြစ် အရည်အသွေးမြင့်မားခြင်းသည် ရုပ်ဝတ္ထုအရင်းအမြစ်နှင့် ဓနအရင်းအမြစ်တို့ထက်ပို၍ အရေးပါသည်ဟု ပညာရှင်များက အလေးအနက်လက်ခံထားကြသည်။ လူသားအရင်းအမြစ်ဆိုသည်မှာ နိုင်ငံအတွင်းရှိ လူများနှင့် ထိုသူတို့၏ အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုများ၊ စိတ်ဓာတ်ရေးရာ အခြေအနေများ၊ သဘောထားအယူအဆများကို လွှမ်းခြုံသတ်မှတ်ထားခြင်းပင်ဖြစ်သည်။ လူသားအရင်းအမြစ်ကို အစွမ်းကုန်ဖွံ့ဖြိုးတိုးတက်စေပြီး အထိရောက်ဆုံးအသုံးချနိုင်သော နိုင်ငံများမှာ ဖွံ့ဖြိုးတိုးတက်လာကြသည်။

လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဟူသည် ပြည်သူတို့၏ အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှု အဆင့်အတန်းမြင့်မားရေး၊ ကာယ ဉာဏ စွမ်းအား စိုက်ထုတ်နိုင်မှု၊ အလုပ်လုပ်နိုင်စွမ်းရှိမှုနှင့် အလုပ်လုပ်လိုစိတ်ရှိမှုတို့ မြင့်မားရေး၊ လူတို့၏ အတွေ့အကြုံ ဗဟုသုတများနှင့် စိတ်ဓာတ်ရေးရာ အခြေအနေများ တိုးတက်မြင့်မားရေးတို့ လွှမ်းခြုံပါဝင်သည့် လူသားတို့၏ အရည်အသွေး၊ အရည်အချင်းများ တိုးတက်မြင့်မားရေးပင်ဖြစ်သည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးတွင် အဓိကအကျဆုံးဟု လူအများသိရှိလက်ခံထားသည့် လုပ်ငန်းများမှာ ပညာရေးနှင့် ကျန်းမာရေးတို့ပင်ဖြစ်သည်။ ပညာရေးအားကောင်းသည်နှင့်အမျှ ပြည်သူတို့၏ အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုတို့ အဆင့်မြင့်မားမည်ဖြစ်ပြီး ကျန်းမာရေးအားကောင်းသည်နှင့်အမျှ ပြည်သူတို့၏ ကာယ ဉာဏ စွမ်းအား၊ အလုပ်လုပ်နိုင်သည့် စွမ်းရည်တို့ မြင့်မားလာမည်ဖြစ်သည်။

"နိုင်ငံသားတိုင်း အသိပညာ၊ အတတ်ပညာ ကြွယ်ဝစေရေးသည် မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်သဖြင့် ပညာရေးကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အခြေခံဥပဒေတွင် နိုင်ငံသားတိုင်းသည် ဥပဒေဖြင့် ပြဋ္ဌာန်းထားသည့် မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်ဟု ပါဝင်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ မိမိတို့ဒေသအလိုက် ပြည်သူများ၏ ပညာရည်မြှင့်တင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ စီမံဆောင်ရွက်ရန် လိုကြောင်း" ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၁)၌ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံအဖို့ နိုင်ငံသားတိုင်း အသိပညာ၊ အတတ်ပညာ ကြွယ်ဝရေးသည် နိုင်ငံ၏ စီးပွားရေး၊ လူမှုဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရေးတို့တွင် အခြေခံ အကျဆုံးသော လိုအပ်ချက်တစ်ရပ်ပင်ဖြစ်သည်။ ထို့အပြင် ပညာတတ် လူ့အဖွဲ့အစည်း အားကောင်းပါက နိုင်ငံ၏ အုပ်ချုပ်ရေးလုပ်ငန်းစဉ်များတွင် နိုင်ငံသားများ အပြည့်အဝ ပါဝင်နိုင်စေပြီး ဒီမိုကရေစီကိုလည်း ပိုမိုအားကောင်းစေသည်။ သို့ရာတွင် နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းတို့ နေထိုင်လျက်ရှိကြသည့် ကျေးလက်ဒေသများရှိ ကျောင်းအများစုတို့မှာ စာသင်ကျောင်း၏ ဥပဓိရုပ်များ ကောင်းမွန်မှုမရှိခြင်း၊ ဆရာ ဆရာမများ လုံလောက်မှုမရှိခြင်း၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံလုံလောက်မှု မရှိခြင်း စသည်ဖြင့် ကျောင်းများ၏ အရည်အသွေးများကို မြှင့်တင်ပေးရန် လိုအပ်လျက်ရှိသည်။

မိမိတို့နိုင်ငံသည် ပညာတတ်များ ပေါကြွယ်ဝရေးအတွက် ကြိုးပမ်းဆောင်ရွက်နေရသကဲ့သို့ ဆင်းရဲမွဲတေမှုများကို လျှော့ချနေရသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ "ပညာရည် နိမ့်ကျခြင်း"၊ "ဝင်ငွေနည်းပါးခြင်း" နှင့် "ဆင်းရဲမွဲတေခြင်း" တို့မှာ ကရွတ်ကင်းလျှောက် သံသရာလည်ပတ်သည့် သဘောရှိရာ အခြေခံအကျဆုံးဖြစ်သော ပညာတတ် ပေါကြွယ်ဝစေရေးကို ဆောင်ရွက်နိုင်သည်နှင့်အမျှ ဆင်းရဲမွဲတေမှု သံသရာမှ လွတ်မြောက်စေနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## သီတဂူ ဗုဒ္ဓတက္ကသိုလ် (ကျွန်းလှ) သို့ အလှူငွေကျပ်သိန်း ၂၀ လှူဒါန်း

ကျွန်းလှ ဩဂုတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က သီတဂူ ဗုဒ္ဓတက္ကသိုလ် (ကျွန်းလှ) သို့ လှူဒါန်းသော အလှူငွေကျပ်သိန်း ၂၀ ကို ဩဂုတ်၂၉ ရက်က သီတဂူဗုဒ္ဓတက္ကသိုလ် ဓမ္မာရုံ၌ ပြုလုပ်သည်။

ထိုသို့ လှူဒါန်းရာတွင် ကန့်ဘလူ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးရွှေအောင်နှင့် တာဝန်ရှိသူများက တိုင်းဒေသကြီး ဝန်ကြီးချုပ်က လှူဒါန်းသော ငွေကျပ်သိန်း ၂၀ နှင့် ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့က ဆန် နှစ်အိတ်၊ ဆီ နှစ်ပုံး၊ PPE ဝတ်စုံ ၂၀၊ နှာခေါင်းစည်း ၅၀၀ တို့ကို လှူဒါန်းပြီး သီတဂူဗုဒ္ဓ တက္ကသိုလ် (ကထိက) ဆရာတော် ဦးကုသလ က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေသည်။

မျိုးဝင်းညို(ကျွန်းလှ)

## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၉

မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊သာသနာ့ဗွယ်ဝင်သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်ရှိ သံသရာအေးမြို့ဦးစေတီကျောင်းတိုက်၊ သီရိမင်္ဂလာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ် ဘောက်ထော်ရပ်ကွက်ရှိ ပညာမဏ္ဍကျောင်းတိုက်နှင့် မှော်ဘီမြို့နယ် နှောကုန်းကျေးရွာရှိ အောင်ဘုန်းပွင့်ကျောင်းတိုက်တို့မှ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့ဗွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ နေ့ဆွမ်းများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြသည်။

ထို့အပြင် ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့ရှိ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်နှင့် အရှေ့ခါးရိုးပရိယတ္တိစာသင်တိုက်များရှိ သံဃာတော်များအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးအဖွဲ့များက မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ယနေ့နံနက်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါပိုး ရှိ/ မရှိ စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မကွေးမြို့နယ် ဘုရားပြိုကျေးရွာ၌ နှမ်းစိုက်ဧက ၁၀၀ ရိတ်သိမ်းဆောင်ရွက်

မကွေး ဩဂုတ် ၂၉



မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ မကွေးမြို့နယ် ဘုရားပြိုကျေးရွာမှ တောင်သူ ဦးဘိုအောင်၏ နှမ်းစိုက်ဧက (၁၀၀) ရိတ်သိမ်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကာ (ယာပုံ) နှမ်းရိတ်သိမ်း ဆောင်ရွက်နေသည့် ကျေးရွာသူ ကျေးရွာသားများအား တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ကိုဗစ်ရောဂါ ကာကွယ်ရေး နှာခေါင်းစည်းများ တပ်ဆင်ဝေငှပေးသည်။

ယင်းနောက် ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များနှင့်ပတ်သက်၍ တင်ပြမှုများအပေါ် လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိလာသည့် Oxygen Plant ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုကာ အမြန်ဆုံး တပ်ဆင်လည်ပတ်နိုင်အောင် ဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ တိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးသို့ အသစ်ထပ်မံရောက်ရှိလာသည့် Oxygen Plant မှာ အောက်ဆီဂျင် လီတာ ၄၀ ဆံ့ အိုးကြီး အလုံး ၁၀၀ ထွက်ရှိမည့် စက်အမျိုးအစားဖြစ်ပြီး မကြာမီ ရက်ပိုင်းအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်လူနာများအတွက် အထောက်အပံ့ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

မောင်ညီညာ(မကွေး)

## ပိန်းဇလုပ်မြို့၌ ကိုဗစ်-၁၉ စစ်ဆေးရေးယာဉ်ဖြင့် ရောဂါပိုး ရှိမရှိ အခမဲ့စစ်ဆေးပေး

ပိန်းဇလုပ် ဩဂုတ် ၂၉

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့အတွင်းရှိ စည်ပင်သာယာဈေးအနီး မြို့လယ်လမ်းဆုံ၌ ယနေ့နံနက်ပိုင်းက



မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ စစ်ဆေးရေးယာဉ်ဖြင့် လာရောက်ကွင်းဆင်း၍ လမ်းသွား၊ လမ်းလာပြည်သူများ၊ ဈေးရောင်း၊ ဈေးဝယ်များနှင့် မိမိဆန္ဒအလျောက် လာရောက်စစ်ဆေးခံသည့် ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိ အခမဲ့စစ်ဆေးပေးသည်။

အဆိုပါစစ်ဆေးပေးမှုကို ပိန်းဇလုပ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့အုပ်ချုပ်ရေးမှူး ဦးလင်းအောင်၊ မြို့မ(၁)၊ မြို့မ(၂)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပရဟိတအဖွဲ့များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

ထိုသို့စစ်ဆေးဆောင်ရွက်ခဲ့ရာ ယနေ့တွင် ယင်းဒေသ၌ စုစုပေါင်း လူဦးရေ ၂၁၄ ဦးအား စစ်ဆေးရာ ၁၂ ဦး ပိုးတွေ့ရှိခဲ့ကြောင်းနှင့် ပိုးတွေ့လူနာများအား ဆေးရုံသို့ပို့ဆောင်ကုသပေးခြင်း၊ ထိတွေ့ဆက်ဆံသူများကို သွားလာကန့်သတ်ထိန်းချုပ်သည့် စင်တာများသို့ ပို့ဆောင်စေခြင်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။

ပိန်းဇလုပ်-သိန်းညွန့်

## လေလွင့်မှုများ မရှိအောင်

နိုင်ငံတော်အစိုးရ၏ ဝင်ငွေသည် အခွန်ငွေဖြစ်ပြီး စီးပွားရေးကျဆင်းမှုနှင့် လတ်တလောဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေးထိခိုက်မှုများရှိသည့်အတွက် အခွန်ငွေကောက်ခံရရှိမှုများ နည်းပါးလျက်ရှိကြောင်း၊ ဘဏ္ဍာငွေသုံးစွဲမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် မဖြစ်မနေသုံးစွဲရမည့် လုပ်ငန်းကိစ္စရပ်များအပ အခြားကိစ္စရပ်များတွင် တတ်နိုင်သမျှချွေတာ သုံးစွဲရန်လိုအပ်ကြောင်း၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် သောက်သုံးရေနှင့် လျှပ်စစ်မီး သုံးစွဲမှုများကို လေလွင့်မှုများမရှိအောင် စနစ်တကျသုံးစွဲကြရန် လိုအပ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၈-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဖလင်ပိဋကတ်တိုက်နှင့် ရုပ်ရှင်စတူဒီယိုတို့ကို ကြည့်ရှုစစ်ဆေး


**ရန်ကုန် ဩဂုတ် ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဖလင်ပိဋကတ်တိုက်နှင့် ရုပ်ရှင်စတူဒီယိုတို့သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**စနစ်တကျထိန်းသိမ်း**

ရှေးဦးစွာ ဖလင်ပိဋကတ်တိုက်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မော်ကွန်းမှတ်တမ်းဖလင်များသည် မြန်မာ့ရုပ်ရှင်အတွက် အသက်ဝိညာဉ်ဖြစ်သည့်သာမက မြန်မာလူမျိုးတို့၏ သမိုင်းယဉ်ကျေးမှုအနုပညာ ပုံရိပ်များလည်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် နှစ်ပေါင်းထောင်ချီကာလကပင် ဘာသာ၊ စာပေ၊ သဘင်၊ ဂီတ ထွန်းကားခဲ့သည့်နိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာ့ရုပ်ရှင်ဖလင်များသည် မြန်မာနိုင်ငံ၏ သမိုင်းဖြစ်စဉ်ဖြစ်ရပ်များ၊ ယဉ်ကျေးမှုပုံရိပ်များကို ထုတ်ဖော်ပြသနိုင်သည့် တန်ဖိုးမဖြတ်နိုင်သော အမွေအနှစ်များဖြစ်သည့်အတွက် စနစ်တကျ ထိန်းသိမ်းထားရှိရမည်ဖြစ်ကြောင်း။

ရုပ်ရှင်ပိဋကတ်တိုက်ရှိ ရှေးဟောင်းရုပ်ရှင်ဇာတ်ကားများကို ဒစ်ဂျစ်တယ်နည်းပညာဖြင့် စနစ်တကျ ထိန်းသိမ်းထားနိုင်ရေး ကြိုးပမ်းကြရန် လိုအပ်ကြောင်း၊ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေရန်နှင့် နိုင်ငံတကာတွင် ဆောင်ရွက်နေသော ဖလင်ထိန်းသိမ်းသည့် နည်းပညာရပ်များကို လေ့လာဆောင်ရွက်ထားရန် လိုအပ်မည်ဖြစ်ကြောင်း၊ မြန်မာ့ရုပ်ရှင်သည် နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိသည်ဖြစ်၍ အချို့သော ရုပ်ရှင်ဇာတ်ကားကြီးများကို ယူနက်စကိုအဖွဲ့က ရှေးဟောင်းအမွေအနှစ် စာရင်းဝင် ဇာတ်ကားအဖြစ် သတ်မှတ်ပေးထားပြီးဖြစ်သည့်အတွက် မြန်မာလူမျိုးတိုင်း ဂုဏ်ယူဝမ်းမြောက်စရာပင်ဖြစ်ကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ ဖလင်ပိဋကတ်တိုက်အတွင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**ပိုမိုပူးပေါင်းဆောင်ရွက်**

နိုင်ငံတော်ဝန်ကြီးချုပ်က ရုပ်ရှင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန် လမ်းညွှန်ထားပါကြောင်း၊ ထို့ကြောင့် ရုပ်ရှင်ဖလင်များ ထိန်းသိမ်းသည့်လုပ်ငန်းကို တစ်ဖက်က ဆောင်ရွက်ရမည်ဖြစ်သလို အခြားတစ်ဖက်မှလည်း ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးခြင်း၊ ထုတ်လုပ်ခြင်း၊ ပြသခြင်းလုပ်ငန်းများကို တိုးတက်ဖွံ့ဖြိုးအောင် ကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ရုပ်ရှင်အနုပညာရှင်များနှင့် ရင်းရင်းနှီးနှီး ထိတွေ့ဆွေးနွေးကာ ၎င်းတို့၏ လိုအပ်ချက်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ယခုရုပ်ရှင်ပိဋကတ်တိုက်တွင် ရုပ်ရှင်ဇာတ်ကားများနှင့် မှတ်တမ်းသတင်းကားများ စုစုပေါင်း ဇာတ်ကား ၃၀၀၀ ကျော်ရှိသော်လည်း ဒစ်ဂျစ်တယ်စနစ်ဖြင့် စနစ်တကျ ထိန်းသိမ်းထားသည့် အရေအတွက်မှာ လွန်စွာနည်းပါးနေသေးသည့်အတွက် သက်ဆိုင်ရာပညာရှင်များနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲရှိ စတူဒီယိုများနှင့် ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးစင်တာများကို ကြည့်ရှုစစ်ဆေးသည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် ရုပ်ရှင်ဖလင်ပိဋကတ်တိုက်ကို ၁၉၈၁ ခုနှစ် ဇွန် ၂၂ ရက်တွင် စတင်ဖွင့်လှစ်၍ သတင်းမှတ်တမ်းများနှင့် အကယ်ဒမီရရှိခဲ့သည့် ရုပ်ရှင်ဇာတ်ကား ၃၀၀၀ ကျော်၏ ဖလင်များကို စနစ်တကျထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး ၎င်းတို့အနက် မြဂနိုင်၊ ပျို့ချစ်လင်၊ ဂျပန့်ရင်သွေး၊ ငဘ၊ ဘယ်သူပြိုင်လို့ လှပါတော့နိုင် ရုပ်ရှင်ဇာတ်ကားများကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ပြောင်းလဲထိန်းသိမ်းထားရှိသည်။ မြဂနိုင်ဇာတ်ကားကို ယူနက်စကိုအဖွဲ့၏ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ အမွေအနှစ်အဖြစ် 2018 ခုနှစ်တွင် သတ်မှတ်ထားကြောင်းနှင့် ယခုအခါ အမျိုးသားဖလင် မော်ကွန်းတိုက်ကြီးတစ်ခု တည်ဆောက်၍ ရုပ်ရှင်ဖလင်များ စနစ်တကျထိန်းသိမ်းရန် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ နာယကကြီးများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်အချို့အား တွေ့ဆုံ၍ လက်ရှိကြုံတွေ့နေရသည့် အခြေအနေများအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

**တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးမည်**

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကကြီးများက ရုပ်ရှင်လောကသားများအား ကိုဗစ်ကာကွယ်ဆေးထိုးရန်ကိစ္စများ၊ တွေ့ကြုံနေရသည့် စားဝတ်နေရေးအခက်အခဲများနှင့် ရုပ်ရှင်လုပ်ငန်းများ ပြန်လည်လုပ်ကိုင်ဆောင်ရွက်နိုင်ရေးကိစ္စများကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အနုပညာလောက ပြန်လည်ရှင်သန်ရေးကိစ္စများ၊ ကိုဗစ်ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းနှင့် အနုပညာရှင်များ၏ စားဝတ်နေရေးပြေလည် စေရေးကိစ္စများအား ကူညီဆောင်ရွက်ပေးရန် နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်ထားပြီးဖြစ်သဖြင့် မိမိတို့အနေဖြင့် တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေး ပြောကြားခဲ့သည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်တောင်ပိုင်းအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများအား ဆွမ်းဆန်တော်၊ ဆီ၊ ပဲနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၉**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် မြန်မာနိုင်ငံတစ်ဝန်း လတ်တလောဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် သီတင်းသုံးနေထိုင်တော်မူကြသော ဝါဆိုသံဃာတော်များ၊ သီလရှင်များ ဆွမ်းကွမ်းအခက်အခဲမရှိစေရေး ဆွမ်းဆန်တော်၊ ဆီ၊ ပဲနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပေးလျက်ရှိသည်။

ထိုသို့ ဆက်ကပ်လှူဒါန်းရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ်၊ မိုးနဲမြို့နယ်နှင့် မိုင်းပန်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ပဲနှင့် လှူဖွယ်ပစ္စည်းတို့ကို လင်းခေးခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းနှင့်အဖွဲ့မှ ဆက်ကပ်လှူဒါန်းပေးခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများနှင့် စာသင်တိုက်များအတွက် ဆွမ်းဆန်တော် အိတ် ၁၀၀၊ ဆီ ၁၁၄ ပိဿာ၊ ပဲ ၂၆၆ ပိဿာနှင့် အခြားလှူဖွယ်ပစ္စည်းတို့ကို လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း (၁၄) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် တက်ရောက်

နေပြည်တော် ဩဂုတ် ၂၉

**မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း (MICPA) ၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ယနေ့တွင် ကိုဗစ်-၁၉ ကာကွယ်ရေး စည်းမျဉ်းများနှင့်အညီ Virtual System ဖြင့်ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ပါမောက္ခ ဒေါက်တာကံဇော်က ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (နေပြည်တော်)မှ တက်ရောက်သည်။** (အောက်ပုံ)




အစည်းအဝေးတွင် မြန်မာနိုင်ငံ စာရင်းကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်းနာယက၊ ပြည်ထောင်စု စာရင်းစစ်ချုပ် ပါမောက္ခ ဒေါက်တာကံဇော်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ အစည်းအဝေး သဘာပတိ၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း နာယက ဦးဝင်းသင်နှင့် မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း ဥက္ကဋ္ဌ ဦးဝမ်းတင်တို့က အမှာစကား ပြောကြားပြီး အသင်း၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း အလုပ်အမှုဆောင်အဖွဲ့၏ ၂၀၁၉-၂၀၂၀ ပြည့်နှစ် နှစ်ပတ်လည် အစီရင်ခံစာကို ဒုတိယဥက္ကဋ္ဌ ဦးမိုးကျော်က ဖတ်ကြားတင်ပြပြီး ဘဏ္ဍာရေးရှင်းတမ်းများကို အဖွဲ့ဝင် ဒေါ်ရင်ကြည်နှင့် စာရင်းစစ်အစီရင်ခံစာကို ပြင်ပစာရင်းစစ် ဒေါ်မြင့်မြင့်က ဖတ်ကြားတင်ပြသည်။

မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း (MICPA) ၏ (၁၄) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် နှစ်ပတ်လည်အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် စာရင်းစစ် အစီရင်ခံစာတို့ကို အတည်ပြုခြင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ် ခန့်အပ်အတည်ပြုခြင်း၊ ၂၀၂၁-၂၀၂၂ နှစ်များအတွက် အလုပ်အမှုဆောင်အဖွဲ့ကို အဖွဲ့ဝင် ၂၄ ဦးဖြင့် ပြန်လည်ဖွဲ့စည်းခြင်းနှင့် အဖွဲ့ဝင်များ၏ အမည်စာရင်းများ ထုတ်ပြန်ကြေညာခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ဆွေးနွေး တင်ပြချက်များအပေါ် ပြည်ထောင်စုစာရင်းစစ်ချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် မြန်မာ့စီးပွားရေး နယ်ပယ်တွင် စာရင်းကိုင်ပညာဆိုင်ရာလုပ်ငန်းများကို နိုင်ငံတကာစံများနှင့်အညီ ရပ်တည်ဆောင်ရွက်နိုင်ရေး၊ စာရင်းပညာရှင်များ၏ အရေအတွက် သာမက အရည်အချင်းနှင့် အရည်အသွေး မြှင့်တင်နိုင်ရေး၊ ASEAN Free Flow of Profession အရ အာဆီယံအဆင့်နှင့် နိုင်ငံတကာအဆင့် ယှဉ်ပြိုင် ရင်ပေါင်တန်းနိုင်ရေးအတွက် နိုင်ငံတော်၏ အားပေးမှု၊ ကူညီပံ့ပိုးမှုများနှင့်အတူ မြန်မာနိုင်ငံ စာရင်းကောင်စီနှင့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းတို့က တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **သတင်းစဉ်**

## သံအမတ်ကြီး ဦးတင်ယုအား ကာတာနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဩဂုတ် ၃၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ယုအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ကာတာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအသင်းကို Voting စနစ်ဖြင့် မဲပေးနိုင်

**နေပြည်တော် ဩဂုတ် ၂၉**

ရုရှားနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသည့် International Army Games 2021 တွင် မြန်မာ့တပ်မတော်ကိုယ်စားပြု ယဉ်ကျေးမှုအဖွဲ့မှ ပါဝင်ယှဉ်ပြိုင်လျက်ရှိရာ People’s Choice Award ဆုအတွက် Online မှတစ်ဆင့် Voting စနစ်ဖြင့်မဲပေး၍ မြန်မာနိုင်ငံအသင်းကို အားပေးရွေးချယ်နိုင်ရေး https://golosovanie-ac.mil.ru သို့ ဩဂုတ် ၃၁ ရက်(အင်္ဂါနေ့) နံနက် ၃ နာရီခွဲအထိ ဝင်ရောက်၍ မဲပေးခြင်း ဆောင်ရွက်နိုင်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်ရှိ IDPs စခန်းများ၌ ခိုလှုံနေကြသော သက်ကြီးရွယ်အိုများအား ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံ

**နေပြည်တော် ဩဂုတ် ၂၉**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်ရှိ အလယ်ဖရုံကာကျွန်းရှိ ဆင်တက်မော်အုပ်စု ဆင်တက်မော်ကျေးရွာ IDPs စခန်းနှင့် ဆင်တက်မော်အုပ်စု အနောက်ရဲ IDPs စခန်းတို့တွင် ခိုလှုံနေကြသော ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာ အသက် ၄၅ နှစ်အထက်နှင့် ၆၅ နှစ်အထက် သက်ကြီးရွယ်အိုများအား ကိုဗစ်-၁၉ ကာကွယ်ဆေးကို ယနေ့ နံနက် ၁၀ နာရီက စတင်ထိုးနှံပေးသည်။ **(ယာပုံ)**

ထိုသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်ရာတွင် ပေါက်တောမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဦးစီးမှူး ဒေါက်တာကိုကိုအောင် ကြီးကြပ်မှုဖြင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန် တိုင်းတာပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင် တိုင်းတာပေးခြင်းတို့ကို ပြုလုပ်ပေးကြပြီး ကာကွယ်ဆေးထိုးပေးကြသည်။ ကာကွယ်ဆေးထိုးနှံရာ၌ ဆင်တက်မော် IDPs စခန်းတွင် ဆေးလာရောက်ထိုးနှံသူ အမျိုးသား ၁၈၃ ဦး၊ အမျိုးသမီး ၂၁၅ ဦး စုစုပေါင်း ၃၉၈ ဦးနှင့် အနောက်ရဲ IDPs စခန်းတွင် အမျိုးသား ၈၉ ဦး၊ အမျိုးသမီး ၉၅ ဦး စုစုပေါင်း ၁၈၄ ဦး IDPs စခန်း နှစ်ခု စုစုပေါင်း ၅၈၃ ဦး လာရောက်ထိုးနှံကြသည်ကို သိရသည်။

အဆိုပါ IDPs စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုအား ပေါက်တောမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့်အဖွဲ့ဝင်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ ပေါက်တောမြို့နယ်၌ ဆင်တက်မော် IDPs စခန်း၊ အနောက်ရဲ IDPs စခန်း၊ ကြိမ်နီပြင် IDPs စခန်း၊ ၄က်ချောင်း(၁) IDPs စခန်း၊ ၄က်ချောင်း (၂) IDPs စခန်း ငါးနေရာအနက် ဆင်တက်မော် IDPs စခန်းနှင့် အနောက် ရဲ IDPs စခန်းတို့တွင် ထိုးနှံပေးခဲ့ပြီး ကျန်ရှိ IDPs စခန်း သုံးနေရာများသို့ သွားရောက်ပြီး ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သန်း(မြို့နယ်ပြန်/ဆက်)**



ပေါက်တောမြို့နယ်ရှိ IDPs စခန်း၌ ခိုလှုံနေကြသည့် သက်ကြီးရွယ်အိုတစ်ဦးအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

# လပွတ္တာမြို့နယ်တွင် မိုးစပါးစိုက်ဧက ၃၃၇၈၀၉ ဧက စိုက်ပျိုးပြီးစီး

**လပွတ္တာ ဩဂုတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ် ကျောက်မော်ကျေးရွာအုပ်စု အောက်ချောင်းကျေးရွာ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြစိုက်ကွင်းရှိ ကွင်းအမှတ်(၅၈၁-က) ဦးပိုင်(၁၆) တောင်သူ ထွန်းလင်း၏ လယ်မြေတွင် ဆင်းသုခစပါးမျိုးအား အထွက်နှုန်းတင်း ၁၀၀ ထွက်ရှိအောင် မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် သိပ္ပံနည်းကျ စပါးစိုက်ပျိုးခြင်းကို ဆောင်ရွက်ခဲ့သည်။

လပွတ္တာမြို့နယ်တွင် မိုးကောင်းသောက်ဧကစုစုပေါင်း ၃၃၇၈၀၇ ဧက စိုက်ပျိုးရန် ရည်မှန်းထားခဲ့ရာ ယနေ့အချိန်ထိ ဧက ၃၃၇၈၀၉ ဧက ပြည့်မီအောင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် မိုးရွာသွန်းမှု သမမျှတပြီး ရာသီဥတုကောင်းမွန်သောကြောင့် မိုးစပါးစိုက်ဧက ၃၃၇၈၀၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားချက်ထက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးအောင်၏ ပြောပြချက်အရ သိရသည်။

**ယောရော**

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် လယ်ဝေးမြို့နယ် ဘုရားကြီးကျောင်းတိုက်သို့ ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ကြက်သွန်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း



**နေပြည်တော် ဩဂုတ် ၂၉**

နေပြည်တော် လယ်ဝေးမြို့နယ် ဘုရားကြီးကျောင်းတိုက်တွင် သီတင်းသုံးလျက်ရှိသော ရဟန်း၊ သာမဏေများအတွက် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ကြက်သွန်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းတိုက်တွင် ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်နှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း ဆေးထိုးစုရပ်၌ သံဃာတော်များ၊ သီလရှင်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးနေမှုကို သွားရောက် ကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားသည်။

ထို့နောက် နေပြည်တော်အဝင် စီလမ်းဆုံစုပေါင်းစစ်ဆေးရေးဂိတ်တွင် ကျန်းမာရေးစစ်ဆေးဆောင်ရွက်နေမှုနှင့် ဇမ္ဗူသီရိမြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း ဆေးထိုးစုရပ်၌ အသက် ၆၅ နှစ်နှင့် အထက် သက်ကြီးဘိုးဘွားများ၊ ဝန်ထမ်းများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးနေမှုကို သွားရောက်၍ကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း (ခရိုင် ပြန်/ဆက်)**

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဩဂုတ် ၂၉**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြင်းမူမြို့တွင် ၃ ဒသမ ၈၆ လက်မ၊ ငါန်းဇွန်မြို့တွင် ၃ ဒသမ ၃၈ လက်မ၊ မုံရွာမြို့(ကြေးမုံ)တွင် ၂ ဒသမ ၈၃ လက်မ၊ ကော့ကရိတ်မြို့နှင့် မြိတ်မြို့တို့တွင် ၂ ဒသမ ၂၈ လက်မစီ၊ ကျိုက်ဒုံ မြို့တွင် ၂ ဒသမ ၂၄ လက်မနှင့် ရွှေဘိုမြို့တွင် ၂ ဒသမ ၀၄ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## မြောက်ဦးမြို့၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသော ဆွမ်းဆန်စိမ်း၊ ဆီနှင့် လှူဖွယ်ပစ္စည်းများအား ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်လှူဒါန်း

**မြောက်ဦး ဩဂုတ် ၂၉**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကြောင့် ဝါတွင်းကာလအတွင်း ဘုန်းကြီးကျောင်းများ၌ အရုဏ်ဆွမ်းများ အခက်အခဲမဖြစ်ပေါ်စေရေးအတွက် ရခိုင်ပြည်နယ် အစိုးရအဖွဲ့က လှူဒါန်းသော ဆွမ်းဆန်စိမ်း၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဦးဆောင်ကာ ယမန်နေ့ မွန်းလွဲ ၂ နာရီက အဆိုပါ ဘုန်းကြီးကျောင်းများသို့ သွားရောက်လှူဒါန်းသည်။

ထိုသို့ ဆွမ်းဆန်စိမ်း၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ သွားရောက်ဆက်ကပ် လှူဒါန်းရာတွင် မြောက်ဦး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးစိုးသက်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာ ကော်မတီဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက အောင်မင်္ဂလာပညာသာမီကာရာမကျောင်းတိုက် ဦးစီးပဓာနနာယက မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တပညာသာမိထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ကိုဗစ်-၁၉ ကာလအတွင်း ဘုန်းကြီး ကျောင်းတိုက်အသီးသီးရှိ ဝါဆိုသံဃာတော်များ အရုဏ်ဆွမ်းနှင့် နေ့ဆွမ်း အခက်အခဲမရှိစေရန်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသော ဆွမ်းဆန်စိမ်းများနှင့် လှူဖွယ်ပစ္စည်းများအပြင် နဝကမ္မဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းရခြင်းဖြစ်ကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးစိုးသက်က ဆရာတော်ကြီးများအား လျှောက်ထားသည်။ ထို့နောက် ဆွမ်းဆန်စိမ်း၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့သည် ကိုဗစ်-၁၉ ကာလအတွင်း ဆွမ်းအခက်အခဲရှိနေသည့် ဘုန်းကြီးကျောင်း ၃၆ ကျောင်းမှ သံဃာတော်များနှင့် သီလရှင်များအတွက် ရခိုင်ပြည်နယ်အစိုးရဖွဲ့က လှူဒါန်းသော ဝတ္ထုငွေကျပ် ၂၀၉၁၀၀၀ နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ စုပေါင်းလှူဒါန်းသည့် ငွေကျပ် ၁၀ သိန်း စုစုပေါင်း ငွေကျပ် ၂၀၉၁၀၀၀ တန်ဖိုးရှိသော ပေါ်ဆန်းမွှေး ၉၁ အိတ်၊ ဆီ လီတာ ၂၅၀ နှင့် ဘုန်းကြီးကျောင်းတစ်ကျောင်းလျှင် ငွေကျပ် ၆၀၀၀၀ စီကို အဆိုပါ ဘုန်းကြီးကျောင်းများသို့ သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခင်မောင်ထွန်း(ပြန်/ဆက်)**



## စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်လုပ်ကိုင်နိုင်ရေး အားပေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၉**

စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့အတွက် လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ထမုန်ကန်အုပ်စု ညောင်ပင်သာကျေးရွာရှိ ပုဂ္ဂလိက နို့စားနွား မွေးမြူရေးခြံသို့သွားရောက်၍ ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ဒုတိယဝန်ကြီးသည် နို့စားနွား မွေးမြူထားရှိမှု၊ နို့၊ဒိန်ချဉ်နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်နေမှုများကို ကြည့်ရှုအားပေးပြီး နို့မှုန့်ကုန်ချောစက်ရုံ တိုးချဲ့လုပ်ကိုင်နိုင်ရေး၊ ကုန်စည်စီးဆင်းမှုနှင့် ဈေးကွက်မတည်ငြိမ်မှုတို့ကို ကျော်လွှားနိုင်ရေးအတွက် ဆောင်ရွက်ရန်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။



ထို့နောက် မိတ္ထီလာမြို့နယ် ညောင်စောက်ကျေးရွာအုပ်စု ကံဦးစံပြရွာအနီးရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန သဖန်းမွေးမြူရေးခြံနှင့် သဖန်းဆိတ် သုတေသနနှင့် မျိုးထိန်းမျိုးပွားခြံများတွင် သိုး၊ ဆိတ် မွေးမြူရေးသုတေသနနှင့် မျိုးထိန်း၊ မျိုးပွားလုပ်ငန်းဆောင်ရွက်နေမှုများ၊ တိရစ္ဆာန်အစာစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် မိတ္ထီလာကန်၏ ရေဝေရေလဲအခြေအနေ၊ ရေဖြန့်ဝေပေးနိုင်မှုနှင့် မိတ္ထီလာပတ်ဝန်းကျင်ရှိ ဆည်တမံများ၏ ရေဝင်ရောက်မှု၊ လက်ရှိရေသိုလှောင်နိုင်မှုနှင့် ဒေသသောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေနိုင်မှုကို ကြည့်ရှုပြီး ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် သက်ရောက်လာနိုင်သည့် သဘာဝဘေး ကြိုတင်ကာကွယ်ရေးနှင့် ဒေသသောက်သုံးရေ၊ စိုက်ပျိုးရေ ဖူလုံရေးဆိုင်ရာ ကိစ္စရပ်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

မိတ္ထီလာကန်အနေဖြင့် တောင်ကန်နှင့် မြောက်ကန် နှစ်ခုပေါင်း စုစုပေါင်း ကန်ရေပြည့် ရေလှောင်ပမာဏ ၂၄၈၄၆ ဧကပေရှိပြီး အသုံးပြုနိုင်သော ရေပမာဏ ၁၇၂၀၉ ဧကပေ ဖြစ်သည်။ လက်ရှိတွင် မိုးစပါးရေိယာ ဧက ၁၀၀၀ ကိုစိုက်ပျိုးရေပေးဝေလျက်ရှိပြီး ဒေသ၏ သောက်သုံးရေနှင့် စိမ်းလန်းစိုပြည်ရေးကို အကျိုးပြုလျက်ရှိသည်။

ထို့မှတစ်ဆင့် ဒုတိယဝန်ကြီးသည် မိတ္ထီလာ စက်မှုလယ်ယာဗဟို သင်တန်းကျောင်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက သင်တန်းကျောင်း၏ ဘဏ္ဍာနှစ်အလိုက် သင်တန်းများ ဖွင့်လှစ်ပေးမှုအခြေအနေကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

မိတ္ထီလာ စက်မှုလယ်ယာဗဟိုသင်တန်းကျောင်းအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ သင်တန်းသား စုစုပေါင်း ၄၀၀၀၃ ဦးကို စာတွေ့ လက်တွေ့ ပို့ချပေးနိုင်ခဲ့ပြီး လယ်ယာသုံး စက်ကိရိယာစက်ပြင်စက်မောင်းကျွမ်းကျင်အဆင့်(၁) MFEM နှင့် MFEO Level(1) အလုပ်အကိုင် လျှာထားချက်အပေါ် စစ်ဆေးအကဲဖြတ် ဆောင်ရွက်ခြင်းကိုလည်း တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တည်ဆောက်ရမည့် အမျိုးသားရင်ကြားစေ့ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး

**မြန်မာနိုင်ငံကဲ့သို့ ပဋိပက္ခနက်ရှိုင်းစွာ တည်ရှိနေသည့် နိုင်ငံတစ်နိုင်ငံအတွက် အမျိုးသားရင်ကြား စေ့ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အရေးပါသည့် အခြေခံလိုအပ်ချက်တစ်ရပ် ဖြစ်ပါသည်။**

မျိုးငြိမ်းငယ်

အမျိုးသားရင်ကြားစေ့ရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု အားနည်းခြင်းကြောင့် နိုင်ငံတွင်း ငြိမ်းချမ်းရေးမတည်ဆောက်နိုင်ခြင်း၊ လက်နက်ကိုင်ပဋိပက္ခများရှိနေခြင်းနှင့် ယင်း၏ အကျိုးဆက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ စီးပွားရေးမှအစ လူမှုရေးအဆုံး ဒေသဖွံ့ဖြိုးရေး လုပ်ဆောင်ရန် အားနည်းလျက်ရှိနေဆဲဖြစ်သည်။ နယ်စပ်ဒေသတိုင်းရင်းသားများ၊ တောင်ပေါ်ဒေသ တိုင်းရင်းသားများနှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်ဒေသများနှင့် တိုက်ပွဲများဖြစ်ပွားနေသည့် ဒေသများရှိ တိုင်းရင်းသားများအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေး လုပ်ဆောင်ရန်များစွာအနက် အမျိုးသားရင်ကြား စေ့ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးနှင့် အေးချမ်းတည်ငြိမ်ရေးတို့မှာ မရှိမဖြစ်လိုအပ်နေပါသည်။

### ငြိမ်းချမ်းရေးအတွက် လမ်းစ

မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းစဉ်က တိုင်းရင်းသားများအကြား စည်းလုံးညီညွတ်မှုကို ဖော်ဆောင်သည့် ပင်လုံစာချုပ်ကို ချုပ်ဆို၍ လွတ်လပ်ရေးကို ရယူနိုင်ခဲ့ပါသည်။ သို့သော်လည်း နိုင်ငံရေးအကျိုးစီးပွားအမျိုးမျိုးကြောင့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြား စိတ်ဝမ်းကွဲမှုများ၊ မကျေလည်မှုများနှင့် မယုံကြည်မှုများ ဖြစ်ပွားလာခဲ့ရသည်။ ယင်းအခြေခံပြဿနာများကို ဖြေရှင်းနေဆဲဖြစ်သော်လည်း ဆက်လက်ဆောင်ရွက်ရန်များ ကျန်ရှိနေဆဲဖြစ်သည်။ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပင်လုံစာချုပ်နောက်ပိုင်း နှစ်ပေါင်း ၆၅ နှစ်ကျော်အကြာ ၂၀၁၁ ခုနှစ် ဩဂုတ်လတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသား ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးအတွက် လမ်းစ ပြန်လည်ပေါ်ထွန်းလာခဲ့ပါသည်။

၂၀၁၁ ခုနှစ်က စတင်ခဲ့သည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြား ချုပ်ဆိုသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ၏ အားသာချက်များတွင် နိုင်ငံရေးသဘောထားကွဲလွဲမှုများကို ငြိမ်းချမ်းရေး စားပွဲဝိုင်းတွင် ညှိနှိုင်းအဖြေရှာရေး၊ လွတ်လပ်မှုနှင့် တန်းတူညီမျှမှုရှိရေး၊ အပြန်အလှန်လေးစားမှု ရှိရေး၊ ယုံကြည်မှုတည်ဆောက်ရေး၊ ငြိမ်းချမ်းရေး တည်ဆောက်ရေးနှင့် အနာဂတ်နိုင်ငံတည်ဆောက် ရေးအထိ ပါဝင်ပါသည်။

### ရေရှည်မျှော်မှန်းချက်များ

၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့က သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည့် NCA သဘောတူစာချုပ် အခန်း(၁) အခြေခံမူများတွင် ပါဝင်သည့် အချက် ၁၁ ချက်ကို ကြည့်ခြင်းအားဖြင့် အားလုံးအတွက် ရေရှည်မျှော်မှန်းချက်များအဖြစ် တွေ့ရပါသည်။ ထို့အပြင် အခန်း (၂) ဦးတည်ချက်နှင့် ရည်ရွယ်ချက်များပါ အပိုဒ် (က) တွင် ပါဝင်သင့်ပါဝင်ထိုက်သူများအားလုံး နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစတင်ရန်လည်း သဘောတူထားကြသည်။ ဖော်ပြလိုရင်းမှာ NCA သည် ရေတို/ရေရှည်မျှော်မှန်းချက်များ ပါဝင်နေခြင်းနှင့် ယနေ့မျှော်မှန်းထားသည့် ဖက်ဒရယ်နှင့် ဒီမိုကရေစီ

> **“ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားရင်ကြားစေ့ရေးသည် အပြောသက်သက်ဖြင့် တည်ဆောက်၍ ရကောင်းသည့်အရာမဟုတ်၊ အပြောနှင့်အလုပ် ကိုက်ညီမှသာ တည်ဆောက်၍ ရနိုင်ပါသည်။ ထို့အတူ လက်တွေ့လုပ်ဆောင်သည်ဆိုရာတွင်လည်း စိတ်ရင်းစေတနာ မှန်ရန် လိုအပ်ပါသည်။ ဟန်ဆောင်မှု၊ လှည့်စားမှုနှင့် အသုံးချလိုမှု များကင်းမှသာ ရေရှည်ခိုင်မြဲသော ယုံကြည်မှုနှင့် စည်းလုံးမှုကို ရရှိနိုင် ”**

နိုင်ငံတည်ဆောက်ရေး ဦးတည်လုပ်ဆောင်ထားခြင်းပင် ဖြစ်ပါသည်။

NCA တွင် ဆွေးနွေးညှိနှိုင်းဖြေရှင်းကြရမည့် အချက်များ ကျန်ရှိနေသော်လည်း တာထွက်ကောင်းလာသည့် NCA ၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားရင်ကြားစေ့ရေးနှင့် ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းစဉ်များသည် ၂၀၁၅ NLD အစိုးရ လက်ထက်တွင် ရပ်တန့်မှုများ၊ လျော့ကျမှုများနှင့် ကြုံတွေ့လာခဲ့ရသည်။

NLD ပါတီ၏ ၂၀၁၅ ရွေးကောက်ပွဲကြေညာ စာတမ်းတွင် တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေးအဖြစ် သတ်မှတ်ထားသော်လည်း အာဏာရရှိလာချိန်တွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိခိုက်စေသည့် လုပ်ဆောင်မှုများ တွေ့မြင်လာရသည်။ ယင်းတို့အနက် မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် ချောင်းဆုံမြို့အား ဖြတ်ကူးထားသည့် သံလွင်မြစ်ကူးတံတားကို လွှတ်တော်တွင် ကန့်ကွက်မှုများကြားကပင် ဗိုလ်ချုပ်အောင်ဆန်းတံတားဟု အမည်ပေးခဲ့သည်။

### ယုံကြည်မှုကျဆင်းခဲ့ရ

ယင်းနှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ်အတွင်း ဒေသခံတိုင်းရင်းသားတို့၏ ဆန္ဒပြမှုများနှင့် ကန့်ကွက်မှုများရှိခဲ့ပြီး တိုင်းရင်းသားများနှင့် NLD ပါတီအကြား ယုံကြည်မှုကျဆင်းခဲ့ရသည်။ အလားတူပင် ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဗိုလ်ချုပ်ရုပ်တု စိုက်ထူရာတွင် တိုင်းရင်းသားများ အရေးထက် ပါတီအရေးကို ဦးစားပေးလုပ်ဆောင်ခဲ့သည်မှာ ပါတီ၏ရည်မှန်းချက်နှင့်အလုပ်မညီမှုဟု ဆိုရပါမည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတည်ဆောက်ရေးအတွက် အရေးပါလျက်ရှိသော်လည်း NLD ပါတီအနေဖြင့် နိုင်ငံရေးအာဏာချုပ်ကိုင်နိုင်ရေးနှင့် တိုင်းရင်းသားအရေး ယှဉ်လာသည့်အခါ ပါတီအာဏာရရှိရေးကို ထိပ်တန်းဦးစားပေးခဲ့သဖြင့် တည်ဆောက်ဆဲ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားရင်ကြားစေ့ရေးမှာ လျော့နည်းကျဆင်းလာခဲ့ပါသည်။

အာဏာမရမီက တိုင်းရင်းသားအရေး မည်မျှပင် ပြောဆိုမဲဆွယ်ခဲ့စေကာမူ ၂၀၁၅ ရွေးကောက်ပွဲပြီးနောက်ပိုင်း ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဒေသခံတိုင်းရင်းသားပါတီများ နေရာအများစု အနိုင်ရရှိခဲ့သော်လည်း ပြည်နယ်ဝန်ကြီးချုပ်ခန့်အပ်ရေးတွင် တိုင်းရင်းသားများ၏ဆန္ဒကိုပစ်ပယ်၍ NLD ပါတီ၏ဆန္ဒတစ်ခုတည်းဖြင့်သာ ရွေးချယ်ခန့်အပ်ခဲ့သည်။ ဖက်ဒရယ်တည်ဆောက်ရေး ကြွေးကြော်ထားသည့် NLD အစိုးရလက်ထက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတွင် တိုင်းရင်းသားအပေါ်ထားရှိသည့်သဘောထား၊ ဖက်ဒရယ်ရည်မှန်းချက်၊ ပါတီ၏ကြေညာချက်နှင့် လက်တွေ့လုပ်ဆောင်မှု မကိုက်ညီသည်ကို တွေ့မြင်နိုင်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ဒုတိယအကြိမ် ပြင်ဆင်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာတင်ပြစဉ်က နိုင်ငံရေးပါတီ ၁၄ ခုနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်တစ်ဦးတို့က ပေးပို့ထားသည့် အခြေခံဥပဒေ ပြင်ဆင်ရန် အကြံပြုသည့်အချက်ပေါင်း ၃၇၆၅ ချက် ပါရှိခဲ့သည်။ သို့သော် လွှတ်တော်သို့ ဥပဒေမူကြမ်းအဖြစ် တင်သွင်းလာသည့်အခါ NLD ပါတီ၏ ပြင်ဆင်ချက်မူကြမ်း၊ ပြည်ခိုင်ဖြိုးပါတီ၏ ပြင်ဆင်ချက်မူကြမ်းနှင့် တပ်မတော်သားကိုယ်စားလှယ်များ၏ ပြင်ဆင်ချက်မူကြမ်းများသာ ပါဝင်လာပါသည်။ တင်ပြလာသည့် ဥပဒေမူကြမ်း (၇) ခုမှ ပြင်ဆင်ချက်ပေါင်း (၁၄၂) ချက်တွင် တိုင်းရင်းသားများတင်သွင်းသည့် ပြင်ဆင်ချက်တစ်ချက်မှ ပါဝင်မလာသည်ကို အံ့ဩဖွယ်တွေ့ရပါသည်။

### တစ်ဖက်သတ်ချုပ်ကိုင်

ထို့အပြင် တိုင်းရင်းသားများလိုလားသည့် ပုဒ်မ ၂၆၁ ပြင်ဆင်ရေး မဲခွဲဆုံးဖြတ်ရာတွင် NLD ပါတီက ကန့်ကွက်ခဲ့ကြသည်။ ယင်းနှင့်ပတ်သက်၍ “တိုင်းရင်းသားတွေအတွက် ဖက်ဒရယ်အငွေ့အသက်လေးတောင်မှ ရှူရှိုက်ခွင့်မပေးဘူး၊ မလိုက်လျောဘူးဆိုတော့ ကျွန်တော်တို့ တိုင်းရင်းသားတွေအတွက် ဝမ်းနည်းစရာပေါ့”ဟု မြေပုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းက မဲခွဲဆုံးဖြတ်အပြီးတွင် မီဒီယာများသို့ ပြောကြားခဲ့သည်။ ယင်းမတိုင်မီကလည်း အခြေခံဥပဒေပြင်ဆင်ရေးပူးပေါင်းကော်မတီတွင် NLD ပါတီ၏ တစ်ဖက်သတ်ချုပ်ကိုင်မှုကြောင့် တိုင်းရင်းသားကိုယ်စားလှယ်အချို့ နုတ်ထွက်ခဲ့ကြသည်။

NLD ပါတီ အာဏာရရှိစဉ် တိုင်းရင်းသားအများအရေးဆောင်ရွက်မှုနှင့်ပတ်သက်၍ NLD ပါတီ ထောက်ခံသူများကိုယ်တိုင်က အားမရကြောင်း၊ ဖက်ဒရယ်ပြည်ထောင်စုအပေါ် သဘောထားကို သံသယဝင်စေကြောင်း ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၉ ရက်နေ့ထုတ် ဧရာဝတီသတင်း သူ့အမြင် သူ့အတွေးတွင် ဒေါက်တာသိန်းဝင်းက NLD ကို ချစ်လို့ ပြောတယ်မှတ် ခေါင်းစဉ်ဖြင့် ရေးသားထားသည်ကို တွေ့ရ သည်။ သို့ဖြစ်ရာ NLD ၏ တိုင်းရင်းသားများအပေါ် ထားရှိသည့်သဘောထားသည် သံသယရှိစရာပင် ဖြစ်သည်။

### နိုင်ငံရေးအာဏာရရှိရန် လိုအပ်

နိုင်ငံတည်ဆောက်ရေးအတွက် နိုင်ငံရေး အာဏာရရှိရန် လိုအပ်သကဲ့သို့ ခိုင်မာသော ဖက်ဒရယ်နိုင်ငံတည်ဆောက်ရန်အတွက်မူ အမျိုးသားရင်ကြားစေ့ရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည်လည်း အရေးကြီးလိုအပ်ပါသည်။ သို့သော်လည်း NLD သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးထက် အာဏာရရှိရေး၊ အာဏာချုပ်ကိုင်နိုင်ရေးကိုသာ ဦးတည်လုပ်ဆောင်နေသဖြင့် နိုင်ငံရေးအာဏာရရှိရန် အမျိုးသားရင်ကြားစေ့ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အသုံးချနေခြင်းလောဟု စဉ်းစားစရာပင် ဖြစ်သည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားရင်ကြားစေ့ရေးသည် အပြောသက်သက်ဖြင့် တည်ဆောက်၍ ရကောင်းသည့်အရာမဟုတ်၊ အပြောနှင့်အလုပ် ကိုက်ညီမှသာ တည်ဆောက်၍ ရနိုင်ပါသည်။ ထို့အတူ လက်တွေ့လုပ်ဆောင်သည်ဆိုရာတွင်လည်း စိတ်ရင်းစေတနာမှန်ရန် လိုအပ်ပါသည်။ ဟန်ဆောင်မှု၊ လှည့်စားမှုနှင့် အသုံးချလိုမှုများကင်းမှသာ ရေရှည်ခိုင်မြဲသော ယုံကြည်မှုနှင့် စည်းလုံးမှုကို ရရှိနိုင်ပါသည်။ NLD အစိုးရအနေဖြင့် ၂၀၁၅ ရွေးကောက်ပွဲတွင် အနိုင်ရရှိပြီး အစိုးရဖွဲ့စည်းရာတွင် တိုင်းရင်းသားများကို ရာထူးနေရာပေးခဲ့သည်။ နိုင်ငံတော် ဒုတိယသမ္မတရာထူးအပါအဝင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌခန့်အပ်ခြင်း၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းရင်းသားရေးရာဝန်ကြီးခန့်အပ်မှုတို့မှာ အမျိုးသားရင်ကြားစေ့ရန် ရည်ရွယ်လိုခြင်း၊ တူညီရာဆုံရပ်သို့ လက်တွဲလျှောက်လှမ်းလိုခြင်းထက် ရာထူးပေး၍ ချွေးသိပ်လိုသည့်သဘောဟု ယူဆရပါမည်။ ယင်းသို့ ခန့်အပ်မှုကြောင့် ခန့်အပ်ခံရသည့် တိုင်းရင်းသားများနှင့် ယင်းတို့၏ပါတီများအကြား စိတ်ဝမ်းကွဲခဲ့ကြသည်ကို ကြည့်ခြင်းဖြင့် တိုင်းရင်းသားအရေးအတွက်မဟုတ်ဘဲ ပါတီပုံရိပ်ကောင်းမွန်ရေးဖြစ်ကြောင်း သိမြင်နိုင်ပါသည်။

ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး လိုလားသည်ဆိုပါလျှင် လက်တွေ့အခြေအနေ၌ ဖက်ဒရယ်တည်ဆောက်ရေးဆိုင်ရာ သဘောတူညီမှုများ၊ အာဏာခွဲဝေပေးမှုများ၊ ညှိနှိုင်းဆွေးနွေးမှုများ လုပ်ဆောင်ပေးနိုင်ခဲ့ခြင်း ရှိ/မရှိ ဆိုသည်ကလည်း မေးခွန်းထုတ်စရာပင် ဖြစ်သည်။ NLD အစိုးရ ငါးနှစ်သက်တမ်းအတွင်း တိုင်းရင်းသားများအပေါ်သဘောထားများကြောင့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် တိုင်းရင်းသားပါတီများသည် NLD ပါတီ၏အာဏာချုပ်ကိုင်ထားမှုကို ယှဉ်ပြိုင်နိုင်ရန် တိုင်းရင်းသားပါတီများအချင်းချင်း ပူးပေါင်းလာခဲ့ကြသည်။

*စာမျက်နှာ ၇ သို့*

# အကြမ်းဖက်မှုများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် သတင်းပေးသူနှင့် ဖမ်းဆီးသူများအား ထိုက်တန်စွာဆုချီးမြှင့်မည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ချက်

၁။ အကြမ်းဖက်အုပ်စုများဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)၊ အမျိုးသားညီညွတ်ရေးအစိုးရ(NUG) နှင့် ယင်းက အမည်အမျိုးမျိုးဖြင့် ဖွဲ့စည်းထားသည့် ပြည်သူ့ကာကွယ်ရေးတပ်မတော်(PDF) အဖွဲ့များသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း မပြုနိုင်စေရန်အတွက် အစိုးရ၏ အုပ်ချုပ်ရေး ယန္တရားများ ပျက်ပြားစေရန်၊ ပြည်သူလူထုအား ကြောက်ရွံ့မှုများဖြစ်ပေါ်စေပြီး ၎င်းတို့အား ထောက်ခံလာစေရန် အကြမ်းဖက်တိုက်ခိုက်မှုများကို နေ့စဉ်ကျူးလွန်လျက်ရှိပါသည်။

၂။ အကြမ်းဖက်မှုများသည် ပြည်သူတို့၏ လူမှုဘဝလုံခြုံမှုကို ခြိမ်းခြောက်လျက်ရှိပြီး စိုးရိမ်ကြောက်လန့်မှုများ ဖြစ်ပေါ်စေကာ၊ နိုင်ငံနှင့် လူမျိုးဂုဏ်သိက္ခာနိမ့်ကျစေသည်ဖြစ်၍ ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန် အထူးလိုအပ်ပါသည်။

၃။ အကြမ်းဖက်မှုဆိုသည်မှာ မိမိကိုယ်တိုင် အကြမ်းဖက်တိုက်ခိုက်မှုတွင် မပါဝင်သော်လည်း အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုတို့နှင့်စပ်လျဉ်း၍ အောက်ပါပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ပါက အကြမ်းဖက်မှု ကျူးလွန်ရာရောက်ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူခြင်းခံရမည် ဖြစ်ပါသည်-

(က) အကြမ်းဖက်အုပ်စုတစ်ခုခုတွင်ဖြစ်စေ၊ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရာတွင်ဖြစ်စေ ပါဝင်စေရန် တိုက်တွန်းမှု၊ စည်းရုံးသိမ်းသွင်းမှု၊ ဝါဒဖြန့်မှု၊ စုဆောင်းရန် ပြုလုပ်မှုများ၊

(ခ) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကို ဖမ်းဆီးအရေးယူနိုင်ခြင်း မပြုနိုင်စေရန်၊ လွတ်မြောက်စေရန် ထိမ်ချန်ခြင်း၊ သိလျက်နှင့် ခိုလှုံခွင့်ပေးခြင်း၊ ပုန်းအောင်းခွင့်ပေးခြင်း၊ ယာယီတည်းခိုနေထိုင်ခွင့်ပေးခြင်း၊ ဝှက်ထားခြင်း၊

(ဂ) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကို အဆောက်အအုံနှင့် နေရာတစ်ခုခုကို အသုံးပြုခွင့်၊ စုဝေးခွင့်၊ အစည်းအဝေးပြုလုပ်ခွင့်၊ အကြမ်းဖက်မှုဆိုင်ရာ လေ့ကျင့်သင်တန်းပေးရန်၊ သယ်ယူပို့ဆောင်ရေး စီစဉ်ဆောင်ရွက်ပေးရန် ပြုလုပ်မှုများ၊

(ဃ) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု တစ်ခုခုအတွက် ငွေကြေးထောက်ပံ့ခြင်း၊ ကောက်ခံခြင်း၊ လက်ခံခြင်း၊ ပေးပို့ခြင်း၊ လွှဲပြောင်းခြင်း၊ ယင်းကဲ့သို့ ပြုလုပ်ရန် ညွှန်ကြားခြင်း၊ ပါဝင်ဆောင်ရွက်ခြင်း။

၄။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူခံရပါက အရေးယူခြင်းခံရသူပိုင် ငွေကြေးနှင့် ပစ္စည်းများကို ထိန်းချုပ်သိမ်းဆည်းခြင်းခံရမည်ဖြစ်ပြီး ပြစ်မှုထင်ရှားပါက နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရပါမည်။

၅။ အကြမ်းဖက်မှုများ တိုက်ဖျက်ရာတွင် သတင်းရရှိရေးသည် အလွန်အရေးကြီးပါသဖြင့် ပြည်သူများအနေဖြင့် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုများနှင့် စပ်လျဉ်း၍ သိရှိထားသည့် သတင်းများ၊ အကြမ်းဖက်မှုဖြစ်စေရန် အင်တာနက်၊ ဖေ့စ်ဘုတ်တို့တွင် လုပ်ကြံဖန်တီးထားသော သတင်းမှားများ ထုတ်လွှင့်နေသူများကို သက်ဆိုင်ရာ ရဲစခန်း၊ လုံခြုံရေးအဖွဲ့အစည်းများသို့ သတင်းပေးရန် လိုအပ်ပါသည်။ သတင်းပေးသည့် တာဝန်သိပြည်သူများနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်ပါသည်-

(က) သတင်းပေးသူသည် မိမိ၏ အမည်၊ နေရပ်တို့ကို ဖော်ပြခြင်းမပြုဘဲ သတင်းပေးနိုင်ပါသည်၊

(ခ) သတင်းပေးသူအား အထူးလျှို့ဝှက်ထားမည်ဖြစ်ပြီး စစ်ဆေးမေးမြန်းခြင်း၊ သက်သေခံစေခြင်း လုံးဝပြုလုပ်မည် မဟုတ်ပါ၊

(ဂ) သတင်းပေးသူ၏ လုံခြုံမှု၊ ၎င်းနှင့် ဆက်စပ်ပတ်သက်သူများ၏ လုံခြုံမှုတို့ကို တာဝန်ယူပေးမည် ဖြစ်ပါသည်၊

(ဃ) သတင်းမှန်ကန်မှုနှင့် ဖော်ထုတ်ဖမ်းဆီးရရှိမှုအပေါ် မူတည်၍ သတင်းပေးသူနှင့် ဖမ်းဆီးသူတို့အား ငွေပမာဏ ကန့်သတ်မထားဘဲ ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးမည် ဖြစ်ပါသည်။

၆။ သို့ဖြစ်၍ ပြည်သူလူထုအနေဖြင့် မိမိတို့၏ လူမှုဘဝလုံခြုံမှု အပြည့်အဝရရှိစေရန်နှင့် စိုးရိမ်ကြောက်လန့်မှုများမှ ကင်းဝေးစေရန် မိမိပတ်ဝန်းကျင်၌ အကြမ်းဖက်သမားများ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်များမရှိစေရေး ဝိုင်းဝန်းဖော်ထုတ်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

---

*စာမျက်နှာ ၆ မှ*

သို့သော်လည်း NLD ပါတီသည် ကိုဗစ်-၁၉ ဖြစ်ပွားမှုကို အခွင့်ကောင်းယူ၍ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကျင်းပရန် ၂၂ ရက်အလို အောက်တိုဘာလ ၁၆ ရက်နေ့တွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိခြင်းကြောင့်ဟုဆိုကာ ရခိုင်ပြည်နယ်ရှိ မြို့နယ်ကိုးခုနှင့် ရှမ်းပြည်နယ်ရှိ မြို့နယ်ခြောက်ခုကို ရွေးကောက်ပွဲကျင်းပမည့် မဲဆန္ဒနယ်မြေအဖြစ်မှ ပယ်ဖျက်ကြောင်း ကြေညာခဲ့သဖြင့် တိုင်းရင်းသားများနှင့် NLD ပါတီအကြား မယုံကြည်မှု ပိုမိုမြင့်တက်လာခဲ့ရပြန်သည်။

ယင်းမြို့နယ်များတွင် တိုင်းရင်းသားပါတီများ အနိုင်ရနေသည့်နယ်မြေများ ပါဝင်နေခြင်းကြောင့် NLD ပါတီ၏အာဏာရရှိရေးနှင့် ဖက်ဒရယ်အရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ရင်ကြားစေ့ရေးတို့မှာ ဝိရောဓိအသွင် ဖြစ်လာခဲ့သည်။ ယင်းနှင့်ပတ်သက်၍ “NLD ဟာ ပြန်ပြီးမှ အာဏာရရှိရေးအတွက်ပဲ ကြိုးစားနေတဲ့ပုံစံမျိုးဖြစ်တယ်။ တိုင်းရင်းသားတွေရဲ့ ပြန်လည်သင့်မြတ်ရေး သူတို့အနေနဲ့ ဒါကို ခေါင်းထဲမှာမထားဘူး။ ငြိမ်းချမ်းရေးကိုလည်း ခေါင်းထဲမှာမထားဘူး။ သူထားတာတော့ အခု ၂၀၂၀ ရွေးကောက်ပွဲမှာ အနိုင်ရရှိရေးပဲ ဒါပဲစဉ်းစားတဲ့ပုံစံမျိုးနဲ့ လုပ်နေတယ်လို့ပဲ စွပ်စွဲချင်တယ်။ ဒီဟာတွေက လုံးဝမလုပ်သင့်တဲ့ အလုပ်တွေပဲ” ဟု ကချင်ပြည်နယ် ပြည်သူ့ပါတီ ဒုတိယဥက္ကဋ္ဌ (၁) ကွမ်ဂေါင်အောင်ခမ်းက ပြောကြားခဲ့သည်။ ၎င်းအပြင် ပေါင်းစည်းတိုင်းရင်းသားပါတီ ငါးပါတီ၏ကြေညာချက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ယခုထုတ်ပြန်ချက်သည် ရွေးကောက်ပွဲ ကျင်းပခြင်းမပြုမည့်နယ်မြေများမှ တိုင်းရင်းသားများအား လွှတ်တော်ပြင်ပနိုင်ငံရေးနည်းလမ်းများ ရွေးချယ်လာစေရန် တွန်းပို့ရာရောက်သည်ဟုရှုမြင်ကြောင်း ဖော်ပြခဲ့ကြသည်။

### တိုင်းရင်းသားပါတီများကို ချွေးသိပ်

၂၀၂၀ ရွေးကောက်ပွဲအပြီးတွင် NLD ပါတီသည် တိုင်းရင်းသားပါတီများကို ချွေးသိပ်နိုင်ရန် အမျိုးသားညီညွတ်ရေးအစိုးရဖွဲ့စည်းရေး ကြေညာခဲ့ပြန်သည်။ ဒီမိုကရေစီဖက်ဒရယ်အရေး ပူးပေါင်းဆောင်ရွက်ရန် ပါတီ ၄၈ ခုသို့ ဖိတ်ကြားစာများပေးပို့ခဲ့သော်လည်း NLD အနေဖြင့် ပုဒ်မ ၂၆၁ ပြင်ဆင်ရန်မရှိသေးဟု ပြောဆိုခဲ့ရာ ယခင်နည်းအတိုင်းပင် လက်ဝေခံရာထူးပေး၍ ချွေးသိပ်လိုသည့် ခြေလှမ်းပင်ဖြစ်သည်။ NLD အစိုးရ ငါးနှစ်သက်တမ်းအတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့်ပတ်သက်၍ ယင်းတို့ပါတီ၏ မူဝါဒနှင့် ပြောဆိုမှုများ မည်သို့ပင်ရှိစေကာမူ လက်တွေ့တွင်မူ တိုင်းရင်းသားအရေး လုပ်ဆောင်ရာ၌ ထိပ်တိုက်ရင်ဆိုင်ရမှုများ၊ ရင်ကြားမစေ့နိုင်မှု ရလဒ်များသာ ရရှိခဲ့သည်။

ယခုအခါတွင် NLD ပါတီမှပေါက်ပွားလာသည့် NUG သည် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို အသုံးချရန် တစ်ဖန်ကြိုးပမ်းလာသည်ကို တွေ့ရပါသည်။ ဩဂုတ်လ ၂၂ ရက်နေ့က ကျရောက်သည့် (၇၄) နှစ်မြောက် မွန်အမျိုးသားတော်လှန်ရေးနေ့သို့ NUG က သဝဏ်လွှာပေးပို့ရာတွင် စစ်အာဏာရှင်စနစ်ဖျက်သိမ်းနိုင်သည်အထိ မွန်ပြည်သူများနှင့် တိုင်းရင်းသားလူမျိုးအားလုံး ပူးပေါင်းပြီး ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံပေါ်ထွန်းရေးနှင့် ဖက်ဒရယ်တပ်မတော်ပေါ်ပေါက်ရေးအတွက် ဝိုင်းဝန်းကြိုးစားရမည်ဖြစ်ကြောင်း ယနေ့ကျရောက်သည့် မွန်အမျိုးသားတော်လှန်ရေးနေ့တွင် တိုက်တွန်းလိုက်သည်ဟု ဖော်ပြထားသည်။

NUG ၏ တိုက်တွန်းချက်သည် တိုင်းရင်းသားများအပေါ် စစ်မှန်သောစေတနာ ဟုတ်/မဟုတ်၊ ယခင်ကကဲ့သို့ တိုင်းရင်းသားများအပေါ် အသုံးချလိုသည့် ပရိယာယ် ဟုတ်/မဟုတ် ဆိုသည်မှာ စဉ်းစားစရာပင်ဖြစ်သည်။ တိုင်းရင်းသားများအပေါ် ထားရှိသည့် NLD လက်ထက်မှအတွေ့အကြုံသည် ပူပူနွေးနွေး ရှိနေဆဲဆိုသည်ကို သင်ခန်းစာယူကြရပါလိမ့်မည်။

### NCA လမ်းကြောင်းရှိနေဆဲ

သို့ဖြစ်ရာ NLD အစိုးရလက်ထက်က ကျဆင်းသွားခဲ့သော အမျိုးသားရင်ကြားစေ့ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပြန်လည်တည်ဆောက်ရန် လိုအပ်ပါသည်။ ယင်းသို့ပြန်လည်တည်ဆောက်ရန်အတွက် NCA လမ်းကြောင်းရှိနေဆဲဆိုသည်ကို သတိပြုကြရပါမည်။ အကြမ်းဖက်မှုများဖြင့် အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးကို မတည်ဆောက်နိုင်သည့်အပြင် ထပ်မံ၍သာ အကြမ်းဖက်မှုများ၊ ပဋိပက္ခများနှင့် စည်းလုံးမှုပြိုကွဲခြင်းများ ဖြစ်လာပါလိမ့်မည်။

ထို့အပြင် လက်ရှိဖြစ်ပွားနေသည့် အကျပ်အတည်းများကိုလည်း ပိုမိုဆိုးရွားစေနိုင်သည်ကို သတိပြုကြရပါလိမ့်မည်။ ယနေ့ မြန်မာနိုင်ငံအသွင်ကူးပြောင်းရေးသည် အီရတ်နိုင်ငံကဲ့သို့ အစိုးရတစ်ရပ်ပြောင်းလဲရုံဖြင့် အသွင်ကူးပြောင်းရေး အောင်မြင်နိုင်မည်မဟုတ်ချေ။ အမျိုးသားရင်ကြားစေ့ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအပါအဝင် ဖက်ဒရယ်နှင့် ဒီမိုကရေစီနိုင်ငံတည်ဆောက်ရန် လိုအပ်သည့်အခြေအနေများကို လက်တွေ့တည်ဆောက်မှသာ အောင်မြင်သောအသွင်ကူးပြောင်းရေးကို မျှော်မှန်းနိုင်ပေလိမ့်မည်။ ။


**ကိုးကား**

၁။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်

၂။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရွေးကောက်ပွဲ ကြေညာစာတမ်း ၂၀၁၅ ခုနှစ်

၃။ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး မှတ်တမ်း (တတိယတွဲ)

၄။ https:// news-eleven.com/ article/ 195741

၅။ https://www.burmalibrary.org/en/ message-from-the-national-unity-government sent-to-the-74th-mon-revolution-day-on-22-august 2021? __cf_chl_jschl_tk__= pmd_bEb Xw3C z3U.c5k2C1LKml2XO odZHZ990L Gt5Pj6ihAg-1629894780-0-gqNt ZGzNAl CjcnBszQdl

၆။ https:// burma. irrawaddy. com/ opinion/ viewpoint/ 2020/11/09/ 233082.html

၇။ https://ispmyanmarpeacedesk.com/ article/2020-election/

၈။ https://www.myanmar-now.org/mm/ news/3319


---

## ပရဟိတအဖွဲ့အစည်းများအား ကျန်းမာရေးသုံးပစ္စည်းများ ထောက်ပံ့

**ကျိုက်ထို ဩဂုတ် ၂၉** - မွန်ပြည်နယ် လူမှုဝန်ထမ်း ဦးစီးဌာနမှ ကျန်းမာရေးသုံးပစ္စည်း ငါးမျိုးကို ကျိုက်ထိုမြို့နယ် ပရဟိတအဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်းများထံသို့ ထောက်ပံ့ပေးအပ်ပွဲကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းစိုးနှင့် အဖွဲ့ဝင်များက ကျိုက်ထို လူမှုကူညီရေးအသင်း၊ လိုရာဖြည့် လူမှုကူညီရေးအသင်း၊ ဖက္ကလိပ်လူမှုကူညီရေးအသင်း၊ ကင်မွန်းချောင်း လူမှုကူညီရေးအသင်း၊ စစ်တောင်းလူမှုကူညီရေးအသင်းနှင့် အောင်ချမ်းသာ လူမှုကူညီရေးအသင်းတို့အား ရောဂါကာကွယ်ရေး ဝတ်စုံ ၃၀၀၊ N 95 နှာခေါင်းစည်း ၁၅၀၊ အမှိုက်ထည့် အိတ် ၃၀၀၊ ဖိနပ်အစွပ်အစုံ ၅၀၊ ပိုးသတ်ဆေးဖျန်းစက် သုံးလုံး တို့ကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# ကျိုင်းတုံနှင့် တာချီလိတ်ခရိုင်အတွင်း ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**ကျိုင်းတုံ ဩဂုတ် ၂၉**

ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာကျော်ထွန်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွန်း၊ ပြည်နယ် ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဩဂုတ် ၂၈ ရက်က ကျိုင်းတုံပြည်သူ့ဆေးရုံကြီးတွင် ရှမ်းပြည်နယ်အရှေ့ပိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ အစီအစဉ်ဖြင့် အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များ ပါဝင်လှူဒါန်းပြီး ဝယ်ယူ တည်ဆောက်သည့် အောက်ဆီဂျင်စက်ရုံ လည်ပတ်မှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ကျိုင်းတုံပြည်သူ့ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက စက်ရုံလည်ပတ်နေမှု၊ ထုတ်လုပ်ပုံ အဆင့်ဆင့်နှင့် ဖြန့်ဖြူးပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကျိုင်းတုံပြည်သူ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေသော ကျန်းမာရေး ဝန်ထမ်းများနှင့် အမှတ်(၃) တပ်မတော်ဆေးရုံ ခုတင် ၃၀၀ တွင် တာဝန်ထမ်းဆောင်နေသော ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်ပြီး ကျိုင်းတုံခရိုင်နှင့် တာချီလိတ်ခရိုင်အတွင်းရှိ ဒေသခံ တိုင်းရင်းသားများအား ပန်းခင်းစီမံချက်များဖြင့် ပြုလုပ်သော အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို မြို့နယ်စည်ပင်သာယာခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူတိုင်း ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်၍ ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်မှုအရ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်း




လုပ်ငန်းကို ၂၀၂၁ ခုနှစ် မေ ၃ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်အထိ ၁၈ လကြာ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒေသခံတိုင်းရင်းသားများအား အိမ်ထောင်စုလူဦးရေစာရင်း ၁၇၈ စောင်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၉၆၆ ကတ် ပေးအပ်ခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ စဉ်ဆက်မပြတ် တင်သွင်းနိုင်ရေးအတွက် ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လိုအပ်သည့် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်ခတ်ငွေ့၊ အိမ်သုံးအောက်ဆီဂျင်စက်၊ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများကို အများပြည်သူ အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ကြေညာထားသည့် ဩဂုတ် ၂၃ ရက်မှ ၃၁ ရက်အတွင်း၌လည်း လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ စဉ်ဆက်မပြတ် တင်သွင်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းများနှင့် မူဆယ်၊ ချင်းရွှေဟော်၊ လွယ်ဂျယ်၊ မြဝတီကုန်သွယ်ရေးစခန်း လေးခုတို့မှတင်သွင်းရာ၌ ကုမ္ပဏီ ၁၂ ခုမှ ယာဉ်စီးရေ ၁၉ စီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ်နှစ်စီးဖြင့် ၃၉ တန်၊ အောက်ဆီဂျင် (အရည်) အိုးဖြင့် ၀ ဒသမ ၂၅ တန်၊ အောက်ဆီဂျင်(အရည်) Storage Container နှစ်ခု ၊ အောက်ဆီဂျင် (အိုးခွံ) ၁၈၀ ခု၊ အိမ်သုံး Oxygen Concentrator ၁၂၁၅ ခု၊ Test Kit ၂၅၀၀၊ PPE ဝတ်စုံ ၄၂၀၀ နှင့် နှာခေါင်းစည်း






(Mask) ၁၆ တန်တင်သွင်းခဲ့သည်။ အောက်ဆီဂျင်အရည် (Bowser) ယာဉ်နှစ်စီးမှာ ရန်ကုန်မြို့သို့ တစ်စီးနှင့် မော်လမြိုင်မြို့သို့ တစ်စီးဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို ပြည်ပမှ တင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်အောင်မြို့ လွန်ဆေးမြိုင်ပန်းခြံအနီး ကမ်းထိန်းနံရံ အလျား ၁၀ ပေခန့် နိမ့်ကျမှုဖြစ်ပေါ်

**မြန်အောင် ဩဂုတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ လွန်ဆေးမြိုင်ပန်းခြံအနီး မြစ်ကမ်းထိန်းဆောင်ရွက်ထားသော ကမ်းထိန်းနံရံမှာ ယနေ့ညနေက အလျား ၁၀ ပေခန့် နိမ့်ကျမှုဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ နိမ့်ကျမှုဖြစ်ပေါ်လျက်ရှိသောနေရာအား ကမ်းပြိုမှုဆက်လက်မဖြစ်စေရန် အချိန်မီ ပြုပြင်မှုများဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဟင်္သာတခရိုင် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဝင်း က ပြောကြားသည်။

ဧရာဝတီမြစ်ရေသည် မြန်အောင်မြို့၏စိုးရိမ်ရေမှတ်မှာ ၆၇ ဒသမ ၀၀ ပေဖြစ်ပြီး ယနေ့ မွန်းတည့် ၁၂ နာရီ ရေမှတ်မှာ ၆၅ ဒသမ ၇၀ ပေဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

မြန်အောင်တာမိုင် ၆/၇ နှင့် ၇/၀ အတွင်း လွန်ဆေးမြိုင်ပန်းခြံ မြစ်ကမ်းထိန်းလုပ်ငန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် Geotextile ကပ်နံရံနှင့် ရေထဲပိုင်း Geo-Bag ချခြင်း အလျား ပေ ၃၂၀ တည်ဆောက်ခြင်းလုပ်ငန်းကို မြတ်ဘုန်းယံကုမ္ပဏီက ကျပ်သန်း ၁၉၃ ဒသမ ၂၀ ဖြင့် တင်ဒါအောင်မြင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝင်းဗိုလ် (မြန်အောင်)**



# ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေသည့်ကာလအတွင်း ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၉**

တိုင်းစစ်ဌာန ချုပ်နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် ဒေသတွင်းစိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံးကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။



ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းနှင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းတို့ ကျိုင်းတုံမြို့ တိုင်းစစ်ဌာနချုပ်ရှိ စိုက်ပျိုးမွေးမြူရေးခြံများအား ကြည့်ရှုစစ်ဆေးစဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်း၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်ရင်းများ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ရေကြည်မြို့နယ်အတွင်းရှိ ပေါ်ဆန်းဘေးကြားစိုက်တောင်သူများနှင့် တွေ့ဆုံ

**ရေကြည် ဩဂုတ် ၂၉**

ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ရဲတိုင်းတပ်ဖွဲ့မှူး ရဲမှူးကြီး တင်ဇော်ထွန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်ထွန်းအောင်၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးစိန်မောင်မြင့်၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းစိုး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးလှမျိုးနွယ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ကံညွန့်၊ မြို့မရဲစခန်းမှူး ဒုရဲမှူး ဌေးခိုင်တို့နှင့်အတူ ဩဂုတ် ၂၇ ရက်က ရေကြည်မြို့နယ် နွားရေတိုက်ကျေးရွာ ရတနာသုခ ကျောင်းတိုက်အတွင်းရှိ သာသနာ့ဗိမာန်တွင် ပေါ်ဆန်းဘေးကြားစိုက် တောင်သူများနှင့် တွေ့ဆုံကာ ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ ထောက်ပံ့လှူဒါန်းသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က နွားရေတိုက်ကျေးရွာအုပ်စုရှိ ပေါ်ဆန်းဘေးကြားစိုက် တောင်သူများနှင့် တွေ့ဆုံရာတွင် ရေကြည်ပေါ်ဆန်း၊ နွားရေတိုက်ပေါ်ဆန်းသည် အရည်အသွေးမီပြီး စားသုံးရာ၌ အဆင်ပြေကြောင်း၊ ထုတ်လုပ်သူများအနေဖြင့် အားနည်းချက်များရှိသည်ကို တွေ့ရှိရကြောင်း၊ ရွှေဘိုပေါ်ဆန်းကဲ့သို့ ဈေးကောင်းရရန် စီစဉ်ပေးမည်ဖြစ်ကြောင်းနှင့် တောင်သူများအတွက် ဓာတ်မြေဩဇာနှင့် ပတ်သက်သည်များ ထည့်သွင်းပြောကြားသည်။

ထို့နောက် နွားရေတိုက်ကျေးရွာအုပ်စု တောင်သူ ဦးအေးချိုက ပေါ်ဆန်းစပါး စိုက်ပျိုးရာတွင် တောင်သူများအတွက် အဓိက လိုအပ်ချက်များကို တင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးစိန်မောင်မြင့်အား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နွားရေတိုက်ကျေးရွာအုပ်စုမှ တက်ရောက်လာသည့် ပေါ်ဆန်းစပါးစိုက် တောင်သူ ၃၅ ဦးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရန် နှာခေါင်းစည်းများ ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**ဆန်းတင့်**
**(ရေကြည်)**

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၉-၈-၂၀၂၁)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Price in Kyats (Retail) | Company Name |
|---|---|---|---|
| Antiviral | | | |
| 1 | P.O Favipiravir 400 mg | 50000 | AA Medical |
| 2 | Injection – Remdesivir | 70000 | GHI |
| Anti thrombosis | | | |
| 3 | Injection Enoxaprim 40 mg | 7000 | Nyi Lay Naing |
| 4 | Injection Enoxaprim 60 mg | 9000 | Nyi Lay Naing |
| Symptomatic | | | |
| 5 | P.O Paracetamol 500 mg | 1500 | AA Medical |
| 6 | P.O Dextromethophan | 1450 | AA Medical |
| 7 | P.O Bromhexine | 1000 | Medi Myanmar |
| 8 | P.O Cetrizine | 2200 | AA Medical |
| Supportive | | | |
| 9 | P.O Multivitamin with/ without zinc | 5600 | OLIVE |
| 10 | P.O Vitamin C | 700 | Pai Brother |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဩဂုတ် ၂၉**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပြင်ဦးလွင်မြို့တွင် ၂ ဒသမ ၀၂ လက်မ၊ လှိုင်းဘွဲ့မြို့နှင့် ကမမောင်းမြို့တို့တွင် ၁ ဒသမ ၉၇ လက်မစီ ဗန်းမော်မြို့တွင် ၁ ဒသမ ၈၁ လက်မ၊ သိမ်ဖြူမြို့တွင် ၁ ဒသမ ၇၇ လက်မ၊ သပိတ်ကျင်းမြို့တွင် ၁ ဒသမ ၇၄ လက်မနှင့် တကောင်းမြို့တွင် ၁ ဒသမ ၆၄ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၉**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၂၈ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် နန်းတော်စစ်ဆေးရေးဂိတ်မှ အမျိုးသား ၁၉၂ ဦး၊ အမျိုးသမီး ၁၆၆ ဦး စုစုပေါင်း ၃၅၈ ဦးကိုလည်းကောင်း၊ ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားမှ အမျိုးသား ၁၆၄ ဦး၊ အမျိုးသမီး ၈၉ ဦး စုစုပေါင်း ၂၅၃ ဦးကိုလည်းကောင်း၊ ကရင်ပြည်နယ် မြဝတီမြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားမှ အမျိုးသား ၁၁၄ ဦး၊ အမျိုးသမီး ၈၉ ဦး၊ စုစုပေါင်း ၂၀၃ ဦးကိုလည်းကောင်း အသီးသီးလက်ခံခဲ့သည်။



ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကမ္ဘာကြီးမှာ ဗီဇပြောင်းပိုးတွေက သူ့ထက်သူ လူစွမ်းကောင်းတွေ ထွက်ပေါ်နေပါတယ်။ ကာကွယ်ဆေးထိုးနှံသူများလာလေလေ ဗီဇပြောင်းပိုးတွေဖြစ်ပေါ်မှု အန္တရာယ်နည်းလေလေ ဖြစ်ပါတယ်

ဒေါက်တာခင်ခင်ကြီး

## ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်

### ထက်လျှံ

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဩဂုတ် ၂၈ ရက် ည စနာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိ ကောင်းစရာ အစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

အစီအစဉ်မှူး ။ ။ နိုင်ငံတစ်ဝန်း ကိုဗစ် – ၁၉ တတိယလှိုင်း ဖြစ်ပွားနေတာနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဌာန ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးနဲ့ တွေ့ဆုံမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လက်ရှိမြန်မာနိုင်ငံရဲ့ ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေကို ပြောကြားပေးပါဦး။



**ဒေါက်တာခင်ခင်ကြီး** ။ ။ လက်ရှိ မြန်မာနိုင်ငံမှာ ကိုဗစ်ရောဂါ ဖြစ်ပွားမှုအခြေအနေကို ခြုံငုံကြည့်မယ်ဆိုရင် လျော့လာတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါက ဝမ်းသာစရာကောင်းတဲ့ အခြေအနေ ဖြစ်ပါတယ်။ သို့သော် တချို့တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ကူးစက်ပြန့်ပွားမှုများနေဆဲဖြစ်ပြီး ထိန်းချုပ်ဖို့လိုအပ်နေတယ်ဆိုတာကို တွေ့ရပါတယ်။

ဒါကြောင့် ထိန်းချုပ်ဖို့လိုအပ်တဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ရှိ မြို့နယ်တွေကို Stay at Home အဖြစ် သတ်မှတ်ထားရှိပါတယ်။ ဩဂုတ်လ ၂၅ ရက်အထိ Stay at Home မြို့နယ် ၁၁၉ မြို့နယ် ရှိပါတယ်။ လက်ရှိမြန်မာနိုင်ငံမှာ ရင်ဆိုင်နေရတာက ကိုဗစ်– ၁၉ ရောဂါ တတိယလှိုင်းဖြစ်ပါတယ်။ ဒီအချိန်မှာ တချို့နိုင်ငံတွေက စတုတ္ထလှိုင်းနဲ့ ရင်ဆိုင်နေရပါတယ်။

စတုတ္ထလှိုင်းနဲ့ ရင်ဆိုင်နေရတဲ့ နိုင်ငံတွေက ကနေဒါ၊ ဆွစ်ဇာလန်၊ ပြင်သစ်၊ ဂျာမနီ၊ တောင်အာဖရိက၊ အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံတွေ ဖြစ်ပါတယ်။ တောင်အာဖရိကနိုင်ငံအနေနဲ့ ကိုဗစ် စတုတ္ထလှိုင်းကို အစောဆုံးခံစားရတာဖြစ်ပါတယ်။ ဒါ့အပြင် အမေရိကန်နိုင်ငံရှိ ပြည်နယ်တချို့နဲ့ အာရှတိုက်မှာရှိတဲ့ ဂျပန်နိုင်ငံနဲ့ ဟောင်ကောင်တို့လည်း ကိုဗစ်စတုတ္ထလှိုင်းကို ခံစားနေရတာ ဖြစ်ပါတယ်။ ကိုဗစ်ရောဂါတတိယလှိုင်း ခံစားနေရတဲ့ နိုင်ငံတွေက ပါကစ္စတန်နဲ့ အရှေ့တောင်အာရှ နိုင်ငံအတော်များများ ဖြစ်ပါတယ်။ ယခုရောဂါ ဖြစ်ပွားမှုကို အတော်ထိန်းချုပ်နိုင်ပြီဖြစ်တဲ့ အိန္ဒိယနိုင်ငံအနေနဲ့ ကိုဗစ်ရောဂါ ဒုတိယလှိုင်းကို ခံစားနေရတာ ဖြစ်ပါတယ်။

ဒီလို 'လှိုင်း' ဆိုတာ အမည်သညာခေါ်ဝေါ်တာဖြစ်ပါတယ်။ အဓိက မြန်မာနိုင်ငံအနေနဲ့ ပထမလှိုင်း၊ ဒုတိယလှိုင်းနဲ့ တတိယလှိုင်းတွေဖြစ်ပွားမှုက အခြားနိုင်ငံတွေထက်စာရင် နောက်ကျပြီးမှ ရောဂါဖြစ်ပွားမှုတွေ ဖြစ်တယ်ဆိုတာကို သိစေချင်တာ ဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ် မတ်လမှာ တခြားနိုင်ငံတွေက ကိုဗစ်ရောဂါ တတိယလှိုင်းကူးစက်မှုတွေ ဖြစ်နေပြီး ဗီဇပြောင်းပိုးတွေလည်း ထွက်ပေါ်နေပြီ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကိုဗစ်ရောဂါ ဒုတိယလှိုင်းဖြစ်တဲ့အချိန်မှာ နဂို ကိုဗစ်– ၁၉ ဗီဇပြောင်းမှုရင်းပိုးကနေ ဗီဇပြောင်းသွားတဲ့အတွက် 614 G ဆိုပြီး ဖြစ်သွားပါတယ်။ ဒါကလည်း ကူးစက်မှုတွေ အလွန်မြန်ပါတယ်။

မြန်မာနိုင်ငံရဲ့ တတိယလှိုင်းနဲ့ တချို့နိုင်ငံတွေရဲ့ စတုတ္ထလှိုင်းမှာ အဓိက ရောဂါကူးစက်ဖြစ်ပွားမှုတွေ ခံစားနေရတာက 'အယ်လ်ဖာ'၊ 'ဗီတာ'၊ 'ဂါမာ'နဲ့ 'ဒယ်လ်တာ' ဆိုတဲ့ ဗီဇပြောင်းပိုးတွေကြောင့် ဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေမှာ ဗီဇပြောင်းပိုးကူးစက်ဖြစ်ပွားမှုက ၂၀၂၁ ခုနှစ် မတ်လအကုန်နဲ့ ဧပြီလဆန်းမှာ အလွန်ဆိုးရွားလာပါတယ်။

မြန်မာနိုင်ငံအနေနဲ့ မေလမှာ ချင်းပြည်နယ်ကနေ စစ်ကိုင်းတိုင်းဒေသကြီးကို ကူးစက်ပျံ့နှံ့ရောက်ရှိတယ်လို့ သုံးသပ်ရပါတယ်။ ချင်းပြည်နယ် တွန်းဇံမြို့နယ် ကျီခါးမြို့မှာ မေလ ၂၇ ရက်က ရောဂါပိုးတွေ့ရှိတယ်လို့ အတည်ပြုပါတယ်။ ရောဂါပိုးတွေ့ရှိတဲ့နေရာနဲ့ လမ်းပန်းဆက်သွယ်နေတဲ့ စစ်ကိုင်းတိုင်းဒေသကြီး ကလေးနဲ့ တမူးမြို့တို့ကို ရောက်ရှိသွားပါတယ်။ မြန်မာနိုင်ငံမှာ တတိယလှိုင်းအစက ဒီလိုပုံစံနဲ့စတင်လာတာ ဖြစ်ပါတယ်။ ဇွန်လဆန်းမှာ ကလေးမြို့မှာရှိတဲ့ ပိုးတွေ့လူနာက မန္တလေးမြို့ကို လာရောက်ပြီး ဆေးကုတာကနေ မန္တလေးတိုင်းဒေသကြီးမှာ ရောဂါကူးစက်မှုနှုန်း မြင့်တက်လာတာကို တွေ့ရပါတယ်။ 'လှိုင်း'ရဲ့ သံသရာကို ဒီလိုပုံစံတွေ့ရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ရောဂါကူးစက်မှုတွေ များလာတဲ့အတွက် ဇွန်လအကုန်ပိုင်းမှာ မျိုးရိုးဗီဇ စစ်ဆေးမှုပြုလုပ်ခဲ့ပါတယ်။ ဒီလိုရောဂါကူးစက်မှုတွေ များလာခြင်းက ဗီဇပြောင်းပိုးတွေကြောင့် ဟုတ်/မဟုတ်ကို ခွဲတ်ခွဲနမူနာ ၂၀ အခြေခံပြီး စစ်ဆေးတဲ့အခါ 'အယ်လ်ဖာ' ဗီဇပြောင်းပိုးရှိသူ လေးဦး၊ 'ဗီတာ' ဗီဇပြောင်းပိုးရှိသူ လေးဦးနဲ့ 'ဒယ်လ်တာ' ဗီဇပြောင်းပိုးရှိသူ ခုနစ်ဦး တွေ့ရှိရပါတယ်။ ဒါ့အပြင် သတိထားရမယ့် Variant of Interest ဗီဇပြောင်းပိုးတစ်မျိုးဖြစ်တဲ့ 'ကပ်ပါ' ဗီဇပြောင်းပိုးရှိသူလေးဦး တွေ့ရှိရပါတယ်။

ဒါတွေအပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိထားစောင့်ကြည့်ရမယ့် အန္တရာယ်ရှိနိုင်တဲ့ ဗီဇပြောင်းပိုး (Alert) ၁၁ မျိုးရှိပါတယ်။ ဒါက နဂို Variant of Interest (VOI) ခုနစ်မျိုးထဲကနေ လျော့သွားတဲ့ သုံးမျိုးအပြင် တခြားဟာတွေ ပါဝင်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က သတိထားစောင့်ကြည့်ရမယ့် အန္တရာယ်ရှိနိုင်တဲ့ ဗီဇပြောင်းပိုး ၁၁ မျိုးထဲက B.1.466.2 ဆိုတဲ့ ဗီဇပြောင်းပိုးတွေ့ရှိသူတစ်ဦးရှိပါတယ်။ ဒါကြောင့် ခွဲတ်ခွဲနမူနာ ၂၀ အခြေခံပြီး စစ်ဆေးတဲ့ အခါ 'အယ်လ်ဖာ'၊ 'ဗီတာ'၊ 'ဒယ်လ်တာ'၊ 'ကပ်ပါ'နဲ့ B.1.466.2 ဆိုတဲ့ ဗီဇပြောင်းပိုးတွေ့ရှိသူ ၂၀ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာတွေ့ရတဲ့ ဗီဇပြောင်းပိုးတွေရဲ့ မူရင်းဒေသတွေက 'အယ်လ်ဖာ'ကို ယူကေနိုင်ငံ၊ 'ဗီတာ'ကို တောင်အာဖရိကနိုင်ငံ၊ 'ဒယ်လ်တာ' နဲ့ 'ကပ်ပါ'ကို အိန္ဒိယနိုင်ငံတို့မှာ စတင်တာဖြစ်ပါတယ်။ ဒီလိုဗီဇပြောင်းပိုးတွေ့ရှိရတာနဲ့ တစ်ပြိုင်တည်း မိမိတို့အနေနဲ့ ဂရုစိုက်နေထိုင်ရမယ်ဆိုတာကို သိစေချင်ပါတယ်။ ဗီဇပြောင်းပိုးရှိတယ်လို့ မသိရခင်မေလ ၂၇ရက်မှာရောဂါပိုးစတွေ့ပြီဆိုတာနဲ့ လိုအပ်တဲ့ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေကို အသေအချာ အားဖြည့်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့ကြားကနေ အိန္ဒိယဗီဇပြောင်းပိုးက နယ်စပ်ဒေသကနေ မြန်မာတစ်နိုင်ငံလုံးကို ပျံ့နှံ့ရောက်ရှိသွားတယ်လို့ ယူဆရပါတယ်။

ကျွန်မတို့အနေနဲ့ သေသေချာချာ မထိန်းချုပ်နိုင်ဘူးလားဆိုတော့ မဟုတ်ပါဘူး။ လက်ရှိမှာ ဗီဇပြောင်းပိုးတွေက ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတော်တော်များများကို ပျံ့နှံ့ရောက်ရှိနေပြီ ဖြစ်ပါတယ်။ တစ်နေ့တခြား ထိန်းချုပ်နိုင်လို့သာ ဒီလောက်အခြေအနေကို ရောက်ရှိတာဖြစ်ပါတယ်။ WHO ရဲ့ ထုတ်ပြန်ချက်အရ 'အယ်လ်ဖာ' နဲ့ 'ဒယ်လ်တာ' ဗီဇပြောင်းပိုးတွေက ကူးစက်မှုတွေပြင်းထန်တယ်၊ မြန်ဆန်တယ်။ ရောဂါဖြစ်ပွားမှုအနေနဲ့ ဆေးရုံတက်ရောက်ရမှုတွေ၊ သေဆုံးမှုတွေနဲ့ ဆက်စပ်မှုရှိတယ်ဆိုတာ တွေ့ရပါတယ်။ ဒါကြောင့် တတိယလှိုင်းမှာ ကူးစက်မှုတွေ၊ ပျံ့နှံ့ဖြစ်ပွားမှုတွေ များတယ်လို့ သုံးသပ်ရပါတယ်။

ဒုတိယလှိုင်းနဲ့ တတိယလှိုင်းကို ယှဉ်ကြည့်မယ်ဆိုရင် ဒုတိယလှိုင်းမှာ D 614 G ဗီဇပြောင်းပိုးရဲ့ ကူးစက်မှုအနေနဲ့ တစ်နေ့ကို အတည်ပြုလူနာ ၅၀၃ ဦးနဲ့ သေဆုံးလူနာ ၁၁ ဦး ပျမ်းမျှရှိပါတယ်။ သေဆုံးမှုနှုန်းအနေနဲ့ ၂ ဒသမ ၂ ရှိပါတယ်။ ကမ္ဘာပေါ်မှာ 'ဒယ်လ်တာ'နဲ့ 'အယ်လ်ဖာ' ဒီလို ဗီဇပြောင်းပိုးတွေရဲ့ ဖြစ်ပွားကူးစက်မှုနှုန်းနဲ့ သေဆုံးမှုတွေ များလာတဲ့အခြေအနေမှာ မြန်မာနိုင်ငံအနေနဲ့ မိမိမှာရှိတဲ့အင်အားနဲ့ အကောင်းဆုံး တားဆီးကာကွယ်နေတဲ့ကြားကနေ ကူးစက်ခံခဲ့ရပါ တယ်။ ဒီလိုကူးစက်ခံရတဲ့အတွက် တစ်နေ့ကို ကိုဗစ်အတည်ပြုလူနာ ပျမ်းမျှ ၂၆၂၂ ဦး ဖြစ်ပါတယ်။ နဂိုထက် ၅ ဆကျော် ပျမ်းမျှလူနာတွေ့ရတာ ဖြစ်ပါတယ်။

သေဆုံးတဲ့လူနာက ပျမ်းမျှအားဖြင့် ၁၂၇ ယောက်နှုန်းရှိတဲ့အတွက် တတိယလှိုင်းသီးသန့်တွက်မယ်ဆိုရင် သေဆုံးမှုက ၄ ဒသမ ၈ ရာခိုင်နှုန်းရှိတယ်ဆိုတာ တွေ့ရပါတယ်။ ဒါကြောင့် သတိထားစေချင်ပါတယ်။

အစီအစဉ်မှူး ။ ။ အခု တတိယလှိုင်း ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီလားဆိုတာကို ပြောကြားပေးပါဦး။

စာမျက်နှာ ၁၂ သို့

❖ **မြန်မာနိုင်ငံအနေနဲ့ ရောဂါကူးစက်မှုတွေ များလာတဲ့အတွက် ဇွန်လအကုန်ပိုင်းမှာ မျိုးရိုးဗီဇစစ်ဆေးမှုပြုလုပ်ခဲ့ပါတယ်။ ဒီလိုရောဂါ ကူးစက်မှုတွေများလာခြင်းက ဗီဇပြောင်းပိုးတွေကြောင့် ဟုတ်/မဟုတ်ကို ခွဲတ်ခွဲနမူနာ ၂၀ အခြေခံပြီး စစ်ဆေးတဲ့အခါ 'အယ်လ်ဖာ' ဗီဇပြောင်းပိုးရှိသူ လေးဦး၊ 'ဗီတာ' ဗီဇပြောင်းပိုးရှိသူ လေးဦးနဲ့ 'ဒယ်လ်တာ' ဗီဇပြောင်းပိုးရှိသူ ခုနစ်ဦး တွေ့ရှိရပါတယ်။ ဒါ့အပြင် သတိထားရမယ့် Variant of Interest ဗီဇပြောင်းပိုးတစ်မျိုးဖြစ်တဲ့ 'ကပ်ပါ' ဗီဇပြောင်းပိုးရှိသူလေးဦး တွေ့ရှိရပါတယ်**



ယင်းမာပင်ခရိုင် ကနီမြို့နယ် JIP အစီအစဉ်ဖြင့် ဆောင်ရွက်သည့် လာပို့-စိုင်တဲ-ပွင့်ကားလမ်းပေါ်ရှိ သစ်ခေါက်တံတား။



မုံရွာခရိုင် မုံရွာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ (Pilot Project) အဖြစ် ဆောင်ရွက်သည့် မုံရွာ-အမြင့်လမ်း။

❑ *ရွှေဖုံးမှ*

### အဆင့်မြှင့်တင်ဆောင်ရွက်နေ

ကျေးလက်နှင့် မြို့ပြလူနေမှုဘဝ ကွာဟမှုနည်းပြီး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်လမ်းများကို အဆင့်မြှင့်တင်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီးရှိ ကျေးလက်ဒေသများအတွင်း ကွန်ကရစ်လမ်း ၇၅/၁ ဒသမ ၃၄ မိုင်၊ ကတ္တရာလမ်း ၂၉၆/၀ ဒသမ ၅၉ မိုင်၊ ကျောက်လမ်း ၁၁၈၀/၇ ဒသမ ၈၂ မိုင်၊ အမာခံလမ်း ၉၂၉/၀ ဒသမ ၈ မိုင်၊ မြေသားလမ်း ၅၂၂၆/၇ ဒသမ ၀၅ မိုင်၊ ကျေးလက်လမ်းမိုင် စုစုပေါင်း (၇၇၀၈/၁ ဒသမ ၆၀ မိုင်ကို စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ယခုအခါ အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် ဌာနစတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ ကွန်ကရစ်လမ်း ၆၉/ ၇ ဒသမ ၄ မိုင်၊ ကတ္တရာလမ်း ၂၂၃/၅ ဒသမ ၅၅ မိုင် ၊ ကျောက်လမ်း ၃၆၀/၃ ဒသမ ၀၉ မိုင်၊ ဂျင်းလမ်း ၃၃၆/၅ ဒသမ ၀၅ မိုင်၊ မြေသားလမ်း ၁၀၅၀/၄ ဒသမ ၈၅ မိုင် စုစုပေါင်းလမ်းမိုင် ၂၀၄၁/၁ ဒသမ ၉၄ မိုင်၊ ကွန်ကရစ်တံတား ၂၂၀ စင်း၊ သစ်သားတံတား ၈၃ စင်း၊ ရေကျော် ၁၁၂ စင်း၊ Box Culvert ၅၁၇ စင်း၊ အခြား ၄၃ စင်း၊ စုစုပေါင်း ၉၇၅ စင်းကို ကျေးလက်နေ ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်ပေးနိုင်ခဲ့သည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင်လည်း ကွန်ကရစ်လမ်း ၄၁/၃ ဒသမ ၂၂ မိုင်၊ ကတ္တရာလမ်း ၂၁/၆ ဒသမ ၈၁ မိုင်၊ ကျောက်လမ်း ၁၀၆/၂ ဒသမ ၈၅ မိုင်၊ ဂျင်းလမ်း ၁၃၀/၆ ဒသမ ၄၈ မိုင်၊ မြေသားလမ်း ၂၅၆/၀ ဒသမ ၁၇ မိုင် စုစုပေါင်း ၅၅၆/၃ ဒသမ ၅၃ မိုင်၊ ကွန်ကရစ်တံတား ၈၇ စင်း၊ သစ်သားတံတား တစ်စင်း၊ ရေကျော် ၂၉ စင်း၊ Box Culvert ၁၆၀ စင်း စုစုပေါင်း ၂၈၇ စင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

### Pilot Project လုပ်ငန်းများ

စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ (Pilot Project) လုပ်ငန်းအနေဖြင့် ရွှေဘိုခရိုင်နှင့် မုံရွာခရိုင်တို့တွင် ဆောင်ရွက်ခဲ့ပါသည်။ ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် စိုင်နိုင်-ဟံလင်းလမ်း (၁၁/၂) မိုင်အား ကျောက်လမ်းဟောင်းမှ ကတ္တရာလမ်းသို့ အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ပြီး ကျေးရွာပေါင်း ရှစ်ရွာ၊ အိမ်ခြေ ၁၉၆၁ အိမ်၊ လူဦးရေ ၁၇၂၇၀ အား အကျိုးပြုလျက်ရှိသည်။ မုံရွာခရိုင် မုံရွာမြို့နယ်နှင့် ချောင်းဦးမြို့နယ်တွင် မုံရွာ-အမြင့်လမ်း(၁၂/၇) မိုင်အား ကျောက်လမ်းဟောင်းမှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ပြီး ကျေးရွာပေါင်း ၇၆ ရွာ၊ အိမ်ခြေ ၁၁၄၅၅ အိမ်၊ လူဦးရေ ၄၃၃၆၈ ဦးအား အကျိုးပြုလျက်ရှိသည်။

### World Bank ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်ခဲ့သော ကျေးလက်လမ်းတံတားလုပ်ငန်းများ

ကမ္ဘာ့ဘဏ်ချေးငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် စိုင်နိုင်ကွေ့ - မြင်းသည် - ကွန်ဆိပ်လမ်း မြေသားလမ်းမှ ကတ္တရာ/ကွန်ကရစ်ခင်းခြင်း (၁၂ / ၄)မိုင် ဆောင်ရွက်ခဲ့ပြီး ကျေးရွာပေါင်း ကိုးရွာ အိမ်ခြေ ၃၃၂၁ အိမ်၊ လူဦးရေ ၁၄၆၈၆ ဦးအား အကျိုးပြုလျက်ရှိသည်။ ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် ကန့်ဘလူ-ထန်းကုန်း-ကာဘိုးလမ်း ကျောက်လမ်းဟောင်းမှ ကတ္တရာ / ကွန်ကရစ်ခင်းခြင်း (၁၂/၀) မိုင် ဆောင်ရွက်နိုင်ခဲ့ပြီး ကျေးရွာပေါင်း ၂၂ ရွာ၊ အိမ်ခြေ ၅၃၄၄ အိမ်၊ လူဦးရေ ၂၁၂၀၄ ဦးအား အကျိုးပြုလျက်ရှိသည်။

> “ဂျာမန်ဖွံ့ဖြိုးရေးဘဏ် (KfW) အကူအညီဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ဒိုးဝိုင်းချောင်း-မင်းလှ-ရာဇဂြိုလ်လမ်း ကတ္တရာခင်းခြင်း ၄၁ ဒသမ ၄၃၄ ကီလိုမီတာ၊ ဆည်ကြီးတံတား မီတာ ၁၅၀၊ နတ်တံခါးတံတား မီတာ ၁၃၀၊ နတ်မြောင်းရေကျော် မီတာ ၂၁၀၊ မှန်လုံချောင်းရေကျော် ၁၉၉ မီတာ ဆောင်ရွက်ခဲ့ပြီး ကျေးရွာပေါင်း ၂၁ ရွာ၊ အိမ်ခြေ ၇၆၄၉ အိမ်၊ လူဦးရေ ၄၃၅၂၄ ဦးအား အကျိုးပြုလျက်ရှိသည်”

### Japan Infrastructure Partner (JIP) အစီအစဉ်ဖြင့် Submersible Bridge (ငုပ်လျှိုးတံတား) ဆောင်ရွက်မှု

JIP အစီအစဉ်ဖြင့် ယင်းမာပင်ခရိုင် ကနီမြို့နယ် လာပို့ - စိုင်တဲ - ပွင့်ကားလမ်းပေါ်ရှိ သစ်ခေါက်တံတား ဆောင်ရွက်ခဲ့ပြီး ကျေးရွာပေါင်း ခြောက်ရွာ၊ အိမ်ခြေ ၁၁၃၃ အိမ်၊ လူဦးရေ ၅၅၉၇ ဦးအား အကျိုးပြုလျက်ရှိပါသည်။ ကလေးခရိုင် ကလေးဝမြို့နယ် ယုဇလယ်-အင်ဒုတ်လမ်း (မြို့မနှင့် ခုံကြီးကြား) ခုံကြီးချောင်းတံတား ဆောင်ရွက်ခဲ့ပြီး ကျေးရွာပေါင်း ၃၅ ရွာ၊ အိမ်ခြေ ၂၄၇၈ အိမ်၊ လူဦးရေ ၁၂၈၆၃ ဦးအား အကျိုးပြုလျက်ရှိပါသည်။ ကသာခရိုင် အင်းတော်မြို့နယ် ဟောင်းတုန်း-မံဟဲလမ်းပေါ်ရှိ လေးတန်ချောင်းတံတား ဆောင်ရွက်ခဲ့ပြီး ကျေးရွာပေါင်း ကိုးရွာ၊ အိမ်ခြေ ၁၂၉၉ အိမ်၊ လူဦးရေ ၄၅၃၂ ဦးကို အကျိုးပြုလျက်ရှိပါသည်။ နံ့သာ-တာပေါလမ်းပေါ်ရှိ မဲဇာချောင်းတံတားကို ဆောင်ရွက်နိုင်ခဲ့ပြီး ကျေးရွာပေါင်း ခြောက်ရွာ၊ အိမ်ခြေ ၉၈၉ အိမ်၊ လူဦးရေ ၂၀၅၂ ဦးအား အကျိုးပြုလျက်ရှိပါသည်။


### ဂျာမန်ဖွံ့ဖြိုးရေးဘဏ်(KfW)အကူအညီဖြင့် ဆောင်ရွက်ခဲ့သည့် ကျေးလက်လမ်း / တံတားများ

ဂျာမန်ဖွံ့ဖြိုးရေးဘဏ် (KfW) အကူအညီဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ဒိုးဝိုင်းချောင်း-မင်းလှ-ရာဇဂြိုလ်လမ်း ကတ္တရာခင်းခြင်း ၄၁ ဒသမ ၄၃၄ ကီလိုမီတာ၊ ဆည်ကြီးတံတား မီတာ ၁၅၀၊ နတ်တံခါးတံတား မီတာ ၁၃၀၊ နတ်မြောင်းရေကျော် မီတာ ၂၁၀၊ မှန်လုံချောင်းရေကျော် ၁၉၉ မီတာ ဆောင်ရွက်ခဲ့ပြီး ကျေးရွာပေါင်း ၂၁ ရွာ၊ အိမ်ခြေ ၇၆၄၉ အိမ်၊ လူဦးရေ ၄၃၅၂၄ ဦးအား အကျိုးပြုလျက်ရှိသည်။

### ဆက်လက်အဆင့်မြှင့်တင်မည်

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများကို ရာသီမရွေး သွားလာနိုင်သောလမ်းများအဖြစ် ဆက်လက်၍ အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်လာနိုင်သည်နှင့်အမျှ ပြည်သူများ၏ လူမှုစီးပွားဘဝများသည်လည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲကေန်ပင်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

◆ **မောင်စစ်ကိုင်း**



ဂျာမန်ဖွံ့ဖြိုးရေးဘဏ် (KfW) အကူအညီဖြင့် ဆောင်ရွက်ခဲ့သည့် ကလေးမြို့နယ် ကျေးလက်လမ်းတစ်လမ်း။

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် ဩဂုတ် ၂၉

**တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသား ပြည်သူများနှင့် အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား၊ အကျဉ်းသူများအား ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးနှင့်ဆေးပစ္စည်းများကို တပ်မတော် လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။**



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ငါးမြို့နယ်မှ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီး ဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူ စုစုပေါင်း ၁၇၂၅ ဦးနှင့် ကင်းသာ(၁/၂)ကုန်ထုတ်စခန်း များရှိ အကျဉ်းသား ၃၂၇ ဦးတို့ကိုလည်းကောင်း၊ မွန်ပြည်နယ်အတွင်းရှိ မြို့နယ် (၁၀)မြို့နယ်မှ သံဃာ တော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာန ဆိုင်ရာ ဝန်ထမ်း များနှင့် ပြည်သူစုစုပေါင်း ၇၅၃၄ ဦးတို့ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ သံဃာတော် များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား များ၊ ဌာန ဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၁၂၀၀ တို့ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၁၂ မြို့နယ်အတွင်းမှ ထေရ်ကြီး ဝါကြီး ဆရာတော်ကြီးများ၊ အသက် ၆၅ နှစ် နှင့် အထက် သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်း များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၃၅၈၂ ဦးတို့ကိုလည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်း ရှိ မြို့နယ်ရှစ်မြို့နယ်အတွင်းမှ သံဃာတော်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၉၇၆ ဦး၊ စစ်တွေမြို့နယ် နှင့် ပေါက်တောမြို့နယ်တို့ရှိ ကယ်ဆယ်ရေးစခန်း များမှ ဘင်္ဂါလီလူမျိုး ၈၂၄ ဦးတို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၁၀၉၃၈ ဦးတို့ ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ သံဃာတော်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၄၁၅၀ တို့ကို လည်းကောင်း တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင် ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိ သူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ် သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

**ဒေါက်တာခင်ခင်ကြီး** ။ ။ ယခု လက်ရှိမှာ အတော့်ကို ထိန်းချုပ် နိုင်နေပြီလို့ ပြောရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ တတိယလှိုင်း ကူးစက်ပြန့်ပွားတဲ့အချိန် ယခုနှစ် မေလ ၂၇ ရက်ကစပြီး ဩဂုတ်လ ၂၀ ရက်အထိ ကိုဗစ် - ၁၉ ဓာတ်ခွဲအတည်ပြုလူနာ ၃၇၀၀၀၀ နီးပါးရှိပါတယ်။ သေဆုံးသူ တစ်သောင်းကျော်ရှိ ပါတယ်။ ဓာတ်ခွဲစစ်ဆေးမှုပေါင်း ရှစ်သိန်းနီးပါးကို စစ်ဆေးနိုင်ပါတယ်။ တစ်နေ့ကို ဓာတ်ခွဲစစ်ဆေးမှု ၈၂၀၀ ကျော် စစ်ဆေးနိုင်ပြီး ပိုးတွေ့နှုန်းအနေနဲ့ ၂၈ ဒသမ ၃၅ ရာခိုင်နှုန်း ဖြစ်ပါတယ်။

ဩဂုတ်လ ၂၅ ရက်မှာ ပိုးတွေ့နှုန်းက ၂၀ ရာခိုင်နှုန်းလောက် တွေ့ရပါတယ်။ စစ်တယ်ဆိုတာ ပိုးတွေ့နိုင်ချေရှိတဲ့သူတွေကို စစ်တာဖြစ်တဲ့အတွက် ပိုးတွေ့ရာခိုင်နှုန်းက များပါတယ်။ ယခုပိုးတွေ့ ရာခိုင်နှုန်း ၂၀ လောက်ရှိတယ်ဆိုတာ ကောင်းတဲ့ လက္ခဏာဖြစ်ပါတယ်။ တတိယလှိုင်းမှာ ရောဂါ ကူးစက်မှုအများဆုံး တိုင်းဒေသကြီးနဲ့ ပြည်နယ် တွေက ယခုလက်ရှိမှာ ပဲခူးတိုင်းဒေသကြီးက အများဆုံးပါ။ ဒုတိယက ရန်ကုန်တိုင်းဒေသကြီး၊ တတိယက မန္တလေးတိုင်းဒေသကြီး၊ စတုတ္ထက ဧရာဝတီတိုင်းဒေသကြီးဖြစ်ပြီး မကွေးတိုင်းဒေသ ကြီးက နံပါတ် ၅ ဖြစ်ပါတယ်။

သို့သော် ဖြစ်ပွားမှုနဲ့ သေဆုံးမှုက မတူပါဘူး။ သေဆုံးမှုအမြင့်ဆုံးက မွန်ပြည်နယ်၊ ဒုတိယ ကရင် ပြည်နယ်ဖြစ်ပြီး တတိယ မန္တလေးတိုင်းဒေသကြီး ဖြစ်ပါတယ်။ ရုံးပိတ်ရက်ရှည် ပိတ်လိုက်ပြီး ပထမ တစ်ပတ်မှာ ရောဂါဖြစ်ပွားမှု ၂ ရာခိုင်နှုန်းကျပါတယ်။ ဒုတိယတစ်ပတ်မှာ ၁၉ ရာခိုင်နှုန်း၊ တတိယ တစ်ပတ်မှာ ၃၃ ရာခိုင်နှုန်း၊ စတုတ္ထတစ်ပတ်မှာ ၄၁ ရာခိုင်နှုန်းအထိ ရောဂါဖြစ်ပွားမှုတွေ ကျဆင်း လာတာကို တွေ့ရပါတယ်။

လက်ရှိအနေအထားမှာလည်း ရောဂါဖြစ်ပွား မှုတွေကို ထိန်းချုပ်နိုင်တဲ့ အနေအထားရှိပါ တယ်။ သို့သော် တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နဲ့ ကယားပြည်နယ်တို့မှာ ဖြစ်ပွားသေဆုံးမှုတွေ ဆက်ပြီး မြင့်တက်နေတာကို တွေ့ရပါတယ်။ အခြေအနေကောင်းတော့ ရောက်ရှိနေပြီဖြစ်ပြီး ပေါ့လို့ မရသေးဘူးဆိုတာကို ပြောကြားလိုပါတယ်။

## အာရှရုံတွင်းနှင့် ကိုယ်ခံပညာပေါင်းစုံပြိုင်ပွဲတွင် မြန်မာယှဉ်ပြိုင်မည်

**ရန်ကုန် ဩဂုတ် ၂၉**

လာမည့်နှစ်တွင် ကျင်းပမည့် အာရှရုံတွင်းနှင့် ကိုယ်ခံပညာ ပေါင်းစုံ အားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာအားကစား အဖွဲ့များ အနေဖြင့် လာမည့်နှစ်တွင် ယှဉ်ပြိုင်ရမည့် နိုင်ငံတကာ အားကစားပြိုင်ပွဲ များစွာရှိနေပြီး ယင်းပြိုင်ပွဲမှာ ပထမဆုံး ယှဉ်ပြိုင်ရမည့် အားကစားပြိုင်ပွဲ ဖြစ်လာနိုင်သည်။

အာရှရုံတွင်းနှင့် ကိုယ်ခံပညာ ပေါင်းစုံအားကစားပြိုင်ပွဲကို ပုံမှန် အရ ယခုနှစ်တွင်ကျင်းပရမည်ဖြစ် သော်လည်း ကပ်ရောဂါကြောင့် ကျင်းပနိုင်ခြင်းမရှိသဖြင့် ၂၀၂၂ ခုနှစ် မတ် ၁၀ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်နှင့် ချောင် ဘူရီမြို့တို့၌ ကျင်းပသွားမည်ဖြစ် သည်။

အာရှရုံတွင်းနှင့် ကိုယ်ခံ ပညာပေါင်းစုံ အားကစားပြိုင်ပွဲ တွင် အားကစားနည်း ၂၉ မျိုး ပါဝင်မည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ယင်း ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သော်လည်း ယှဉ်ပြိုင်မည့် အားကစားနည်းများ ရွေးချယ် ရခြင်းမရှိသေးကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ဝင် ရောက် ယှဉ်ပြိုင်ဖြစ်ပါက အားကစားနည်း ၁၀ မျိုးအောက် သာ ယှဉ်ပြိုင်ဖွယ်ရှိနေသည်။

**ရဲရင့်လွင်**

## ဗဟိုခံစစ်ကစားသမား ဇူးမားကို လေးနှစ်စာချုပ်ဖြင့် ဝက်စ်ဟမ်းအသင်းခေါ်ယူ

ပရီမီယာလိဂ်ကလပ် ဝက်စ်ဟမ်း အသင်းသည် ပြိုင်ဘက်ချယ်ဆီး အသင်းမှ ပြင်သစ်ဗဟိုခံစစ် ကစားသမား ဇူးမားကို ပေါင် ၂၉ ဒသမ ၈ သန်းနှင့်အတူ လေးနှစ် စာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ် သည်။ အသက် ၂၆ နှစ်အရွယ်ရှိ ဗဟိုခံစစ်ကစားသမား ဇူးမား သည် စတန်းဖို့ဒ်ဘရစ်၌ ခုနစ်နှစ် ကြာ ဖြတ်သန်းထားသူဖြစ်ပြီး ပရီမီယာလိဂ်ဖလား၊ ချန်ပီယံ လိဂ်ဖလားနှင့် လိဂ်ဖလားတို့ကို ဆွတ်ခူးရရှိထားသည်။

ဇူးမားသည် ယခုသီတင်း ပတ်တွင် ကမ္ဘာ့ဖလားခြေစစ်ပွဲ ယှဉ်ပြိုင်ကစားမည့် ဘော့စနီး ယား၊ ယူကရိန်း၊ ဖင်လန်အသင်း တို့နှင့်ပွဲစဉ်တွင် ပြင်သစ်အသင်း အတွက် ရွေးချယ်ခံထားရသူဖြစ် သည်။ ၎င်း၏ ဝက်စ်ဟမ်း အသင်းနှင့် ပွဲဦးထွက်ပွဲစဉ်ကို လာမည့် စက်တင်ဘာ ၁၁ ရက်၌ ယှဉ်ပြိုင်ကစားမည့် ဆောက်သမ် တန် အသင်းနှင့်ပွဲစဉ်တွင် ပါဝင် ကစားခွင့်ရရှိဖွယ်ရှိနေသည်။

ဒေးဗစ် မိုယက်စ်၏ ဝက်စ် ဟမ်း အသင်းသည် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် ပုံမှန်ခြေစွမ်း ပြသထားနိုင်သည့် အသင်းဖြစ် ကာ ပရီမီယာလိဂ်ပွဲစဉ် (၃) ယှဉ်ပြိုင် ကစားအပြီးတွင် နယူးကာဆယ်၊ လက်စတာအသင်းတို့ကို အနိုင် ရရှိထားပြီး ပဲလေ့စ်အသင်းကို သရေကျထားသောကြောင့် ရမှတ် ခုနစ်မှတ် ရရှိထားသည်။

**အောင်ဇော်**

*○ ကျောဖုံးမှ*

စပါးအသင်း၏ ထိုးဖောက် တိုက်စစ်ဆင်မှုကိုသာ ခံခဲ့ရသည်။ ပွဲချိန်ပြီးခါနီးတွင် စပါးအသင်း အဖွင့်ဂိုးရရှိခဲ့ပြီး ဆွန်ဟောင်မင်က သွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင် အင်ဂျာကီ ယာ ဝင်ရောက်လာပြီးနောက်ပိုင်း ဝက်ဖို့ဒ်အသင်း၏ ကစားအား တက်လာခဲ့သည်။ သို့သော်လည်း လိုအပ်နေသည့် ချေပဂိုးကို သွင်းယူနိုင်ခြင်း မရှိခဲ့ချေ။ ပွဲချိန် ပြည့်သည်အထိ တစ်ဖက်နှင့် တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် စပါးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

စပါးအသင်းသည် ယနေ့ ပွဲစဉ်တွင် ဝက်ဖို့ဒ်အသင်းကို အနိုင်ရရှိခဲ့သောကြောင့် ပရီမီယာ လိဂ်ပွဲစဉ် (၃) အပြီးတွင် ရာနှုန်း ပြည့်နိုင်ပွဲနှင့်အတူ အမှတ်ပေး ဇယားကို ဦးဆောင်နိုင်ခဲ့သည်။ ဝက်ဖို့ဒ်အသင်းက ယနေ့ပွဲစဉ် ရှုံးနိမ့်ခဲ့သောကြောင့် ပွဲစဉ် (၃) အပြီး တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး ရမှတ် သုံးမှတ်သာ ရရှိထားသေးသည်။

အခြားသော ပွဲစဉ်တွင် ဘန်လေနှင့် လိဒ်စ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး တစ်ဖက် တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။ သွင်းဂိုးများကို ဘန်လေအသင်း အတွက် ဝုဒ်က ပွဲချိန် ၆၁ မိနစ်တွင် သွင်းယူပေးပြီး လိဒ်စ်အသင်း အတွက် ချေပဂိုးကို ပွဲချိန် ၈၆ မိနစ်တွင် ဘမ်းဖို့ဒ်က သွင်းယူပေး နိုင်ခဲ့သည်။ ဘန်လေအသင်းက သုံးပွဲကစား တစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရမှတ် တစ်မှတ်သာ ရရှိထားသေး သည်။ ပြိုင်ဘက်လိဒ်စ်အသင်းက သုံးပွဲကစား နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် နှစ်မှတ်သာ ရရှိထားသည်။

ဝုလ်ဖ်အသင်းနှင့် မန်ယူ အသင်းတို့ပွဲတွင် မန်ယူက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ပထမပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန် ထိုးဖောက် ကစား ခဲ့ပြီး ဂိုးကန်သွင်းမှုတွင် ဝုလ်ဖ်က အသာရရှိခဲ့သည်။ ဒုတိယပိုင်း မိနစ် ၈၀ တွင် ဂရင်းဝုဒ်က မန်ယူ အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးသည်။ မန်ယူအသင်းက သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ခုနစ်မှတ် ရရှိထားသည်။ ဝုလ်ဖ်က သုံးပွဲရှုံး အမှတ်မရသေးပေ။ **အောင်ဇော်**



ဝက်ဖို့ဒ်အသင်းဘက်သို့ ဂိုးကန်သွင်းယူနေသည့် ဆွန်ဟောင်မင်

# လော့စ်အိန်ဂျလိစ်၌ အဆောက်အအုံပြင်ပ ပြုလုပ်သည့်ပွဲကြီးများတွင် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရမည်



ဒေါ်ဂါ အားကစားရုံသို့ လာရောက်သည့် လူစုလူဝေးကြီးကို တွေ့ရစဉ်။

လော့စ်အိန်ဂျလိစ် ဩဂုတ် ၂၉

**အမေရိကန်အနောက်ပိုင်း ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်တွင် ကိုဗစ်-၁၉ကူးစက်မှု ပြန်လည်ဖြစ်ပေါ်ခြင်းတို့ကြောင့် အဆောက်အအုံပြင်ပတွင် ပြုလုပ်သည့်ပွဲကြီးများတွင် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရမည်ဟု အမိန့်ထုတ်ထားသည်။**

အမေရိကန်ရှိမြို့ကြီးများတွင် အဆောက်အအုံပြင်ပ လူစုလူဝေးပွဲများတွင် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရန် လိုအပ်လာသည်။ လော့အိန်ဂျလိစ်ကောင်တီတွင် အဆောက်အအုံပြင်ပတွင် ပြုလုပ်သည့် လူအနည်းငယ်သာ တက်ရောက်သော ပွဲလေးများတွင်မူ ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရန် မလိုအပ်ပေ။

သို့သော်လည်း ဩဂုတ် ၂၇ ရက်တွင် ကဇာတ်ရုံအတွင်းသို့ ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ကာ တက်ရောက်ခဲ့ကြသည်။ ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ခြင်းမှာ သက်သောင့်သက်သာ မရှိသော်လည်း လူ့အသိုင်းအဝိုင်းကို ရောဂါကူးစက်ခံရခြင်းမှ အကာအကွယ်ပေးနိုင်သည်ဟု တက်ရောက်လာသူ တစ်ဦးကပြောသည်။

ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရန် အမိန့်ကို မလိုက်နာပါက ဒေါ်လာ ၁၀၀၀ အထိ ဒဏ်ငွေချမှတ်မည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

## အိုင်အက်စ်တို့၏ အကြမ်းဖက်ခြိမ်းခြောက်မှု အရှေ့အလယ်ပိုင်းနိုင်ငံများ ဆွေးနွေး

ဘဂ္ဂဒက် ဩဂုတ် ၂၉

အရှေ့အလယ်ပိုင်းနိုင်ငံများမှ ခေါင်းဆောင်များ၊ ဝန်ကြီးများနှင့် ပြင်သစ်နိုင်ငံတို့သည် အိုင်အက်စ်အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှုကို ဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲကျင်းပခဲ့ပြီး အီရတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ခြင်းဖြစ်သည်။ ဩဂုတ် ၂၈ ရက် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အစည်းအဝေး ပြုလုပ်ခဲ့သည်။ အာဖဂန်နစ္စတန်နိုင်ငံ မြို့တော် ကဘူးလ်တွင် ကြောက်မက်ဖွယ် အသေခံတိုက်ခိုက်မှု ဖြစ်ပွားပြီး နှစ်ရက်အကြာတွင် အစည်းအဝေးကျင်းပခဲ့ခြင်းဖြစ်သည်။

အိုင်အက်စ်အုပ်စု၏ ခြိမ်းခြောက်မှုမှာ ယခုအချိန်ထိတိုင် ရှိနေဆဲဖြစ်သည်ဟု ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က ပြောသည်။ ထို့ကြောင့် တိုင်းပြည်များအနေဖြင့် လုံခြုံရေးအဆင့်အတန်းကို လျှော့ချ၍မရသေးဟု ပြောသည်။ ပါဝင်တက်ရောက်ခဲ့ကြသူများသည် အီရတ်နိုင်ငံ စီးပွားရေးပြန်လည်တည်ဆောက်နိုင်ရန် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန် သဘောတူခဲ့ကြသည်။

အိုင်အက်စ်အုပ်စု၏ တိုက်ခိုက်မှုကြောင့် အီရတ်နိုင်ငံတွင် အခြေခံအဆောက်အအုံများစွာ ပျက်စီးခဲ့ရသည်။ အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များ အခြေချမှုမှာ ယခုနှစ်ကုန်ပိုင်းတွင် အဆုံးသတ်မည်ဟု မျှော်မှန်းထားသည်။ အစည်းအဝေး တက်ရောက်လာသူများထဲတွင် ဆော်ဒီအာရေဗျနှင့် အီရန်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ ပါဝင်ပြီး အဆိုပါနှစ်နိုင်ငံမှ သံတမန်ဆက်သွယ်ရေး ပြတ်တောက်နေသည်မှာ ငါးနှစ်ကြာရှိပြီဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ဗြိတိန်၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၃၂၄၀၆ ဦး ထပ်မံတွေ့ရှိ




ဘော်စ်တွန်မြို့ ကိုဗစ်-၁၉ ကာကွယ်ဆေးစင်တာရှေ့တွင် စောင့်ဆိုင်းနေကြသူများကို တွေ့ရစဉ်။

လန်ဒန် ဩဂုတ် ၂၉

ဗြိတိန်နိုင်ငံတွင် ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၃၂၄၀၆ ဦး ထပ်မံတွေ့ရှိခဲ့ရာ စုစုပေါင်း ကူးစက်ခံရသူ အရေအတွက်မှာ ၆၆၉၈၄၈၆ ဦးအထိ ရှိလာခဲ့သည်ဟု ဩဂုတ် ၂၈ ရက်တွင် တရားဝင်ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ကိုဗစ် -၁၉ နှင့် ဆက်စပ်ပြီး သေဆုံးသူဦးရေမှာ ၁၃၃ ဦး ထပ်တိုးလာခဲ့သည်။ ထို့ကြောင့် သေဆုံးသူ စုစုပေါင်းမှာ ၁၃၂၃၇၆ ဦးရှိသည်။

နောက်ဆုံး ရရှိထားသည့် အချက်အလက်များအရ ဗြိတိန်တွင် ယခုသီတင်းပတ်ကုန်၌ ဂီတပွဲ လူစုလူဝေးကြောင့် အင်္ဂလန်တွင် ဗိုင်းရပ်စ်ကူးစက်မှုမှာ ၇၀ လျှင် တစ်ဦးကူးစက်ခံရသည်ဟု သိရသည်။

ဗီဇပြောင်း အယ်လ်ဖာ ကူးစက်မှုနှင့် နှိုင်းယှဉ်လျှင် ဒယ်လ်တာဗိုင်းရပ်စ် ကူးစက်ခံရမှုမှာ နှစ်ဆရှိသည်ဟု ကိန်းဘရစ်တက္ကသိုလ်နှင့် အင်္ဂလန်ပြည်သူ့ကျန်းမာရေးတို့က ပြုလုပ်ထားသည့် လေ့လာမှုအသစ်အရ သိရသည်။ အသက် ၁၆ နှစ်နှင့်အထက် ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်ကြိမ် ထိုးပြီးသူမှာ ၈၈ ရာခိုင်နှုန်းကျော်ရှိပြီး ၇၈ ရာခိုင်နှုန်းကျော်မှာ နှစ်ကြိမ် ကာကွယ်ဆေးထိုးပြီးပြီဟု သိရသည်။

**ဆင်ဟွာ**

# အမေရိကန်တို့၏ ဒရုန်းတိုက်ခိုက်မှု နောက်ဆုံးအကြိမ်မဟုတ်ဟု သမ္မတဘိုင်ဒင်ပြော

ဝါရှင်တန် ဩဂုတ် ၂၉

အာဖဂန်နစ္စတန်ရှိ အိုင်အက်စ်အဖွဲ့အစည်းကို ဆန့်ကျင်မည်ဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ကတိပြုပြောကြားခဲ့သည်။ ကဘူးလ်မြို့လေဆိပ်တွင် အသေခံဗုံးခွဲမှုအတွက် ပြန်လည်လက်တုံ့ပြန်သည့် အနေဖြင့် အိုင်အက်စ်တို့ကို ပစ်မှတ်ထားကာ နောက်ထပ် တိုက်ခိုက်မှုပြုလုပ်သွားမည်ဟု အမေရိကန်သမ္မတက အရိပ်အမြွက် ပြောကြားခဲ့သည်။




အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်

အမေရိကန်တပ်ဖွဲ့များသည် အိုင်အက်စ် အိုင်အက်စ်-ကေစစ်သွေးကြွအဖွဲ့ကို ပစ်မှတ်ထားကာ ဒရုန်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည်ဟု အမေရိကန်ဗဟိုကွပ်ကဲရေးဌာနက ဩဂုတ် ၂၇ ရက်တွင် ကြေညာခဲ့သည်။

ဩဂုတ် ၂၆ ရက်တွင် အသေခံဗုံးခွဲမှုပြုလုပ်ခဲ့သည်ဟုယူဆရပြီး ယင်းတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၁၃ ဦးနှင့် အရပ်သားများစွာ သေကျေပျက်စီးခဲ့ရသည်။ ဩဂုတ် ၂၈ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်အရ အဆိုပါတိုက်ခိုက်မှုတစ်ခုတည်းဖြင့်ပင် ရပ်တန့်သွားမည် မဟုတ်ကြောင်း၊ ရက်စက်စွာ တိုက်ခိုက်မှုတွင် ပါဝင်ခဲ့သူများအားလုံး ပြန်လည်ပေးဆပ်ရအောင် ဆက်လက်ဆောင်ရွက်မည်ဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောသည်။

လေဆိပ်တွင် တိုက်ခိုက်ခံရမည့် ခြိမ်းခြောက်မှုမှာ ဆက်လက်ရှိနေဆဲ ဖြစ်သည်ဟု ဘိုင်ဒင်ကပြောသည်။ **အင်န်အိတ်ချ်ကေ**

## အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၈၄၈၂ ဦး ထပ်မံတွေ့ရှိ

ဂျေရုဆလင် ဩဂုတ် ၂၉


အစ္စရေးနိုင်ငံ၌ ဩဂုတ် ၂၈ ရက်က ကိုဗစ်-၁၉ ကူးစက်ခံရသူ ၈၄၈၂ ဦး ထပ်မံတွေ့ရှိခဲ့ပြီး နိုင်ငံအတွင်း ကူးစက်ခံရသူ စုစုပေါင်းမှာ ၁၀၄၅၂၁၂ ဦးအထိ ရှိလာခဲ့သည်။

အစ္စရေးနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့်သေဆုံးသူအရေအတွက်မှာ ၆၉၅၀ ရှိသည်။ ရောဂါအခြေအနေ ပြင်းထန်သည့် လူနာအရေအတွက်မှာလည်း ၆၈၉ ဦးမှ ၇၀၃ ဦးအထိ တိုးလာခဲ့သည်ဟု အစ္စရေး ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ရောဂါကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသူဦးရေ ၁၀၅၂၀ တိုးလာသည့်အတွက် ပြန်လည်ကျန်းမာလာသူအရေအတွက်မှာ ၉၅၇၀၄၅ ဦးအထိရှိသည်။ အစ္စရေးနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအကျော့ထိုးပြီးသူဦးရေမှာ ၅ ဒသမ ၉၅ သန်းရှိပြီး တိုင်းပြည်လူဦးရေ၏ ၆၃ ဒသမ ၈ ရာခိုင်နှုန်းရှိသည်။

နှစ်ကြိမ်ကာကွယ်ဆေးထိုးပြီးသူ အရေအတွက်မှာ ၅ ဒသမ ၄၇ သန်းရှိပြီး သုံးကြိမ်ကာကွယ်ဆေးထိုးပြီးသည့် အရေအတွက်မှာ ၁ ဒသမ ၉၅ သန်းရှိသည်။

**ဆင်ဟွာ**




# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ



ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်မှာတော့ ရှေ့တစ်ပတ်က မပြီးပြတ်သေးတဲ့ အင်္ဂလိပ်စကားလုံးများကို သူ့နေရာနဲ့သူ မှန်မှန်ကန်ကန်သုံးတတ်စေရန် ရည်ရွယ်ပြီး တခြားစကားလုံးပုံစံများမှ နာမ်အဖြစ်ပြောင်းလဲဖွဲ့စည်းပုံများကို ဆက်လက်ဖော်ပြပေးလိုက်ရုံသာမက ပိုမိုကျွမ်းကျင်စေရန် လေ့ကျင့်ခန်းနဲ့လည်း အားဖြည့်ပေးထားပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း "Shortest way to talk about instructions" ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာဖော်ပြပေးထားပါတယ်။ Vocabulary အခန်းမှာလည်း နေ့စဉ်ဘဝမှာအသုံးများတဲ့ အီဒီယမ်အသုံးများကို မြန်မာလိုရှင်းလင်းချက်များနဲ့တကွ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုဗစ်-၁၉ ကာလမှာ ဘေးဘယာတွေ ဝေးကွာပြီး ကိုယ်စိတ်နှစ်ဖြာ အေးချမ်းသာယာရှိပါစေ။

*(ယခင်အပတ်မှအဆက်)*

## GRAMMAR

### Basic to Intermediate

26. divide (v-စိတ်ပိုင်းသည်) division (n-အစိတ်အပိုင်း)
27. do (v-ပြုလုပ်သည်) deed (n-အပြုအမူ၊ဆောင်ရွက်ချက်)
28. draw (v-ပုံဆွဲသည်) drawing (n-ပုံကြမ်း၊ ကားချပ်)
29. dry (adj-ခြောက်သွေ့သော) dryness (n-ခြောက်သွေ့ခြင်း)
30. enjoy (v-ပျော်ရွှင်မှု) enjoyment (n-ပျော်ရွှင်မှု)
31. enter (v-ဝင်လာသည်) entrance (n-ဝင်ပေါက်)
32. explain (v-ရှင်းပြသည်) explanation (n-ရှင်းပြချက်)
33. fail (v-ကျရှုံးသည်) failure (n-ကျရှုံးခြင်း)
34. fat (adj-ဝသော) fatness (n-ဝခြင်း၊အဆီများခြင်း)
35. feed (v-ကျွေးသည်) food (n-အစားအစာ)
36. fit (adj-သင့်တော်သော၊ ကျန်းမာသော) fitness (n-သင့်တော်ခြင်း၊ ကျန်းမာခြင်း)
37. foolish (adj-ရူးမိုက်သော) foolishness (n-ရူးမိုက်ခြင်း)
38. free (adj-လွတ်လပ်သော) freedom (n-လွတ်လပ်မှု)
39. friend (n-မိတ်ဆွေ၊ သူငယ်ချင်း) friendship (n-မိတ်၊ခင်မင်မှု)
40. give (v-ပေးသည်) gift (n-လက်ဆောင်)
41. glad (adj-ဝမ်းသာသော) gladness (n-ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်း)
42. good (adj-ကောင်းသော) goodness (n-ကောင်းခြင်း)
43. great (adj-ခမ်းနား ကြီးကျယ်သော) greatness (n-ခမ်းနားကြီးကျယ်မှု)
44. grow (v-ကြီးထွားလာသည်) growth (n-ကြီးထွားမှု)
45. hate (v-မုန်းတီးသည်) hatred (n-အမုန်းတရား)
46. heal (v-ကုသသည်) health (n-ကျန်းမာရေး)
47. high (adj-မြင့်သော) height (n-အမြင့်)
48. honest (adj-ရိုးသားသော) honesty (n-ရိုးသားမှု)
49. imagine (v-စိတ်ကူး စိတ်သန်းထုတ်သည်) imagination (n-စိတ်ကူးစိတ်သန်း)
50. instruct (v-အမိန့်ပေး၊ ညွှန်ကြားသည်) instruction (n-အမိန့်၊ညွှန်ကြားချက်)
51. invent (v-တီထွင်သည်) invention (n-တီထွင်မှု)
52. invite (v-ဖိတ်ကြားသည်) invitation (n-ဖိတ်ကြားခြင်း၊ ဖိတ်စာ)
53. judge (v-တရားစီရင်သည်၊ အကဲဖြတ်သည်) judgement (n-စီရင်ချက်၊အကဲဖြတ်ချက်)
54. kind (adj-ကြင်နာတတ်သော) kindness (n-ကြင်နာခြင်း)
55. king (n-ရှင်ဘုရင်) kingdom (n-ဘုရင့်တိုင်းနိုင်ငံ)
56. know (v-နားလည် သဘောပေါက်သည်) knowledge (n-အသိပညာဗဟုသုတ)
57. laugh (v-ရယ်မောသည်) laughter (n-ရယ်မောခြင်း၊ ရယ်သံ)
58. lazy (adj-ပျင်းရိသော) laziness (n-ပျင်းရိခြင်း)
59. lend (v-ချေးငှားသည်) loan (n-ချေးငွေ)
60. like (v-ကြိုက်နှစ်သက်သည်) likeness (n-တူခြင်း၊ ဆင်ခြင်း)
61. live (v-နေသည်) life (n-အသက်၊ ဘဝ)
62. long (adj-ရှည်သော) length (n-အရှည်၊ အလျား)
63. lose (v-ဆုံးရှုံးသည်၊ ပျောက်ဆုံးသည်) loss (n-ဆုံးရှုံးခြင်း၊ ပျောက်ဆုံးခြင်း)
64. mad (adj-စိတ်မနှံ့သော၊ ရူးသွပ်သော) madness (n-ရူးသွပ်ခြင်း)
65. marry (v-လပ်ထပ်သည်၊ အိမ်ထောင်ပြုသည်) marriage (n-လပ်ထပ်ခြင်း၊ အိမ်ထောင်ပြုခြင်း)
66. mix (v-ရောနှောသည်) mixture (n-အရောအနှော)
67. move (v-ရွေ့လျားသည်၊ အဆိုပြုသည်) movement (n-ရွေ့လျားခြင်း၊ အဆိုပြုခြင်း)
68. multiply (v-တိုးပွားသည်၊ မြှောက်သည်) multiplication (n-တိုးပွားခြင်း၊ မြှောက်ခြင်း)
69. obey (v-နားထောင်သည်၊ နာခံသည်) obedience (n-နားထောင်ခြင်း၊ နာခံခြင်း)
70. occupy (v-နေသည်၊ သိမ်းပိုက်သည်) occupation (n-သိမ်းပိုက်ခြင်း၊ နေထိုင်ခြင်း၊ အလုပ်အကိုင်)
71. permit (v-ခွင့်ပြုသည်) permission (n-ခွင့်ပြုချက်)
72. please (v-ကျေနပ်စေသည်) pleasure (n-သာယာဝမ်းမြောက်ခြင်း)
73. poet (n-ကဗျာဆရာ) poetry (n-ကဗျာ၊ လင်္ကာ)
74. proud (n-ဂုဏ်ယူသော) pride (n-ဂုဏ်သိက္ခာ)
75. prove (n-သက်သေပြသည်၊ တွေ့ကြုံရသည်) proof (n-သက်သေအထောက်အထား)
76. punish (v-အပြစ်ပေးသည်) punishment (n-အပြစ်ပေးခြင်း)
77. ready (adj-အဆင်သင့်ဖြစ်သော) readiness (n-အဆင်သင့်ဖြစ်ခြင်း)
78. remember (v-သတိရသည်) remembrance (n-သတိရခြင်း၊ အမှတ်ရခြင်း)
79. sad (adj-ဝမ်းနည်းသော) sadness (n-ဝမ်းနည်းခြင်း)
80. safe (adj-ဘေးကင်းလုံခြုံသော) safety (n-ဘေးကင်းလုံခြုံခြင်း)
81. see (v-တွေ့မြင်သည်) sight (n-မြင်ကွင်း)
82. sell (v-ရောင်းသည်) sale (n-ရောင်းချခြင်း)
83. sharp (v-ချွန်၊ထက်သော) sharpness (n-ထက်မြက်ခြင်း)
84. sick (adj-နေမကောင်းသော၊ ဖျားနာသော) sickness (n-နေမကောင်းခြင်း၊ ဖျားနာခြင်း)
85. sit (v-ထိုင်သည်) seat (n-ထိုင်ခုံ)
86. slow (adj-နှေးသော) slowness (n-နှေးကွေးခြင်း)
87. soft (adj-နူးညံ့သိမ်မွေ့သော) softness (n-နူးညံ့သိမ်မွေ့ခြင်း)
88. speak (v-စကားပြောသည်) speech (n-ပြောပုံဆိုပုံ)
89. strong (adj-သန်မာသော) strength (n-ခွန်အား)
90. succeed (v-အောင်မြင်သည်) success (n-အောင်မြင်မှု)
91. teach (v-သင်ကြားသည်) teaching (n-သင်ကြားခြင်း)
92. tell (v-ပြောသည်) tale (n-ပုံပြင်)
93. thick (adj-ထူသော) thickness (n-အထူ)
94. think (v-စဉ်းစားဆင်ခြင်သည်) thought (n-အတွေး၊စိတ်ကူး၊ ထင်မြင်ချက်)
95. tight (adj-မြဲသော၊ ကျပ်သော) tightness (n-တင်းတင်းကြပ်ကြပ်)
96. true (adj-စစ်မှန်သော၊ မှန်ကန်သော) truth (n-အမှန်တရား၊ စစ်မှန်ခြင်း)
97. valuable (adj-တန်ဖိုးကြီးသော) value (n-တန်ဖိုး)
98. warm (adj-နွေးထွေးသော) warmth (n-နွေးထွေးခြင်း)
99. weak (adj-အားနည်းသော) weakness (n-အားနည်းခြင်း)
100. wed (v-လပ်ထပ်သည်) wedding (n-ထိမ်းမြားမင်္ဂလာ)
101. weigh (v-အလေးချိန်ရှိသည်) weight (n-အလေးချိန်)
102. wide (adj-ကျယ်သော) width (n-အနံ၊ ဖြက်)
103. wise (adj-ဉာဏ်ပညာရှိသော) wisdom (n-ဉာဏ်ပညာ)
104. young (adj-ငယ်ရွယ်သော) youth (n-လူငယ်၊ ငယ်ရွယ်နုပျိုခြင်း)

Exercise (1) Fill in the blanks with the nouns formed from the words in the brackets.

e.g. We must pay ........... (attend) in class.
We must pay attention in class.

1. She is a woman of great ........... (beautiful).
2. ........... (honest) is the best policy.
3. The teacher gave me ........... (permit) to go out.
4. The ........... (deep) of this lake is fifty feet.
5. I could not get a ........... (sit) in the bus.
6. He is the only ........... (fail) in our class.
7. A scout must do a good ........... (do) every day.
8. Our headmaster gave a long ........... (speak) yesterday.
9. The naughty boys were punished for their bad ........... (behave).
10. What is the ........... (weigh) of the parcel?

*(ဆက်လက်ဖော်ပြပါမည်)*

## VOCABULARY

1. turn over a new leaf = ပိုမိုကောင်းမွန်အောင် ပြုပြင်ပြောင်းလဲသည်။
He realized he was in the wrong and promised to turn over a new leaf.
2. take French leave = ခွင့်ပြုချက်မရှိဘဲ၊ မကြေညာဘဲ လစ်ထွက်သွားသည်။
I am so bored – I think I might take French leave this afternoon to meet Kate.
3. stand on one's own leg = အမှီခိုကင်းကင်းဖြင့် ရပ်တည်သည်။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်သည်။
I've been standing on my own leg since I was sixteen years old.
4. see the light = သိမြင်နားလည်သဘောပေါက်သည်။
For some to see the light, many must live in darkness.
5. draw the line = စည်းသတ်သည်။ ကန့်သတ်သည်။ ရပ်တန်းကရပ်သည်။
I'll do whatever my company asks me to, but I draw the line when someone asks me to lie for them.

## CONVERSATION



### Shortest way to talk about instructions

အခုဖော်ပြပေးမယ့်အကြောင်းအရာကတော့ စေခိုင်း၊ အမိန့်ပေး၊ ညွှန်ကြားမှုတွေကို သုံးတဲ့အခါမှာ ဘယ်လိုသုံးရမလဲဆိုတာပဲ ဖြစ်ပါတယ်။ ဒီလိုမျိုးအသုံးတွေကို ဟင်းချက်စာအုပ်တွေ၊ လက်ကမ်းစာစောင်တွေ၊ အညွှန်းစာအုပ်တွေ စတဲ့နေရာတွေမှာ တွေ့ရှိတင်မကပါဘူး။ လမ်းညွှန်တွေ၊ ဆိုင်းဘုတ်တွေ၊ ကြော်ငြာတွေ စတဲ့နေရာတွေမှာလည်း တွေ့နိုင်ပါသေးတယ်။ တစ်ခါတလေ တစ်နေရာရာကို ဘယ်လိုမျိုးသွားရမလဲဆိုပြီး လမ်းညွှန်ပေးတဲ့နေရာမှာလည်း သုံးပါသေးတယ်။ သူတို့ကိုအမြဲ imperative (စေခိုင်း၊ အမိန့်ပေး) ပုံစံနဲ့သုံးပါတယ်။

*Fry ...*
*Plant ...*
*Turn left ...*
*Take exit 14 ...*
*You (must) ...*

၁။ imperative (စေခိုင်း၊ အမိန့်ပေး၊ ညွှန်ကြားမှု) တွေကို အရေးဘာသာစကားနဲ့ ဖော်ပြတဲ့အခါမှာ သုံးပါတယ်။ ဥပမာ၊

- Fry the onions in a little oil.
- Plant the bulbs a few inches apart.

တစ်ခါတစ်ရံ စေခိုင်း၊ အမိန့်ပေး၊ ညွှန်ကြားမှုတွေကို အပြောဘာသာစကားနဲ့ ဖော်ပြတဲ့အခါမှာလည်း imperative ကိုသုံးပါတယ်။ ဥပမာ၊




- Turn left at the traffic lights and go straight on until you reach Kingston.
- Take Exit 14 from the expressway and then take the first road on the right.

၂။ အင်္ဂလိပ်ဘာသာစကားမှာ ပုဂ္ဂိုလ်သုံးမျိုးရှိတဲ့အနက် ဒုတိယပုဂ္ဂိုလ်ဖြစ်တဲ့ you ကို verb နဲ့တွဲပြီး ပိုပြီးအရပ်ဆန်ဆန်ပြောနိုင်ပါတယ်။ ဥပမာ၊

- You whisk three eggs together and add a little cream or milk.
- You apply the shampoo to the carpet and leave it for ten minutes. Then you vacuum the carpet.

ဘာသာစကားရှုထောင့်
တစ်ခါတစ်ရံ verb ရဲ့ရှေ့မှာ should ကိုထည့်ပြီးတော့လည်း ပြောနိုင်ပါတယ်။ ဥပမာ၊

- You should turn left at the town hall.
- You should freeze the dish immediately after preparation.

၃။ you must ... ဆိုတဲ့အသုံးကို ပုံမှန်အများပြည်သူနဲ့ ဆက်စပ်တဲ့အခြေအနေမျိုးမှာ ဘယ်သူကို ဘာလုပ်ဆိုပြီး ပြောတဲ့အခါမှာသုံးပါတယ်။ ဥပမာ၊

- You must supply bank references before we rent you the flat.
- Passengers must check in two hours before departure.

ဘာသာစကားရှုထောင့်
Should ကိုလည်း အလားတူအခြေအနေမျိုးမှာ သုံးနိုင်ပေမယ့် နည်းနည်းတော့ အရပ်သဘောဆန်ပါတယ်။ ဥပမာ၊

- You should report to your class teacher at 8.30 tomorrow morning.
- Students should arrive at least ten minutes before the start of the exam.

၄။ ဟင်းချက်နည်းလမ်းညွှန်တစ်ခုမှာ imperative ကိုသုံးပြီးဖော်ပြထားတဲ့ ဝါကျအချို့ကို လေ့လာကြည့်ရအောင်ပါ။

1. Chop the onions, garlic and ginger.
2. Take a medium-sized saucepan. Pour a little olive oil into it and heat it over a medium heat.
3. Add the onions, garlic and ginger to the pan and fry them lightly.
4. You should make sure that the onions do not brown.
5. When the onions are soft add a glass of dry white wine.

#### How to make that banana pudding

Alice: Can you tell me how to make that banana pudding? The kids love it.

Jane: Certainly. You take four large bananas. Choose ones that are quite ripe, but not brown. Then you get a fork and you mash the bananas up. They should not be too mushy and so don't use a food processor. After that add two teaspoonfuls of freshly squeezed lemon juice to the bananas. That's to stop them going brown. You then add a cup of single cream. You should stir the mixture gently. Take a bar of plain chocolate. You must use a good quality one. Grate it over the banana mixture and stir gently.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး

❖ *ကျောဖုံးမှ*

- နေအိမ်ပြင်ပသို့သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကိုမကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦးခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅) နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါကထိုသူအား ပါးစပ် နှင့်နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကိုအထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၈–၈–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၉–၈–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၂၉,၁၂၇)ခုအားစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၃,၁၆၆)ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၅၃၂,၃၁၅)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၃၉၂,၃၀၀) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၇၄၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၃၄၆,၄၀၈)ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၀၆) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၅,၁၈၃) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၈–၈–၂၀၂၁) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၄,၆၈၃,၄၁၀) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေး နှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ (၁,၈၄၆,၁၉၀) ဦး နှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၂,၈၃၇,၂၂၀) ဦးရှိပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ (၂၈–၈–၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း (၆,၅၂၉,၆၀၀) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၉–၈–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃၁)ခု | (၉)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၈၇)ခု | (၃၀)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၅)ခု | (၂)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၀)ခု | (၁၀)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၅၄)ခု | (၁၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ ရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၅၀၄)ခု | (၄၅၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၆,၇၈၆)ခု | (၂,၆၄၂)ဦး |
| စုစုပေါင်း | (၂၉,၁၂၇)ခု | (၃,၁၆၆)ဦး |

**ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**
**(၂၈–၈–၂၀၂၁) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီးလူဦးရေ | (၂,၈၃၇,၂၂၀)ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီးလူဦးရေ | (၁,၈၄၆,၁၉၀)ဦး |
| ပထမအကြိမ်ထိုးနှံပြီးလူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီးလူဦးရေစုစုပေါင်း | (၄,၆၈၃,၄၁၀)ဦး |
| စုစုပေါင်းထိုးနှံပြီးသောကာကွယ်ဆေးအကြိမ်ပေါင်း (Vaccine Doses) | (၆,၅၂၉,၆၀၀) ကြိမ် |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၉-၈ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၉၆၁၇၄၁၇ | ၃၀၈၁၂၂၄၂ | ၆၅၄၃၈၁ |
| ၂။ | အိန္ဒိယ | ၃၂၆၉၅၀၃၀ | ၃၁၈၈၈၆၄၂ | ၄၃၇၈၆၀ |
| ၃။ | ဘရာဇီး | ၂၀၇၂၈၆၀၅ | ၁၉၆၄၆၄၀၀ | ၅၇၉၀၅၂ |
| ၄။ | ရုရှား | ၆၈၈၂၈၂၇ | ၆၁၄၈၂၅၀ | ၁၈၁၆၃၇ |
| ၅။ | ပြင်သစ် | ၆၇၂၈၈၅၈ | ၆၁၉၁၀၀၁ | ၁၁၄၁၅၇ |
| ၆။ | ဗြိတိန် | ၆၆၉၈၄၈၆ | ၅၃၃၇၉၁၉ | ၁၃၂၃၇၆ |
| ၇။ | တူရကီ | ၆၃၂၉၅၄၉ | ၅၇၉၈၃၁၄ | ၅၅၉၅၈ |
| ၈။ | အာဂျင်တီးနား | ၅၁၇၁၄၅၈ | ၄၈၅၄၃၂၉ | ၁၁၁၃၂၄ |
| ၉။ | အီရန် | ၄၉၂၆၉၆၄ | ၄၁၄၆၇၄၂ | ၁၀၆၄၈၂ |
| ၁၀။ | ကိုလံဘီယာ | ၄၉၀၃၃၀၄ | ၄၇၃၄၁၆၂ | ၁၂၄၇၄၃ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၉– ၈ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၀၇၃၈၃၁ | ၃၇၂၄၃၁၈ | ၁၃၁၉၂၃ |
| ဖိလစ်ပိုင် | ၁၉၅၄၀၂၃ | ၁၇၇၇၆၉၃ | ၃၃၁၀၉ |
| မလေးရှား | ၁၇၀၆၀၈၉ | ၁၄၂၂၀၀၅ | ၁၆၀၈၇ |
| ထိုင်း | ၁၁၇၄၀၉၁ | ၉၈၅၂၄၆ | ၁၁၁၄၃ |
| ဗီယက်နမ် | ၄၃၅၁၁၄ | ၂၁၉၈၀၂ | ၁၀၇၄၉ |
| မြန်မာ | ၃၉၂၃၀၀ | ၃၄၆၄၀၈ | ၁၅၁၈၃ |
| ကမ္ဘောဒီးယား | ၉၂၂၀၈ | ၈၈၁၁၉ | ၁၈၈၁ |
| စင်ကာပူ | ၆၇၃၀၄ | ၆၆၀၂၂ | ၅၅ |
| လာအို | ၁၄၆၄၁ | ၄၉၂၈ | ၁၂ |
| ဘရူနိုင်း | ၂၄၆၂ | ၆၆၄ | ၇ |

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

သတင်းအဖွဲ့

*(ယမန်နေ့မှအဆက်)*

**လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်ချက်များ**

ဆက်လက်ပြီး နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်ချက်များကို အချို့သော မီဒီယာများ၊ အဖွဲ့အစည်းများ၏ မဟုတ်မမှန် ဆောင်ရွက်နေမှုများထဲမှ အချို့ကို ထုတ်နုတ်တင်ပြမည် ဖြစ်ပါကြောင်း၊ ပထမဖြစ်စဉ်အနေဖြင့် မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကင်းမကျေးရွာ ဖြစ်စဉ်ဖြစ်ပါကြောင်း၊ လွန်ခဲ့သည့် ဇွန် ၁၅ ရက်က လက်နက်ကိုင်အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ထိုကျေးရွာတွင်ရှိသည့် အိမ်ခြေ ၂၂၅ လုံးအနက် အိမ်ခြေ ၁၀၀ ခန့် မီးလောင်ပျက်စီးမှုဖြစ်ခဲ့ပါကြောင်း၊ ဖြစ်စဉ်မှာ ဇွန် ၁၅ ရက်တွင် ပေါက်မြို့နယ်မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ လုံခြုံရေးအဖွဲ့ဝင်များသည် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် နံနက် ၁၁ နာရီခန့် ကင်းမကျေးရွာဆိုင်းဘုတ်အနီးအရောက်တွင် လက်နက်ကိုင်အကြမ်းဖက်လူတစ်စုက ၎င်းရွာ တောင်ကုန်းပေါ်မှ လက်နက်ငယ်များ၊ လက်ပစ်ဗုံးများ၊ လက်လုပ်မိုင်းများနှင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပါကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာတွင် အကြမ်းဖက်သူများ တောင်ကုန်းပေါ်မှ ဆုတ်ခွာသွားပါကြောင်း၊ ထိုတောင်ကုန်းပေါ်ကို အသေးစိတ် ရှာဖွေနေစဉ် နံနက် ၁၁ နာရီ မိနစ် ၅၀ ခန့်တွင် တောင်ကုန်းအလယ်တွင် ထပ်မံတိုက်ပွဲဖြစ်ပြီး ၁၂ နာရီခန့်တွင် နောက်တစ်ကြိမ် တိုက်ပွဲထပ်ဖြစ်ပါကြောင်း၊ ထိုတောင်ကုန်းပေါ်တွင် အကြမ်းဖက်သမားများ ခိုအောင်းမှု မရှိစေရေး ဆက်လက်ပြီး ရှာဖွေစစ်ဆေးမှုများ ပြုလုပ်နေသည့်အချိန်တွင် ကင်းမရွာအတွင်း မီးလောင်မှုဖြစ်ပွားနေခြင်းကိုတွေ့ရပါကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ထပ်မံရောက်ရှိလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းပြီး ရွာအတွင်း ဝင်ရောက်ကာ ကူညီမီးငြိမ်းသတ်ခဲ့ရပါကြောင်း၊ မီးလောင်ကျွမ်းဆဲ နေအိမ်နှစ်လုံးအတွင်းမှ အသက် ၈၀ ကျော်အရွယ် အမျိုးသမီးကြီးနှစ်ဦးကို မီးလွတ်ရာသို့ ကယ်တင်နိုင်ခဲ့ပါကြောင်း၊ မီးလောင်မှုကို အသေးစိတ်စစ်ဆေးသည့်အခါတွင် အကြမ်းဖက်သမား ၄၀ ခန့်က ကင်းမရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် မျက်နှာချင်းဆိုင်တွင် ရှိသည့် အကြမ်းဖက်အဖွဲ့အစည်းကို မထောက်ခံသည့် ရွာသားတစ်ဦး၏ အိမ်ကို မွန်းလွဲ ၂ နာရီ မိနစ် ၅၀ ခန့်တွင် စတင်မီးရှို့ဖျက်ဆီးရာမှ အခြားအိမ်များကိုပါ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်းကိုသိရှိရပါကြောင်း၊ ထိုကိစ္စကို မြန်မာနိုင်ငံတွင် တရားမဝင်မီဒီယာအဖြစ် ကြေညာထားသည့် ခေတ်သစ်မီဒီယာက စတင်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးသည်ဟု ရေးသားခဲ့ပါကြောင်း၊ CNN နှင့် Reuters ကဲ့သို့ သတင်းဌာနများကလည်း ရေးသားခဲ့ပါကြောင်း၊ ဖြစ်စဉ်အမှန်ကို အချိန်မီ သတင်းထုတ်ပြန်ခြင်း၊ ဖော်ထုတ်ဖမ်းဆီးရမိသည့် အကြမ်းဖက်သမားတစ်ဦးနှင့် ၎င်းတို့ကို ထောက်ပံ့ကူညီပေးနေသူတစ်ဦး၏ ကိုယ်တိုင်ဝန်ခံပြောကြားချက်များကို အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးခဲ့သော်လည်း အဖြစ်မှန်ကို မစုံစမ်းဘဲ အမေရိကန်သံရုံးနှင့် ဗြိတိသျှသံရုံးတို့ကလည်း တစ်ဖက်သတ်စွပ်စွဲသည့်ကြေညာချက်များကို ထုတ်ပြန်ခဲ့ခြင်းကိုလည်း တွေ့ရှိရပါကြောင်း။

**သတင်းမှန်များထုတ်ပြန်ပေးလျက်ရှိ**

ဇွန် ၁၈ ရက်က ပြုလုပ်သည့် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ ကျင်းပချိန်၊ လုံခြုံရေးကောင်စီတံခါးပိတ်အစည်းအဝေး ကျင်းပချိန်တို့နှင့် ချိန်ကိုက်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ သတင်းထုတ်ပြန်ချက်များနှင့် ပတ်သက်ပြီး ပြောလိုပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံ၏ သံအမတ်ကြီးများ၊ တက်ရောက်လာသည့် နိုင်ငံတကာကိုယ်စားလှယ်များ တာဝန်ထမ်းဆောင်သည့်အခါ ၎င်းတို့ တာဝန်ထမ်းဆောင်နေသည့် နိုင်ငံများတွင် တရားဝင်အစိုးရ၏ ထုတ်ပြန်ချက်များ၊ အာဘော်များ၊ ပြောဆိုချက်များကို ဂရုတစိုက်လေ့လာရပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဖြစ်ပျက်နေသည့် သတင်းများနှင့်ပတ်သက်ပြီး သတင်းမှန်များ ထုတ်ပြန်ပေးလျက် ရှိပါကြောင်း၊ ထိုကြားထဲက အဖြစ်မှန်ကို စုံစမ်းခြင်းမရှိဘဲ လိုရာဆွဲထုတ်ပြန်နေခြင်းသည် မေးခွန်းထုတ်စရာပင် ဖြစ်ပါကြောင်း ပြောကြားသည်။

ထိုကိစ္စနှင့် ပတ်သက်ပြီး ဖြစ်စဉ်အမှန်သတင်းများ၊ ဒေသခံအချို့၏ ဖြစ်စဉ်အမှန် ပြောကြားချက်များကို တရားဝင်ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါကြောင်း၊ မသမာသည့် သတင်းမီဒီယာများ၊ မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ပြီး ပြည်သူလူထုကို လမ်းမှားရောက်အောင် ပို့ဆောင်ပေးနေသည့် သံရုံးများ၏ ကြေညာချက်များသည် မည်သို့လုပ်ကြံဖန်တီးခဲ့ကြောင်း၊ မည်သူတို့၏ ပြောစကားအပေါ်အခြေခံပြီး နိုင်ငံတကာနှင့် ပြည်သူလူထုကို လိမ်လည်နေကြောင်း ဆက်လက်ပြီး မည်သို့လိမ်လည်နေသည်ကို ယနေ့တွင် သက်သေအထောက်အထားများနှင့် မိမိတင်ပြလိုပါကြောင်း။

ဩဂုတ် ၂ ရက်တွင် ကင်းမရွာ အကြမ်းဖက် PDF အဖွဲ့ဝင်နှင့် ကူညီအားပေးနေသူအချို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖောက်ခွဲရေးပစ္စည်းပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ၎င်းတို့သည် ကင်းမရွာဖြစ်စဉ်ကို အစအဆုံးသိရှိပြီး ထဲထဲဝင်ဝင် ပတ်သက်ခဲ့သူများ ဖြစ်ပါကြောင်း၊ ၎င်းတို့သုံးဦး၏ ဗီဒီယိုဖိုင်တွင် ၎င်းတို့၏ ဟန်ပန်အမူအရာများကို ကြည့်စေလိုပါကြောင်း၊ ၎င်းတို့သည် ၎င်းတို့လုပ်ခဲ့ခြင်းအတွက် ယခုအချိန်တွင် နောင်တရနေသူများဖြစ်ပြီး ဖြစ်ရပ်အမှန်ကို ပြည်သူလူထုကို ပြောပြချင်၊ သတိပေးချင်နေသည့်သူများ ဖြစ်ပါကြောင်း၊ ပထမဆုံးပြသလိုခြင်းသည် ကင်းမရွာဖြစ်စဉ်နှင့် ပတ်သက်ပြီး ထိုရွာ၏ ကျေးရွာသူတစ်ဦးဖြစ်သူ သူနာပြုတက္ကသိုလ်၊ တတိယနှစ်ကျောင်းသူတစ်ဦးဖြစ်သည့် မသဥ္ဇာထွန်း၏ ပြောပြချက်ဖြစ်ပါကြောင်း၊ ဖြစ်စဉ်ကို မည်သို့ဖိအားပေးခြင်းများကြောင့် လိမ်လည်ပြောဆိုခဲ့ရခြင်းများ၊ သူမအသံနှင့် သတင်းဌာနများက ထုတ်လွှင့်ခဲ့ခြင်းများ၊ ဖြစ်စဉ်အမှန်က မည်သို့ဆိုခြင်း၊ သူမကိုယ်တိုင်လက်လုပ်မိုင်း လုပ်နေခြင်းများ၊ နောက်ဆုံးထိန်းသိမ်းခံရပြီး နောက်ပိုင်းအထိ မီဒီယာအချို့က သူမ၏ ဖမ်းဆီးခံရသူအချို့ကို ပရဟိတသမားများအဖြစ် မဟုတ်မမှန်ထုတ်လွှင့်ခဲ့ခြင်းတို့ကို တွေ့ရမည်ဖြစ်ပါကြောင်း ပြောကြားပြီးနောက် မသဥ္ဇာထွန်းပြောကြားသည့် ဗီဒီယိုဖိုင်ကို ပြသသည်။

ဆက်လက်၍ နောက်တစ်ဦးမှာ ကိုစည်သူလွင် ဖြစ်ပါကြောင်း။ ၎င်းသည် ကင်းမရွာက မဟုတ်ဘဲ မတ္တရာကဖြစ်ပါကြောင်း၊ အကြမ်းဖက်သမားများ ထောင်ထားသည့်မိုင်းကြောင့် ရွာသားအချို့ ဒုက္ခရောက်ရပုံ၊ ရွာခံများက အကြမ်းဖက်သမားများကို ကြောက်ရွံ့နေရပုံများကို တွေ့ရှိရမည်ဖြစ်ပါကြောင်း ပြောကြားပြီး ကိုစည်သူလွင် ဝန်ခံပြောကြားသည့် ဗီဒီယိုဖိုင်ကို ပြသသည်။

အလားတူ နောက်တစ်ဦးမှာ မသဥ္ဇာထွန်း၊ ကိုစည်သူလွင်တို့နှင့် အတူ ထိန်းသိမ်းရမိခဲ့သူ၊ ကင်းမရွာ PDF အကြမ်းဖက်အဖွဲ့ဝင်တစ်ဦး ဖြစ်သည့် ကင်းမရွာသား ကိုအောင်ချစ်ဖြိုး၏ ပြောပြချက်ဖြစ်ပါကြောင်း ပြောကြားပြီး ကိုအောင်ချစ်ဖြိုး ဝန်ခံပြောကြားသည့် ဗီဒီယိုဖိုင်ကို ပြသသည်။

**အချက်အလက်အမှားများနှင့်မှိုင်းတိုက်**

ထိုဖြစ်စဉ်ဖြစ်ရပ်များတွင် ပါဝင်ပတ်သက်ခဲ့သည့် ကာယကံရှင်များ၏ ပြောပြချက်များကို လက်တွေ့သိမြင်ပြီး မိမိတို့နိုင်ငံ၏ ပြည်သူလူထုအပေါ် အမျိုးမျိုးသော သတင်းအမှားများ၊ အချက်အလက်အမှားများနှင့် မှိုင်းတိုက်ပြီး အချင်းချင်းစိတ်ဝမ်းကွဲပြားအောင်၊ နိုင်ငံတကာက အထင်အမြင်လွဲမှားအောင် လုပ်ကြံဖန်တီးနေသည့် ပြည်ဖျက်မီဒီယာများ၊ နိုင်ငံခြားသံရုံးအချို့၏ လုပ်ဆောင်ချက်အပေါ် သတိရှိကြရန် ပြောကြားလိုပါကြောင်း။

PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများကို လိုက်လံရန်ပြု သတ်ဖြတ်နေခြင်းဖြစ်ပါကြောင်း၊ နောက်ကွယ်ကနေ ကြိုးကိုင်နေသူအများစုသည် NLD ပါတီဝင်အစွန်းရောက်များ ဖြစ်ပါကြောင်း၊ ဩဂုတ် ၃ ရက်က စစ်ကိုင်းမြို့နယ် ဆင်တပ်ကျေးရွာ အုပ်ချုပ်ရေးမှူးကို အကြမ်းဖက်သမားများက ဓားနှင့်ထိုးပြီး သတ်ဖြတ်ခဲ့ပါကြောင်း၊ ဩဂုတ် ၂၀ ရက်တွင် အဆိုပါ တရားခံသုံးဦးကို ဖမ်းမိပါကြောင်း၊ ၎င်းတို့ကို စေခိုင်းသူက ထိုရွာက NLD ပါတီအမာခံများဖြစ်သည့် ယခင်အုပ်ချုပ်ရေးမှူးဟောင်းနှင့် နောက်တစ်ဦးဖြစ်ပြီး ငွေ ၅ သိန်းပေးပြီး စေခိုင်းခဲ့ခြင်းဖြစ်ပါကြောင်း ပြောကြားပြီး ၎င်းဖြစ်စဉ်တွင် ပါဝင်သူ သန်းနိုင်စိုး၏ ဝန်ခံပြောကြားချက်ကို ပြသသည်။

**လူငယ်များကိုမြှောက်ပင့်**

နောက်ဖြစ်စဉ်တစ်ခုမှာ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ၄၄ လမ်း တိုက်အမှတ် (၁၆) (၃)လွှာ ဖြစ်စဉ်ဖြစ်ပါကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်

*စာမျက်နှာ ၁၇ သို့*



မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများမှ ကိုယ်စားလှယ်များ သတင်းစာရှင်းလင်းပွဲတွင် ခင်းကျင်းပြသထားသည်ကို ကြည့်ရှုလေ့လာစဉ်။

**❑ မိမိတို့နိုင်ငံသည် စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ ကျင့်သုံးရန် ဆောင်ရွက်နေသည့် နိုင်ငံဖြစ်ကြောင်း၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ နိုင်ငံတော်အစိုးရအနေဖြင့် ခိုင်ခိုင်မာမာ အာမခံထားပြီးဖြစ်ကြောင်း၊ မိမိတို့၏ ယခုလမ်းကြောင်းသည် မည်သည့်အခါမှ သွေဖည်သွားမည်မဟုတ်**

*စာမျက်နှာ ၁၆ မှ*

များအနေနှင့် ထိုနေရာတွင် အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးအတွက် အသုံးပြုရန်ပစ္စည်းများ ဝှက်ထားကြောင်း သတင်းရသည့်အတွက် ဝင်ရောက်စစ်ဆေးခဲ့ပါကြောင်း၊ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို အကြမ်းဖက်လုပ်ရပ်များတွင် အသုံးပြုမည့် လက်ပစ်ဗုံး ၁၆ လုံး၊ ယမ်းပျော့များ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ဝင်ရောက်စစ်ဆေးစဉ်တွင် ငါးဦးသည် တိုက်ခန်းပေါ်က ခုန်ချထွက်ပြေးကြသဖြင့် နှစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရခဲ့ပြီး တပ်မတော်ဆေးရုံတွင် ဆေးကုသပေးနေပါကြောင်း၊ ထုံးစံအတိုင်း ပြည်ဖျက်မီဒီယာများက လုပ်ကြံဖန်တီးသတင်းများ ချက်ချင်းထုတ်လွှင့်ကြပြီး လူငယ်များကို မြှောက်ပင့်ပေးရန်၊ လမ်းမှား ထပ်ရောက်စေရန်အတွက် အာဇာနည်၊ သူရဲကောင်းဆိုသည့် အသုံးအနှုန်းများကိုပါ သုံးနှုန်းခဲ့ခြင်းကိုလည်း တွေ့ရပါကြောင်း၊ ၎င်းတို့ ဘာတွေလုပ်ခဲ့ကြသည်၊ ထိုနေ့က ဖြစ်စဉ်အမှန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်များ၊ ဖမ်းဆီးရမိသူနှစ်ဦး၏ ပြောပြချက်များကို သတင်းထုတ်ပြန်ပြီး ဖြစ်ကြောင်း၊ ဤကဲ့သို့ သတင်းထုတ်ပြန်ပြီးနောက်ပိုင်းတွင် ထိုအဖွဲ့ထဲက ထွက်ပြေးလွတ်မြောက်သွားသူ တစ်ယောက်ကို ပြည်ဖျက်မီဒီယာများက မေးမြန်းထားပြီး ဖြစ်ရပ်မှန်ကို ဖုံးကွယ်မှုများ၊ တိုက်ပေါ်က ခုန်ချပြီးသေဆုံးခဲ့သော အမျိုးသမီးတစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မဖွယ်မရာလုပ်ခဲ့သကဲ့သို့ ပြောဆိုခဲ့မှုများကိုထုတ်လွှင့်ခဲ့ကြောင်း၊ ဖမ်းဆီးရမိသူတစ်ဦးဖြစ်သော မပိုးကျော့ကျော့ခန့်၏ ထပ်မံပြောကြားချက်ကို ပြသလိုကြောင်းပြောကြားပြီး မပိုးကျော့ကျော့ခန့်၏ ထွက်ဆိုပြောကြားချက် ဗီဒီယိုကို ပြသသည်။

ဆက်လက်၍ ယခုနောက်ပိုင်းတွင် အကြမ်းဖက်အဖွဲ့များ၊ ဖောက်ခွဲဖျက်ဆီးရေးအဖွဲ့များကို ဖမ်းဆီးရမိသည့်အချိန်တွင် သတိထားစရာကောင်းသည့်အချက်မှာ ထိုအဖွဲ့တိုင်းလိုလိုနီးပါး အထူးသဖြင့် ရန်ကုန်ကဲ့သို့သော မြို့ကြီးများက အကြမ်းဖက်အဖွဲ့များတွင် အမျိုးသမီးငယ်များ ပါဝင်နေကြကြောင်း။ ၎င်းတို့သည် အများအားဖြင့် အိမ်ထောင်မရှိသူ (အပျို)များလည်း ဖြစ်နေတတ်ကြောင်း၊ သို့သော်လည်း စစ်ဆေးတွေ့ရှိချက်များအရ လက်မထပ်ရသေးဘဲ (Living Together) ပုံစံမျိုးများလည်း ဖြစ်နေကြကြောင်း၊ အချို့လည်း ကိုယ်ဝန်ရှိနေခြင်းများကို တွေ့ရကြောင်း၊ အမျိုးသမီးများမှာ အမျိုးသားများထက် မခံချင်စိတ်ပိုများကြကြောင်း၊ မတရားဘူးဟု ၎င်းတို့စိတ်ထဲ ယူဆလာလျှင် သနားစိတ်၊ မခံချင်စိတ် စသည့်စိတ်များကို မသမာသူ နိုင်ငံရေးသမားများက အသုံးချနေခြင်းဖြစ်ကြောင်း။

**ပြည်ဖျက်မီဒီယာများ၏ လှုံ့ဆော်မှုကြောင့် လမ်းမှားကို ရောက်ခဲ့**

ထို့အပြင် ဤလူငယ်၊ လူရွယ်များကို စစ်ဆေးကြည့်သည့်အချိန် မူးယစ်ဆေးသုံးစွဲမှုများနှင့် ပတ်သက်နေသည်ကိုလည်း တွေ့ရကြောင်း၊ မိဘပြည်သူများအနေဖြင့် သတိထားနိုင်ကြရန် မေတ္တာရပ်ခံလိုကြောင်း၊ ထိုလူငယ်လေးများကို ကြည့်ပါက မသမာသည့် နိုင်ငံရေးသမားများ၊ ပြည်ဖျက်မီဒီယာများ၏ လှုံ့ဆော်မှုကြောင့် လမ်းမှားကို ရောက်ခဲ့ရသည့်သူများသာဖြစ်ကြောင်း၊ သား၊ သမီးချင်းမစာနာဘဲ Online ပေါ်ကတစ်ဆင့်၊ မီဒီယာများမှတစ်ဆင့် လူငယ်များ၊ ရိုးသားသော ပြည်သူလူထုများကို နေ့စဉ်လမ်းမှားသို့ ရောက်ရှိစေရေး သွေးထိုးလှုံ့ဆော်နေမှုများကို သတိရှိကြရန် ပြောလိုကြောင်း၊ ဤကဲ့သို့ အခြေအနေမျိုးများတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အချို့အနေဖြင့် NUG၊ CRPH နှင့် PDF အမည်ခံ အဖွဲ့အစည်းများကို စစ်သင်တန်းပေးနေမှုများ၊ လက်နက်များ၊ ထောက်ပံ့နေမှုများကိုလည်း တွေ့ရကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဇွန် ၂၂ ရက်က မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်မှ အကြမ်းဖက်သမားများ ခိုအောင်းနေသော နေအိမ်နှစ်လုံးကို လုံခြုံရေးအရ ဝင်ရောက်စစ်ဆေးခဲ့ရာ အကြမ်းဖက်အဖွဲ့ဝင်ရှစ်ဦးအသေဖမ်းမိပြီး ၎င်းတို့နှင့်အတူ သေနတ်ရှစ်လက်၊ လက်ပစ်ဗုံးအလုံး ၅၀ နှင့် လက်လုပ်မိုင်းများကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ထိုရှစ်ဦးထဲမှ နှစ်ဦးသည် KIA အဖွဲ့က ဗိုလ်အဆင့်ရှိ တူးဖိုးနှင့် ကိုရှိုင်းတို့ပါဝင်ပြီး အကြမ်းဖက်လုပ်ရပ်များကို ၎င်းတို့က ဦးဆောင်နေခြင်းဖြစ်ကြောင်း။

ဇွန် ၂၃ ရက်၌ မန္တလေး (PDF) အဖွဲ့ဝင် မိုးတိမ်နှင့်လေးဦးကို မန္တလေးသို့ လက်နက်များသယ်ယူစဉ် ဖမ်းမိခဲ့ကြောင်း၊ လက်နက်မျိုးစုံ ၁၁၄ လက်၊ ကျည်မျိုးစုံ ၁၀၀၀၀၀ တောင့်၊ လက်ပစ်ဗုံး ၄၉၉ လုံး၊ ၄၀ မမဗုံးသီး ၁၄၇၃ လုံးနှင့် ဖောက်ခွဲရေးပစ္စည်းများ ပါဝင်ကြောင်း၊ ၎င်းတို့က KIA တွင် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းတက်ခဲ့ပြီး ဇွန် ၁၉ ရက်တွင် KIA အဖွဲ့ကပေးသည့် လက်နက်ခဲယမ်းနှင့် မိုင်းများကို ကချင်ပြည်နယ် မန်စီမြို့မှတစ်ဆင့် ငါးအိုး-သပိတ်ကျင်း လမ်းကြောင်းအတိုင်း မန္တလေးမြို့သို့ သယ်ဆောင်စဉ် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူ ဩဂုတ် ၈ ရက်တွင်လည်း ဗုံးအလုံး ၈၀ နှင့် ဆက်စပ်ပစ္စည်းများကို မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၌ ဖမ်းမိခဲ့ကြောင်း၊ ဩဂုတ် ၄ ရက်တွင် KIA တပ်မဟာ(၈)၌ အကြမ်းဖက်သင်တန်းတက်နေသောသူများကို ထောက်ပံ့ပေးနေသော မိုးညှင်းမြို့နယ် NLD ပါတီဝင် သက်ထားနှောင်းကို KIA တပ်မဟာ ၈ ကိုထောက်ပံ့ပေးနေသည့် ထောက်ပံ့ရေးပစ္စည်းများနှင့်အတူ ဖမ်းမိခဲ့ကြောင်း။

၎င်း၏ ထွက်ဆိုချက်များအရ ပါဝင်ပတ်သက်သူများသည် ဖော်ပြထားသည့် ဇယားအတိုင်း ဖြစ်ကြောင်း၊ NLD ပါတီဝင်များဖြစ်ပြီး အကြမ်းဖက်အဖွဲ့အစည်း CRPH အဖွဲ့ဝင် ဖြူဖြူသင်း၊ NUG အဖွဲ့ဝင် တင်အေး၊ မင်းဆွေနိုင်၊ ကျော်စွာဝင်း၊ ကသာမြို့နယ် NLD ပါတီဝင် ကျော်စွာဝင်း၊ မိုးညှင်းမြို့နယ်က NLD ပါတီဝင်များ ပါဝင်ကြောင်း၊ PDF အမည်ခံ အကြမ်းဖက်သမားများ၊ မိုင်းထောင်၊ မိုင်းခွဲ တိုက်ခိုက်နေသည့် အကြမ်းဖက်အဖွဲ့များ၊ လူငယ်လူရွယ်များကို အချို့ EAO အဖွဲ့ထဲတွင် စစ်သင်တန်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်း တက်ရောက်စေရန်အတွက် လူစုခြင်း၊ စေလွှတ်ခြင်းများ ဆောင်ရွက်နေသူများကို ဖော်ထုတ်ဖမ်းဆီးရမိတိုင်းတွင် ၎င်းတို့ကို စေခိုင်းနေသူများ၊ ထောက်ပံ့နေသည့်သူများသည် NLD ပါတီဝင်များသာ ဖြစ်နေသည်ကို တွေ့ရကြောင်း၊ အထောက်အထားများ၊ ဆက်စပ်မှုများကို Board ၌ စုံစုံလင်လင်ပြသထားကြောင်း။

**အဖျက်အမှောင့်လုပ်ငန်းများ**

TNLA အနေဖြင့်လည်း နောင်ချိုမြို့နယ် နောင်စိုးလေးကျေးရွာအနီး PDF အကြမ်းဖက်များကို သင်တန်းပေးခြင်း၊ လက်နက်များ ထောက်ပံ့ခြင်းတို့ ဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း၊ လက်နက်တပ်ဆင်ပေးပြီး မန္တလေးနှင့် စစ်ကိုင်းဒေသအတွင်းသို့ ဝင်ရောက်ပြီး အဖျက်အမှောင့်လုပ်ငန်းများလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဖမ်းဆီးရမိလက်နက်များ၊ သင်တန်းကျောင်းနေရာ ဓာတ်ပုံများကို သင်ပုန်းတွင် ပြသထားကြောင်း၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များထဲ၌လည်း အားလုံးမဟုတ်ဘဲ အဖွဲ့အစည်းထဲက တပ်မဟာအချို့သာ ထိုကဲ့သို့ ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ ဥပမာအားဖြင့် KIA တွင် တပ်မဟာ ၃ နှင့် တပ်မဟာ ၈ တို့က ဆောင်ရွက်နေကြောင်း၊ KNU တွင် တပ်မဟာ ၅ က ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ မိမိတို့အနေဖြင့် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက်ကို အမြဲဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးတံခါးကို အမြဲဖွင့်လှစ်ထားကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ်တွင်လည်း **"တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်** (NCA) **ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်"** ဟု ချမှတ်ထားကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့်လည်း ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၅ ရက်၌ ကျင်းပခဲ့သော NCA (၃) နှစ်ပြည့် အခမ်းအနားမှာကတည်းက ငြိမ်းချမ်းရေးဆွေးနွေးရာ၌ **"ငြိမ်းချမ်းရေးထက် အရေးကြီးတာ ဘာမှမရှိဘူး။ ငြိမ်းချမ်းရေးကိုလိုလားရင် ငြိမ်းချမ်းရေးကိုလိုလားတဲ့ အပြုအမူမျိုး တွေ့ရှိဖို့လိုတယ်"** ဟု ပြောကြားခဲ့ကြောင်း၊ EAO များအနေဖြင့် NCA တွင် လက်မှတ်ရေးထိုးထားသည်ဖြစ်စေ၊ လက်မှတ်ရေးထိုးမထားသည်ဖြစ်စေ နိုင်ငံတော်နှင့် ပြည်သူလူထုက သွားနေသော ပါတီစုံဒီမိုကရေစီစနစ်တွင် ဒီမိုကရေစီလုပ်ထုံးလုပ်နည်းများနှင့် အညီသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

PDF အမည်ခံ အကြမ်းဖက်သမားများကို လက်နက်ထောက်ပံ့နေမှု၊ အကြမ်းဖက်သင်တန်းများ ပေးနေမှု၊ EAO အဖွဲ့ထဲတွင် တာဝန်ထမ်းဆောင်ခိုင်းနေမှု၊ တာဝန်မထမ်းဆောင်ချင်၍ ထွက်ပြေးနေသူများကို ဖမ်းဆီးနှိပ်စက်နေမှုများ၊ ၎င်းတို့ လှုပ်ရှားနေသော နယ်မြေအတွင်း၌ အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်နေမှုများသည် ငြိမ်းချမ်းရေးနှင့် လုံးဝမအပ်စပ်သည့် လုပ်ငန်းများသာဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးလွှမ်းခြုံမှုသာ လွတ်လပ်တရားမျှတသောရွေးကောက်ပွဲဆိုသည့် အဓိပ္ပာယ်ပြည့်စုံမည်ဖြစ်ကြောင်း၊ လက်နက်ကိုင်သောင်းကျန်းမှုသည် လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲဆိုသည့် ပုံရိပ်ကို ထိခိုက်စေနိုင်ကြောင်း၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့ အနေဖြင့် အကြမ်းဖက်သမားများကို အားပေးနေသည့် လုပ်ရပ်များမလုပ်ကြရန် သတိပေးလိုကြောင်း ပြောကြားသည်။

**ဖမ်းဆီးဖော်ထုတ်ရရှိမှုများ**

ဆက်လက်၍ နိုင်ငံတော်အစိုးရနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ပြည်သူလူထုအသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် လုံခြုံရေးကိစ္စများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တည်ငြိမ်အေးချမ်းမှုကို လိုလားသော ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုလည်း မြင့်တက်လာခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်မှုများကြောင့် နိုင်ငံတစ်ဝန်း၌ အကြမ်းဖက်သမားများ ဖမ်းဆီးရမိမှုများ၊ လက်နက်ခဲယမ်းနှင့် အကြမ်းဖက်ပစ္စည်းများ ဖမ်းဆီးဖော်ထုတ်ရရှိမှုများ အများအပြားရှိခဲ့ကြောင်း၊ ဩဂုတ်လ လဆန်းပိုင်းနှင့် လလယ်ပိုင်းတွင် NLD ပါတီ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်းနှင့် အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG မှ ဇေယျာသော်နှင့် မြတ်မင်းသူတို့၏စေခိုင်းမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ရပ်များကျူးလွန်ခဲ့သော PDF အမည်ခံအကြမ်းဖက်အဖွဲ့ သင်္ဃန်းကျွန်းမှ ၃ ဦး၊ စမ်းချောင်းမှ ၆ ဦး၊ လှိုင်သာယာမှ ၁၁ ဦး၊ ဒဂုံဆိပ်ကမ်းမှ ၇ ဦး၊ ထန်းတပင်မှ ၅ ဦး၊ ကွမ်းခြံကုန်းမှ ၆ ဦး စုစုပေါင်း ၃၈ ဦးကို သေနတ် ၅ လက်၊ ကျည်မျိုးစုံ ၃၀၉ တောင့်၊ ပြုလုပ်ဆဲလက်လုပ်သေနတ် ၂၅ လက်၊ လက်ပစ်ဗုံး ၃ လုံး၊ လက်လုပ်မိုင်း ၈၁ လုံး၊ ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးထွက်ဆိုချက်များအရ ၎င်းတို့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အများပြည်သူများနှင့် သက်ဆိုင်သည့် နေရာများတွင် ဖောက်ခွဲဖျက်ဆီးမှု ၁၇ ကြိမ် ပြုလုပ်ခဲ့သူများဖြစ်ကြောင်း၊ ၎င်းတို့၏ဆက်စပ်မှု၊ ပြစ်မှုကျူးလွန်ခဲ့သူများကို Board တွင် ပြသထားကြောင်း။

အလားတူ ယခု ဩဂုတ်လစတုတ္ထပတ်အတွင်းတွင်လည်း ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် လရိပ်ချိုတည်းခိုခန်းမှ ဖမ်းဆီးရမိခဲ့သော အကြမ်းဖက်သမားများနှင့် ပတ်သက်ပြီး အကြမ်းဖက်သမား ၂၂ ဦးကို ဖမ်းဆီး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ ၎င်းတို့နှင့်အတူ သေနတ် ၈ လက်၊ ကျည်မျိုးစုံ ၂၀၀ ကျော်၊ မိုင်းများ၊ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ

*စာမျက်နှာ ၁၈ သို့*



ဇွန်လ ၂၃ ရက်က ရန်လင်းအောင် (ခ) မိုးတိမ်နှင့် ဝေယံလင်း (ခ) ထွန်းတောက်နိုင် အပါအဝင်လေးဦးကို လက်နက်/ခဲယမ်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။

# ရသေ့တောင်မြို့၌ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများနှင့် ဦးစားပေးအုပ်စုတွင် ပါဝင်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအကြိမ် ဆက်လက်ထိုးနှံ

ရသေ့တောင် ဩဂုတ် ၂၉

ရခိုင်ပြည်နယ် ရသေ့တောင်မြို့၌ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများ၊ ရဟန်းသံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဦးစားပေးအုပ်စုတွင် ပါဝင်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးခြင်းကို ယနေ့ နံနက်မှစ၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ထိုးနှံပေးလျက်ရှိသည်။ (ယာပုံ)

ထိုသို့ ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေးရာတွင် မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ကြီးကြပ်မှုဖြင့် ကိုဗစ်ကာကွယ်ဆေး ထိုးနှံကြမည့် သက်ကြီးရွယ်အိုများ အဆင်ပြေချောမွေ့စွာ ထိုးနှံနိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ကာကွယ်ဆေးမထိုးမီ ကိုယ်အပူချိန်တိုင်းခြင်း၊ စာရင်းရေးသွင်းခြင်း၊ သွေးပေါင်ချိန်တိုင်းခြင်း၊ အောက်ဆီဂျင်တိုင်းခြင်း စသည့်ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးခြင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းထက်နှင့် တာဝန်ရှိသူများက



လှည့်လည်ကြည့်ရှုအားပေးစကား ပြောကြားသည်။

ဩဂုတ် ၁ ရက်က ထိုးနှံခဲ့သည့် ရသေ့တောင်မြို့ တောင်းရင်းတန်းရပ်ကွက်နှင့် ချောင်းဝရပ်ကွက်တို့မှ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများ၊ ရဟန်းသံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဦးစားပေးအုပ်စုတွင် ပါဝင်သူ ၇၄ ဦးတို့အား နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**အောင်စံထွန်း၊ ဓာတ်ပုံ-ထွန်းလင်းကျော်**

# ကျောက်မြောင်းမြို့ ရတနာသိမ်တံတားအနီး ရောဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်

ကျောက်မြောင်း ဩဂုတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတများ ရေရှည်တည်တံ့ပြန့်ပွားစေရေး၊ ဒေသတွင်းငါးရိက္ခာများ ဖူလုံစွာ စားသုံးနိုင်ရေး၊ သားစဉ်မြေးဆက် ငါးစားသုံးနိုင်စေရေးအတွက် ရောဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ကျောက်မြောင်းမြို့ ရတနာသိမ်တံတားအနီး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရွှေဘိုခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးဦး၊ ရွှေဘို တပ်နယ်မှူး ဗိုလ်မှူးကြီးအောင်အောင်၊ ရွှေဘိုခရိုင် ငါးမျိုးစိုက်ထည့်မှု ကြီးကြပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်ဝင်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးအောင်သန်းဦးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ရွှေဘိုငါးလုပ်ငန်းစခန်းမှ ငါးမြစ်ချင်းသားပေါက်ကောင်ရေ လေးသိန်း၊ ငါးခုံးမကြီး သားပေါက်ကောင်ရေ နှစ်သိန်း၊ ရွှေဝါငါးကြင်းသားပေါက်ကောင်ရေ ငါးသောင်း စုစုပေါင်းကောင်ရေ ခြောက်သိန်းငါးသောင်းကို မျိုးစိုက်ထည့်ပေးသည်။ ရွှေဘိုငါးလုပ်ငန်းစခန်းအနေဖြင့် ၂၀၂၀-၂၀၂၁ ခုနှစ် နှစ်လက်မအရွယ် ငါးမျိုးစိုက်လျာထားချက် ၁၀ ဒသမ ၅ သိန်းဖြစ်ပြီး မြစ်ချောင်းများအတွင်း ငါးသားပေါက်ကောင်ရေ ၈ ဒသမ ၅ သိန်းနှင့် ဆည်အတွင်း ငါးသားပေါက်ကောင်ရေ နှစ်သိန်း မျိုးစိုက်ထည့်မှုပြီးစီးကြောင်း သိရသည်။ **သတင်းစဉ်**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



*စာမျက်နှာ ၁၇ မှ*

နှင့် WY စိတ်ကြွဆေးပြားအချို့ ဖမ်းမိခဲ့ကြောင်း၊ ၎င်းတို့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အများပြည်သူများနှင့် သက်ဆိုင်သော နေရာများတွင် ဖောက်ခွဲဖျက်ဆီးမှု ၄ ကြိမ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အပြစ်မဲ့ပြည်သူများကို ပစ်ခတ်လုပ်ကြံမှု ၈ ကြိမ် ကျူးလွန်ခဲ့သူများဖြစ်ကြောင်း၊ ထိုအဖွဲ့ ၂ ဖွဲ့၏ သတင်းအပြည့်အစုံကို မကြာခင် မိမိတို့ ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း။

### အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူများသေဆုံး

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဩဂုတ် ၂၆ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုင်းပေါက်ကွဲမှု ၆၁၉ ကြိမ်ရှိပြီး တရားခံဖော်ထုတ်နိုင်မှု ၂၁၁ ကြိမ်နှင့် တရားခံ ၃၂၂ ဦးကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူများသေဆုံးမှုအနေနှင့် ၈၄ ဦးရှိပြီး တရားခံဖော်ထုတ်နိုင်မှု ၂၇ ကြိမ်နှင့် တရားခံ ၅၉ ဦးကို ဖော်ထုတ်ဖမ်းဆီး ရမိခဲ့ပါကြောင်း၊ လက်နက်/ခဲယမ်း ဖော်ထုတ်ဖမ်းဆီးရရှိမှုအနေနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာပင် ၁၁၆ ကြိမ်၊ တရားခံ ၁၉၉ ဦးနှင့် လက်နက်မျိုးစုံ ၅၈ လက်၊ ခဲယမ်းမျိုးစုံ ၂၉၇၅ တောင့်၊ ဖောက်ခွဲရေးနှင့် ဆက်စပ်ပစ္စည်းများ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါကြောင်း၊ အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်း မိုင်းပေါက်ကွဲမှု ၄၆၇ ကြိမ်ရှိပြီး တရားခံဖော်ထုတ်နိုင်မှု ၂၁၆ ကြိမ်နှင့် တရားခံ ၇၄ ဦး ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးမှု ၁၂၆ ဦးရှိပြီး တရားခံဖော်ထုတ်နိုင်မှု ၂၅ ကြိမ်နှင့် တရားခံ ၆၈ဦး ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါကြောင်း၊ လက်နက်/ခဲယမ်း ဖော်ထုတ်ဖမ်းဆီးရရှိမှုအနေနှင့် ၁၁၈ ကြိမ်၊ တရားခံ ၁၅၆ ဦးနှင့် လက်နက်မျိုးစုံ ၉၃၈ လက်၊ ခဲယမ်းမျိုးစုံ ၃၄၃၅၁ တောင့်၊ ဖောက်ခွဲရေးနှင့် ဆက်စပ်ပစ္စည်းများ ဖော်ထုတ်ဖမ်းဆီး ရမိခဲ့ပါကြောင်း။

နိုင်ငံ၏နေရာအနည်းစုတွင် အကြမ်းဖက်မှုများ၊ လက်နက်ကိုင်သောင်းကျန်းမှုများရှိနေဆဲဖြစ်သော်လည်း ယခင်ကထက်စာလျှင် များစွာလျော့ကျသွားပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီကျင့်သုံးရန် ဆောင်ရွက်နေသည့် နိုင်ငံဖြစ်ကြောင်း၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ နိုင်ငံတော်အစိုးရအနေဖြင့် ခိုင်ခိုင်မာမာ အာမခံထားပြီးဖြစ်ကြောင်း၊ မိမိတို့၏ ယခုလမ်းကြောင်းသည် မည်သည့်အခါမှ သွေဖည်သွားမည်မဟုတ်ကြောင်း၊ ဒီမိုကရေစီစနစ်အပေါ်၌လိမ်လည် မသမာမှုလုပ်ခဲ့သည့် မဲမသမာမှုများကြောင့်သာ အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်တာဝန်ရယူခဲ့ရခြင်းဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ထပ်မံကျင်းပပေးရန်လည်း အာမခံပြီးဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ တည်ဆဲဥပဒေများနှင့် အညီသာ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးနေသော အကြမ်းဖက်များကိုသာ ဥပဒေနှင့် အညီ ဆောင်ရွက်လျက်ရှိသည်ကို အသိပေးလိုပါကြောင်း။

### စီးပွားရေးပြန်လည်ဦးမော့လာစေရန်အတွက် ဆောင်ရွက်လျက်ရှိ

ကိုဗစ်ကာလအတွင်း ကမ္ဘာ့နိုင်ငံတိုင်းလိုလိုတွင် စီးပွားရေးလုပ်ငန်းများ တုံ့နှေးခြင်း၊ ကျဆင်းခြင်းများ ဖြစ်နေကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်စီးပွားရေး ပြန်လည်ဦးမော့လာစေရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသော နိုင်ငံဖြစ်သည့်အတွက် ထိုကဏ္ဍများ တိုးတက်လာစေရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာတွင်ကိုဗစ်ကာလအတွင်း အခြားစီးပွားရေးကဏ္ဍများ၊ ဝယ်လိုအားများ ကျဆင်းသည် မှန်သော်လည်း လူများ၏ နေ့စဉ်အခြေခံစားရေးလိုအပ်ချက်မှာ မကျဆင်းကြောင်း၊ စား၊ ရေ၊ ရိက္ခာလိုအပ်ချက်က ရှိနေဆဲ ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အခြေခံစီးပွားရေးဖြစ်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ပြီး ပြည်တွင်း စား၊ ရေ၊ ရိက္ခာဖူလုံရေးမှသည် ပြည်ပသို့ပိုမိုတင်ပို့နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တိုင်းပြည်၏ အင်အားသည် ပြည်တွင်းမှာသာရှိကြောင်း၊ ထို့အတွက်လည်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို သီးခြားဖွဲ့စည်းပြီး လက်တွေ့ကျကျ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တိုင်းပြည်စီးပွားရေးကို ဦးမော့လာအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။ *(ဆက်လက်ဖော်ပြပါမည်)*

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၀-၈-၂၀၂၁ တနင်္လာနေ့

### MRTV HD

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ မောရသုတ်၊ အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၉:၁၀** နဝင်္ဂဥပေါသထသီလ
**၀၉:၅၀** စိုက်ပျိုးရေးရာအဖြေရှာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၃၅** ပြည်သူ့နီတိ 'ဟတာဗိဒင်'
**၁၃:၁၀** MRTV National News
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ '**သမိုင်းဘာသာရပ်**'
**၁၆:၃၅** အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
**၁၇:၀၅** This Week's Special Interest
**၁၇:၃၅** ကျန်းမာရေးမဂ္ဂဇင်း '**ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ**'
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၂၅** သွေးချင်းတို့ရဲ့ ရိုးရာယဉ်ကျေးမှုများဆီ
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**နှလုံးသားဒေါ်ဆောင်ရာ**' (အပိုင်း-၅၅)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
**၂၁:၂၅** ဝသာန်ဒါပီတေးသံသီ ပျော်ဖြေမှုအစီအစဉ်
**၂၁:၄၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**အိမ်ထောင်ရေးပညတ်ချက်များ**' (အပိုင်း-၂၉)

### mitv

**07:01** News
**07:26** The Art of Sand Painting
**07:35** Myanmar Social & Charitable Association (EP-3) (Part-1)
**08:00** Myanmar Masterclass: Artist Maung Aye
**08:10** Marvelous Solo Cane Ball Playing
**08:28** Ecotourism: Pyarswal Elephant Camp And Mawlaik Golf Course
**08:39** Charming & Fragrant Sabai
**08:48** Kayin Child Boxer
**09:01** Ngapali, Unique Spot To Relax
**09:19** Myanmar Chef (Japanese)
**09:27** Unique Pattern Of Myanma Ethnic Group: A Trend Of Chin Traditional Dress
**10:14** Products of Myanmar - Seashells Products
**11:16** Myanma Agarwood

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ခံတွင်းမြိန်စေမယ့်ကယားရိုးရာမာလာဖူးသုပ်
**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ဖျိုင်းဖြူရွာလေးကရေလုပ်သားကြီးရဲ့ဘဝ
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
သာယာလှပဝင်းရော်ဒေသ
**ချင်း (လိုင်စိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ဆန်းပြားလှပသည့် နာခေါင်းရိုးရာပလွေမှုတ်
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ဖူးသီး၏ကျန်းမာရေးအကျိုးကျေးဇူးများ
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မွန်ဘာသာစကားပြောကြရအောင် (အပိုင်း-၂)
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ညီငယ်မင်းသားလေးနှင့်ကျွန်တော်
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ပေပေါင်း(၈၀၀၀)ကျော်မြင့်တဲ့မဲနယ်တောင်တန်းမှတောင်ဇလပ်ပန်းများရှိရာဆီသို့
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
သံပရာသီးနှင့်ကျန်းမာရေး
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
အမိမြန်မာပြည်မြောက်ပျားစွန်းဘက်ကရေခဲတောင်ရှိရာဆီ

### MRTV PARLIAMENT

**၀၉:၀၀** အဖွင့်၊ အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၃)
**၁၁:၀၀** 'လူမိုက်တို့သွားရာလမ်း'
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၃)

### MRTV SPORTS

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ် ကုသရေးဆေးနှင့် ပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၉

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ် ကုသရေးဆေးနှင့် ပစ္စည်းများကို လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ ဩဂုတ် ၂၉ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီသုံးခုမှ Pantocid Iv Injection ၈၀၀၂၈ ခု၊ Latoprost Rt ၄၆၀၂ ခု၊ Pantocid 20 Tablets ၁၄၁၂၆ ခု၊ Virnux Injection ၆၀၀၀၊ Test Kit ၂၅၀၀၊ နယ်စပ်(ချင်းရွှေဟော်၊ မူဆယ်၊ မြဝတီ၊ လွယ်ဂျယ်) တွင် ကုမ္ပဏီ ၁၃ ခုမှ Oxygen Mask ၈၉၈၀၊ Oxygen Concentrator ၁၃၁၇ ခု၊ Mask ၁၂၈၃၂ ခု၊ Liquid Oxygen ၁၉ ဒသမ ၃၃ တန်၊ Liquid Oxygen ၁၄၈၅၄ $m^3$၊ PPE ၂၀၀၊ PPE ၉၈၈၉ Kg၊ Oxygen Cylin-der ၁၉၀၊ Flow Meter ၁၂၀၀၊ Thermometer ၆၃၈ ခု၊ Nasal Cannual ၂၃၅၀၊ Oximeter ၄၆၈ ခု၊ Cadaver Bag ၁၄၅ Kg၊ Medical Waste Bag ၃၀ Kg ရရှိသည်။ တို့ကို ထုတ်ပေးခဲ့ကြောင်းသတင်း



သတင်းစဉ်

# ကသာမြို့၌ အောက်ဆီဂျင်အိုးများ ထောက်ပံ့ပေးအပ်

ကသာ ဩဂုတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ကိုဗစ်-၁၉ ကာကွယ်ရေးကော်မတီက ကသာမြို့ ရောကမ်းသာ အောက်ဆီဂျင်အသင်းသို့ လီတာ ၄၀ အိုးကြီး(အရည်ပါ) ၁၀ လုံး၊ ဖလိုးမီတာ ငါးလုံးနှင့် မျိုးဆက်သစ်လူငယ်ပရဟိတအသင်းသို့ လီတာ ၄၀ အိုးကြီးသုံးလုံး၊ ဖလိုးမီတာ သုံးလုံးတို့ကို ဩဂုတ် ၂၆ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ထောက်ပံ့ပေးအပ်ရာ ကသာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထက်ဝင်းက သက်ဆိုင်ရာ အသင်းတာဝန်ရှိသူများသို့ ပေးအပ်ကြောင်း သိရသည်။

လူအောင်(ကသာ)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၉ - ၈ - ၂၀၂၁

**ရွှေ**

| | | | | | | |
|---|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၉၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၉၂၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၉၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၉၂၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၉၅/၁၀၂၀ ကျပ် | ၁၀၂၀/၁၀၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၀၀/၁၀၃၀ ကျပ် | ၁၀၃၅/၁၀၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၅၀/၁၀၇၅ ကျပ် | ၁၁၀၀/၁၁၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၇၀/၁၁၁၅ ကျပ် | ၁၁၇၅/၁၂၁၅ ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၆၃ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၅၄ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၃၀ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၉၂၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၁၀ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၉၆ . ၉၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၆ . ၆၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၂ . ၅၀၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၉၀၀၀ | ၁၅၀၀ | ၁၃၃၈၀၀၀၀ |
| MTSH | ၃၂၅၀ | ၃၃၀၀ | ၂၁၄၁ | ၆၉၅၈၃၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၁၀ | ၈၀၀၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၁ | ၂၇၀၀ |
| EFR | ၃၂၀၀ | ၃၂၀၀ | ၁ | ၃၂၀၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၅ | ၂၄၅၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ဇာတ်တော်ကြီးဆယ်ဘွဲ့

# ဝေဿန္တရာဇာတ်တော်

**မြတ်မင်းလိုင်**

**ရှေးလွန်လေပြီးသောအခါ သိဝိရာဇ်တိုင်း၊ စေတုတ္တရာပြည်၌ သိဝိရာဇ်မင်းကြီးသည် မင်းပြု၏။ ထိုမင်းကြီး၌ သားတော်သိဉ္စည်းမင်းသားရှိပြီး မဒ္ဒရာဇ်မင်း၌ သမီးတော် ဖုဿတီဒေဝီရှိသည်။**



ဖုဿတီဒေဝီ၏ အတိတ်ဘဝကား ဤကမ္ဘာမှ ရေတွက်လျှင် (၉၁) ကမ္ဘာ၌ ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူစဉ် ဗန္ဓုမတီပြည်ကို အစိုးရသော ဗန္ဓုမင်း၏ သမီးတော်ကြီးဖြစ်ခဲ့သည်။ မင်းကြီးအား တစ်ပါးနိုင်ငံမင်းက အဖိုးများစွာထိုက်တန်သော စန္ဒကူးနံ့သာနှစ်နှင့် ရွှေပန်းကုံးတို့ကို ဆက်သ၏။ မင်းကြီးသည် သမီးတော်နှစ်ပါးအား လက်ဆောင်အဖြစ်ပေးတော်မူသည်။ သမီးတော်အကြီးသည် မိမိရရှိသော စန္ဒကူးနံ့သာနှစ်ကို ဝိပဿီမြတ်စွာဘုရားအား ကပ်လှူပြီး နောင်လာလတ္တံ့သောကာလ၌ အရှင်ဘုရားကဲ့သို့ လူသုံးပါးတို့၏ ဆရာဖြစ်သော မြတ်စွာဘုရား၏ မယ်တော်ဖြစ်ရပါလို၏ဟု ဆုတောင်း၏။

မင်းသမီးသည် ထိုဘဝမှစ၍ အပယ်လေးပါးသို့ မလားရဘဲ နတ်ပြည်၊ နတ်ပြည်မှသည် လူ့ပြည်သို့၊ လူ့ပြည်မှသည် နတ်ပြည်သို့ စုန်ဆန်လူးလာ ကျင်လည်၍ (၉၁) ကမ္ဘာအဆုံးဖြစ်သော ဤဘဒ္ဒကမ္ဘာ၌ ဂေါတမမြတ်စွာဘုရား၏ မယ်တော်မဟာမာယာဒေဝီ ဖြစ်လာ၏။

ကဿပမြတ်စွာဘုရား ပွင့်တော်မူသောအခါ ကီကီမင်းကြီး၏ သမီးတော်ဖြစ်၏။ ကီကီမင်းကြီး၏ သမီးတော် ခုနစ်ပါးအနက် မဟာမာယာဒေဝီလောင်း သုဓမ္မာမင်းသမီးသည် ခြောက်ပါးမြောက် သမီးတော်ဖြစ်သည်။ သုဓမ္မာမင်းသမီးသည် ဒါန၊ သီလအစရှိသော ကုသိုလ်ကောင်းမှုတို့ပြု၍ လူ့ပြည်၊ နတ်ပြည်တို့၌ ကျင်လည်ခဲ့ပြီး မဒ္ဒရာဇ်မင်းကြီး၏ မိဖုရားဝမ်း၌ ပဋိသန္ဓေနေသည်။ မွေးဖွားသောအခါ စန္ဒကူးနှစ်ရည်ဖြင့် သွန်းဘိသကဲ့သို့ မွေးကြိုင်လှသောကိုယ်ဖြင့် မွေးဖွားသောကြောင့် ဖုဿတီဟူ၍ အမည်တွင်လေသည်။ ဖုဿတီဒေဝီသည် မဒ္ဒရာဇ်မင်း၏ သမီးတော် မဖြစ်မီဘဝက သိကြားမင်း၏ မိဖုရားဖြစ်ခဲ့သည်။ မိဖုရားသည် သိကြားမင်းထံမှ ဆယ်ပါးသော ဆုကိုတောင်းသည်။

**ထိုဆုဆယ်ပါးသည်ကား–**

(က) သိဝိရာဇ်မင်းကြီး၏ နန်းတော်ကိုအစိုးရသော မိဖုရား ဖြစ်လို၏။
(ခ) တစ်နှစ်သားအရွယ် သမင်မငယ်၏ မျက်စိနှင့်တူသော ညိုသည့်မျက်စိရှိလို၏။
(ဂ) ညိုသောမျက်မှောင်တံရှိသည်လည်း ဖြစ်လို၏။
(ဃ) အမည်အားဖြင့် ဖုဿတီဒေဝီဟူ၍ပင် အမည်ရှိလို၏။
(င) အလိုရှိတိုင်း ပေးလှူစွန့်ကြဲတတ်ပြီး ဝန်တိုစဉ်းလဲခြင်းမရှိ၊ ကျော်စောခြင်းနှင့် ပြည့်စုံသော သားကောင်းရတနာကို ရလို၏။
(စ) ကိုယ်ဝန်ဆောင်သောအခါ ဝမ်းသည်လေးသမားကောင်း သင်အပ်သော လေးပျဉ်ကဲ့သို့ ညီညွတ်စွာပြကတေ့တိုင်း ရှိစေလို၏။
(ဆ) သားများစွာ ဖွားမြင်သော်လည်း သားမြတ်အစုံသည် အရွယ် ရောက်ဦးစအတိုင်း တည်စေလို၏။
(ဇ) အရွယ်လွန်သည့်တိုင်အောင် ဆံပင်မဖြူ ငယ်မူငယ်သွေး အတိုင်း တည်စေသတည်း။
(ဈ) ကိုယ်အဆင်းသည်လည်း ကြေးညိုမတင် စင်ကြယ်သော ကိုယ်ရှိသည်လည်း ဖြစ်လို၏။
(ည) မင်းပြစ်မင်းဒဏ်သင့်၍ သေခြင်းအနီးသို့ ရောက်သောသူ တို့ကိုလည်း ကယ်ဆောင်နိုင်လို၏။

ဖုဿတီမိဖုရားသည် ဆယ်ပါးသောဆုကိုတောင်း၍ နတ်ပြည်မှ စုတေခဲ့သည့်အတိုင်း မဒ္ဒရာဇ်မင်း၏ မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေ တည်လေသည်။

စေတုတ္တရာပြည်ကို အစိုးရသော သိဝိရာဇ်မင်းကြီးသည် သားတော် သိဉ္စည်း မင်းသားအရွယ်ရောက်သောအခါ ဖုဿတီမင်းသမီးနှင့် ထိမ်းမြားမင်္ဂလာဆောင်ယူစေသည်။ ထို့နောက် သိဉ္စည်း မင်းသားအား ထီးနန်းကို အပ်နှင်းသည်။ ဖုဿတီမင်းသမီးအား တစ်သောင်း ခြောက်ထောင်သော ကိုယ်လုပ်မောင်းမအပေါင်းခြံရံလျက် နန်းမတောင် ညာတင်ထား၍ မိဖုရားကြီးအရာကို ပေး၏။

ထိုအခါ သိကြားမင်းသည် ဖုဿတီမိဖုရားအတွက် ကိုးပါးသော ဆုသည် ပြည့်ခဲ့ပြီ။ သားဆုတစ်ပါး ကျန်၍သားဆုကို ပေးအံ့ဟု ကြံရွယ်၏။ ထို့နောက် သိကြားမင်းသည် တာဝတိံသာနတ်ပြည်၌ နတ်သား ဖြစ်လျက်ရှိသော ဘုရားလောင်းနတ်သားအား ဖုဿတီဒေဝီ၏ ဝမ်း၌ ပဋိသန္ဓေယူစေသည်။ စုတေခါနီးဖြစ်သော နတ်သားပေါင်း ခြောက်သောင်းတို့ကိုလည်း ဘုရားလောင်း၏ အပေါင်းအဖော် အခြံအရံအဖြစ် အမတ်တို့အိမ်၌ ဖြစ်ကြစေသည်။

ဘုရားလောင်း ပဋိသန္ဓေနေလျှင် ဖုဿတီမိဖုရားသည် အလှူပေးခြင်း၌ ပြင်းစွာနှစ်လိုသည်။ မြို့တံခါး လေးမျက်နှာ မြို့လယ်နန်းတော်တံခါးဝ စသည့်ခြောက်ဌာန၌ အလှူဇရပ်ခြောက်ဆောင်ကို ဆောက်စေသည်။ နေ့စဉ်ခြောက်သိန်းသော ဥစ္စာတို့ကို စွန့်ကြဲသည်။ ဖုဿတီမိဖုရားသည် ကိုယ်ဝန်ဆောင်လျက် ဆယ်လပြည့်သောအခါ မောင်းမကိုယ်လုပ် အခြံအရံများဖြင့် မြို့ကိုလှည့်လည်ကြည့်ရှုလေသည်။ လှည်းကုန်သည်တို့ ရောင်းဝယ်ဖောက်ကားသွားလာရာ လမ်းအလယ်သို့ ရောက်သောအခါ ဘုရားလောင်းကို ဖွားမြင်လေသည်။ ဘုရားလောင်းသည် မယ်တော်ဝမ်းမှ ဖွားလျှင်ဖွားချင်း လက်တော်ကို ဆန့်တန်းလျက် “မယ်တော် အကျွန်ုပ် အလှူပေးအံ့၊ လှူရန်ဥစ္စာရှိပါသလော”ဟု ဆို၏။ မယ်တော်သည် ချစ်သားအလိုရှိတိုင်း အလှူပေးလော့ဟုဆိုကာ ဆန့်သောလက်အနီး၌ အသပြာတစ်ထောင်တို့ကို ထား၏။ ဘုရားလောင်းကို ကုန်သည်တို့သွားရာ ခရီးစွန်း၌ ဖွားသောကြောင့် “ဝေဿန္တရာ” ဟူသောအမည်ကို မှည့်၏။

ဘုရားလောင်း ဝေဿန္တရာမင်းကို ဖွားမြင်သည့်နေ့၌ သိဝိရာဇ်မင်းကြီး၏ ဆင်တင်းကုပ်သို့ ဆင်ဖြူတော် တစ်စီးရောက်ရှိလာသည်။ ယင်းဆင်ဖြူတော်ကို ဥပေါသထ ဆင်မက ဆောင်ယူခဲ့ခြင်းဖြစ်သည်။ ဥပေါသထဆင်မသည် ဆင်ဖြူတော်ကိုထားခဲ့ပြီး ဟိမဝန္တာသို့ ပြန်လေသည်။ ဆင်ဖြူတော်ပေါက်သည် ဘုရားလောင်းအား ကောင်းမြတ်သော အထောက်အပံ့ဖြစ်လာသောကြောင့် “ပစ္စယ” ဟူသော အမည်ပေးသည်။ သိဉ္စည်းမင်းကြီးသည် သားတော်ဝေဿန္တရာအား ယုယထိန်းသိမ်းရန် အတွက် နုနယ်ကျစ်လျစ် အပြစ်လွတ်သော နို့ထိန်းအမျိုးသမီး နှစ်ရာ လေးကျိပ်တို့ကို ရွေးချယ်၍ ပြုစုစေသည်။

ဘုရားလောင်းဝေဿန္တရာမင်းသည် အသက်လေးနှစ်၊ ငါးနှစ်အရွယ်တွင် လည်၌ဆွဲထားသော အဖိုးတစ်သိန်းတန် လည်ရွဲကိုအထိန်းတော်တို့အား ပေး၏။ အထိန်းတော်တို့က မယူဝံ့ကြ၍ မင်းသားအား ပြန်ဆက်၏။ မင်းသားက ပြန်လည်လက်ခံခြင်းမပြု၍ မင်းကြီးအား လျှောက်တင်ကြသည်။ မင်းကြီးက မိမိသားတော်က ပေးခြင်းသည် မိမိပေးခြင်းပင် ဖြစ်သည်ဟုဆိုကာ အထိန်းတော်တို့အား ယူစေသည်။ သားတော်အား

---

# ဟားခါးမြို့နယ်တွင် တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အိုးအလုံး ၁၆၀ ထုတ်လုပ်ပေးနိုင်မည့် အောက်ဆီဂျင်စက်ရုံ တည်ဆောက်ပြီးစီး




**ဟားခါး ဩဂုတ် ၂၉**

ချင်းပြည်နယ် ဟားခါးမြို့နယ်တွင် တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင် အိုးအလုံး ၁၆၀ ထုတ်လုပ်ပေးနိုင်သည့် အောက်ဆီဂျင်စက်ရုံ တည်ဆောက်ပြီးစီးပြီ ဖြစ်သည်။

အဆိုပါ အောက်ဆီဂျင်စက်ရုံသစ် ဖွင့်ပွဲ အခမ်းအနားကို လယ်တီကွင်းရပ်ကွက် အင်္ဂပိုလ်လမ်းရှိ ခရိုင်မီးသတ်ရုံးဝင်းအတွင်း၌ ဩဂုတ် ၂၆ ရက်ကကျင်းပရာ ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက ဟားခါးမြို့ မိုးကောင်း ကျောင်းတိုက် ဆရာတော်ကြီးထံမှ ငါးပါး သီလ ခံယူဆောက်တည်ကာ သံဃာတော် အရှင်သူမြတ်များက အန္တရာယ်ကင်း ပရိတ် တရားတော်များ ရွတ်ဖတ်ပူဇော်ကြသည်။

ယင်းစက်ရုံကို ဟားခါးမြို့ မိုးကောင်း ကျောင်းတိုက်ဆရာတော်ကြီးနှင့် ဖားအောက် တောရ ဆရာတော်ကြီးတို့မှ ဦးဆောင်၍ သံဃာတော်များ ၊ မြို့မိမြို့ဖများ၊ စေတနာရှင် အလှူရှင်များက စုပေါင်းလှူဒါန်းပေး ခြင်းဖြစ်ကာ ဟားခါးခရိုင်နှင့် မြို့နယ်များ အတွင်းရှိ အောက်ဆီဂျင်လိုအပ်နေသူများကို အခမဲ့ လှူဒါန်းပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ကိုဇော်**

**(ပြန်/ဆက်)**

**“ ကလိင်္ဂရာဇ်မင်းသည် လိမ္မာရဲရင့်သော ပုဏ္ဏားရှစ်ယောက်ကို ရွေးချယ်ပြီး ဝေဿန္တရာမင်းကြီးထံ ဆင်ဖြူတော်အလှူခံရန် စေလွှတ်လေသည်။ ဝေဿန္တရာမင်းကြီးသည် ပုဏ္ဏားရှစ်ယောက်တို့ ရောက်ရှိလာသည့်အကြောင်းရင်းကို သိရှိရသည်နှင့် ဆင်ဖြူတော်ကို ရွှေကရားဖြင့် ရေစက်ချ၍လှူတော်မူ၏။ ဆင်ဖြူတော်ကိုဆင်ထားသော အဖိုးနှစ်သန်းလေးသိန်းရှိ တန်ဆာများနှင့်အတူ အဖိုးမဖြတ်နိုင်သော ပတ္တမြားခြောက်လုံးကိုလည်း လှူဒါန်းလိုက်သည် ”**

လည်ရွဲအသစ်ကို ဆင်စေပြန်သည်။ ဝေဿန္တရာမင်းသားသည် ထိုလည်ရွဲတန်ဆာကို အထိန်းတော်တို့အား ပေးလိုက်ပြန်သည်။ ဤအသက်အရွယ်၌ပင် ဘုရားအလောင်းသည် အထိန်းတော်တို့အား ကိုးကြိမ်တိုင်အောင် ပေးစွန့်သည်။

ရှစ်နှစ်မြောက်သောအခါ၌ မြတ်သောရွှေနန်းပြာသာဒ်ထက်၌ နေလျက် အကြံဖြစ်လေသည်။ ယခုအပဖြစ်သော ပစ္စည်းများကိုသာ လှူနေရ၏။ စိတ်ဝယ်ကျေနပ်အားရခြင်းမရှိသေး၍ မိမိ၏နှလုံးသား၊ မျက်စိ၊ အသားကိုပင် တောင်းသူရှိကပေးမည်။ မိမိအား ကျွန်ပြုလိုသူရှိကလည်း ကျွန်အဖြစ် ခံယူမည်ဟု အကြံရတော်မူလေသည်။ ဤသို့ အကြံဖြစ်သည်နှင့် ဘုရားလောင်း၏ ပါရမီတော်ကြောင့် နှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီမြေကြီးသည် သည်းစွာအသံပြုလျက် တုန်လှုပ်၏။ ရှစ်သောင်းလေးထောင်အမြင့်ရှိသော မြင်းမိုရ်တောင်သည် ခွေပျော့လျက် စေတုတ္တရာပြည်သို့ ရှေးရှုတည်လေသည်။ ထိုအခါမိုးသည် သည်းထန်စွာရွာ၏။ မဟာသမုဒ္ဒရာသည် လှိုင်းတံပိုးများ ထနေသည်။ သိကြားမင်းသည် လွန်စွာရွှင်လန်းသည်။ တစ်ဆယ့်ငါးရွာ ဗြဟ္မာအပေါင်းတို့သည်လည်း ကောင်းချီးပေးကြကုန်၏။ လူ့ပြည်မှသည် အကနိဋ္ဌဘုံတိုင်အောင် အုတ်အုတ်ကျက်ကျက် တစ်ခဲနက်သော အသံဖြစ်၏။ ဤကား ရှေးဦးစွာ မြေလှုပ်ခြင်းဖြစ်သည်။

ဘုရားလောင်းသည် အသက် ၁၆ နှစ်အရွယ်ရောက်သောအခါ မင်းတို့တတ်အပ်သည့် တစ်ဆယ့်ရှစ်ရပ်သော ပညာတို့ကို တတ်မြောက်ခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ခမည်းတော်သိဉ္စည်းမင်းကြီးသည် သားတော်ဘုရားလောင်းဝေဿန္တရာအား ထိမ်းမြားပြီး ထီးနန်းအပ်နှင်းလိုလေသည်။ ဘုရားလောင်းမယ်တော် ဖုဿတီဒေဝီမိဖုရားနှင့် တိုင်းပင်ပြီး မိဖုရားကြီး၏ မောင်တော်မဒ္ဒရာဇ်မင်း၏ သမီးတော်မဒ္ဒီမင်းသမီးဖြင့် ထိမ်းမြားမင်္ဂလာဆောင်စေသည်။ မင်းသမီးသည် မင်းယောကျာ်းတို့ စိတ်ကိုယိုဖိတ်ညွတ်နူး မူးယစ်အောင်လှသောကြောင့် မဒ္ဒီမင်းသမီးဟု အမည်တွင်ခြင်းဖြစ်သည်။

ဝေဿန္တရာမင်းကြီးသည် ထီးနန်းစိုးစံသည့်နေ့မှစပြီး နေ့စဉ်နေ့တိုင်း ခြောက်သိန်းသော ဥစ္စာတို့ကို ထုတ်စွန့်လျက် ကြီးစွာသောအလှူကို ပေးသည်။ မဒ္ဒီဒေဝီမိဖုရားကြီးသည်လည်း သားတော်ဇာလီမင်းသားနှင့် သမီးတော်ဂဏှာဇိန်တို့ကို ဖွားမြင်လေသည်။ သားတော်ကို ဖွားမြင်စဉ်က ရွှေကွန်ရက်ဖြင့် ခံယူသောကြောင့် ဇာလီမင်းသားဟု အမည်တွင်သည်။ သမီးတော်ကို မွေးဖွားစဉ်သစ်နက်ရေပုဆိုးဖြင့် ခံယူသောကြောင့် ဂဏှာဇိန်ဟုအမည် မှည့်တွင်ခဲ့ခြင်းဖြစ်သည်။

ထိုအချိန်တွင် ကလိင်္ဂရာဇ်ပြည်၌ မိုးခေါင်ကာဒုဗ္ဘိက္ခန္တရတည်းဟူသောကပ်ဆိုးကြီးနှင့် တွေ့ကြုံနေရသည်။ ပြည်သူအပေါင်းတို့ ငတ်မွတ်ခြင်းနှင့် တွေ့ကြုံနေရသည်။ တစ်ဦးကိုတစ်ဦး အနိုင်အထက်လုယက်ကြလျက်ရှိသည်။ မင်းကြီး၏နားတော်သို့ ရောက်ရှိသောအခါ ပြည်သူအပေါင်း ငတ်မွတ်ခြင်းဘေးမှ မည်သို့လွတ်အောင် ဆောင်ရမည်ကို မင်းအမတ်တို့နှင့် တိုင်ပင်ကြ၏။ မင်းအမတ်တို့က စေတုတ္တရာပြည်ရှိ ဝေဿန္တရာမင်းကြီးထံမှ ဆင်ဖြူတော်ကို အလှူခံရရှိပါက မိုးခေါင်ခြင်းဘေးမှ လွတ်ကင်းမည်ဟု လျှောက်တင်ကြသည်။ ကလိင်္ဂရာဇ်မင်းသည် လိမ္မာရဲရင့်သော ပုဏ္ဏားရှစ်ယောက်ကိုရွေးချယ်ပြီး ဝေဿန္တရာမင်းကြီးထံ ဆင်ဖြူတော်အလှူခံ ရန် စေလွှတ်လေသည်။ ဝေဿန္တရာမင်းကြီးသည် ပုဏ္ဏားရှစ်ယောက်တို့ ရောက်ရှိလာသည့်အကြောင်းရင်းကို သိရှိရသည်နှင့် ဆင်ဖြူတော်ကို ရွှေကရားဖြင့် ရေစက်ချ၍လှူတော်မူ၏။ ဆင်ဖြူတော်ကို ဆင်ထားသော အဖိုးနှစ်သန်းလေးသိန်းရှိ တန်ဆာများနှင့်အတူ အဖိုးမဖြတ်နိုင်သော ပတ္တမြားခြောက်လုံးကိုလည်း လှူဒါန်းလိုက်သည်။

ဤသို့ဆင်ဖြူတော်ကို လှူသောအခါ ရှေးနည်းအတူ ဒုတိယအကြိမ်မြေကြီးသည် ပဲ့တင်ထပ်မျှတုန်လှုပ်၏။ လူအပေါင်းတို့သည် သောင်းသောင်းအုတ်အော် ကြွေးကြော်သံမဆုံး တစ်ပြည်လုံးချောက်ချားကုန်၏။ ဆင်ဖြူတော်ကိုစီး၍လာကြသော ပုဏ္ဏားရှစ်ယောက်တို့ကို မြင်လျှင်ပြည်သူအပေါင်းတို့သည် သိဉ္စည်းမင်းကြီးထံဝင်ရောက် တိုင်တည်ကြသည်။ ဝေဿန္တရာမင်းအား တိုင်းပြည်မှ နှင်ထုတ်ပေးရန် တောင်းဆိုကြသည်။

မင်းကြီးက မမှန်သောလုပ်ရပ်၊ တရားမစောင့်မှုလုပ်ဆောင်မှသာ တိုင်းပြည်မှနှင်ထုတ်ရမည်ဖြစ်သည်။ ဝေဿန္တရာမင်းသည် မင်းတို့၏ အကျင့်အတိုင်း လှူဒါန်းခြင်းသာ ဖြစ်သည်။ နန်းစည်းစိမ်မှ ရှုတ်ချပြီး ရာဇဒဏ်ကို ပြုပါက ပြည်ထောင်မင်းတို့ ကဲ့ရဲ့မည်။ သားတော်အား သတ်ခြင်း၊ ပြည်ပမှနှင်ခြင်း မပြုသင့်ဟု ဆိုလေသည်။

ထိုအခါ မှူးမတ်ပြည်သူအပေါင်းတို့က ဆင်ဖြူတော်လှူခြင်းသည် မင်းတို့အကျင့် ချွတ်ယွင်းခြင်း မမည်သော်လည်း ပြည်သူပြည်သားအပေါင်းတို့၏ စီးပွားချမ်းသာကို ဆောင်ယူသောဆင်ဖြူတော်ဖြစ်၍ ဝေဿန္တရာမင်းကြီးအား ပြည်မှနှင်ထုတ်ကာ ဝင်္ကပါအမည်ရှိသော တောင်၌နေစေတော်မူသင့်ကြောင်း လျှောက်ထားကြသည်။ မင်းကြီးလည်း နံနက်မိုးသောက်သောအခါ မှူးမတ်ပြည်သူအပေါင်းတို့ အလိုကို ဖြည့်ဆည်းပေးမည်။ တစ်ညတာမျှ သည်းခံဆိုင်းငံ့စေသည်။ ထို့နောက် အမတ်ငါးယောက်တို့အား ဝေဿန္တရာမင်းကြီးထံသို့ စေလွှတ်၍ အကြောင်းစုံကို လျှောက်ထားစေသည်။ ဝေဿန္တရာမင်းသည် ခုနစ်ရာခုနစ်လီသော အလှူတော်ကို နက်ဖြန်ပေးတော်မူပြီး နောက်တစ်နေ့တွင် ပြည်သူအပေါင်းတို့၏ အလိုဆန္ဒပြည့်စေရမည်ဟု မိန့်ကြားသည်။

ဝေဿန္တရာမင်းကြီးသည် စစ်သူကြီးအမတ်ကို ခေါ်တော်မူပြီး ဆင်ခုနစ်ရာ၊ မြင်းခုနစ်ရာ၊ ရထားခုနစ်ရာ၊ မိန်းမခုနစ်ရာ၊ နို့ညှစ်နွားမခုနစ်ရာ၊ ကျွန်ယောကျာ်းခုနစ်ရာ၊ ကျွန်မခုနစ်ရာတို့ကို အလှူပေးရန် စီစဉ်စေသည်။ စားသောက်ဖွယ်ရာတို့၌လည်း သေရက်ပါမကျန် ပြုပြင်ကြစေသည်။

ထို့နောက်ဝေဿန္တရာမင်းကြီးသည် မဒ္ဒီဒေဝီမိဖုရားကြီး၏ နန်းမဆောင်သို့ သွားရောက်တော်မူသည်။ မိဖုရားအား ပေးလှူခြင်း စေတနာဖြင့် ရတနာအစစ်ဥစ္စာအနှစ်ကို ကျစ်လျစ်သေချာစွာ သိမ်းဆည်းမြှုပ်နှံနိုင်သော လှူဒါန်းခြင်း ရွှေအိုး၌ မြှုပ်နှံရန် တရားပြဟောပြောသည်။ ပြီးနောက် မိမိသည်ပြည်မှ ခွာသွားရတော့မည်ဖြစ်ကြောင်း ပြောကြားသည်။ မဒ္ဒီဒေဝီမိဖုရားကလည်း မင်းကြီးနှင့်အတူ ဟိမဝန္တာတောသို့ လိုက်ပါ၍ မင်းကြီးအား စိတ်ချမ်းမြေ့အောင် ရှိသေစွာ လုပ်ကျွေးခွင့်ပြုရန် လျှောက်ထားတောင်းပန်သည်။ ထို့အပြင် မဒ္ဒီဒေဝီမိဖုရားသည် မိမိမရောက်ဖူးသော်လည်း မင်းကြီး၏စိတ်ကို ကြည်နူးစေရန် ဟိမဝန္တာတော၏ သာယာမှုကြောင့် ရွှေပြည်နန်းကိုလွမ်းဆွတ်ခြင်း ပြေပျောက်မည်ဖြစ်ကြောင်း လျှောက်ထားသည်။

ထိုအချိန်တွင် မယ်တော်ဖုဿတီဒေဝီသည် ဘုရားလောင်း ဝေဿန္တရာမင်းကြီးစံရာနန်းတော် တိုက်တံခါးဝသို့ ရောက်ရှိနေသည်။ မယ်တော်သည် သားတော်နှင့် ချွေးမတော်တို့၏ ပြောစကားများ ကြားလျှင် ဆောက်တည်ရာမရ သောကပွားပြီး သနားဖွယ်ငိုကြွေးမြည်တမ်း၏။ သားတော်ဝေဿန္တရာသည် မြူလွှာတစ်ရပ်မျှ အပြစ်မရှိဘဲ အလှူအတန်းပြုရုံမျှဖြင့် ပြည်မှနှင်ထုတ်ရက်ကြသည်ဟု မြည်တမ်းငိုကြွေး၏။ သားတော်သမီးတော်တို့အားလည်း စိုးရိမ်ကြောင့်ကြခြင်းမရှိရန် မှာကြားပြီး သိဉ္စည်းမင်းထံ ဝင်ရောက်ခစား လျှောက်ထားတောင်းပန်သည်။ မင်းကြီးသည် အသက်နှင့်အတူ ချစ်ကြည်ဖြူသော သားဖြစ်သော်ငြားလည်း ပြည်သူတို့၏စကားကို မလွန်ဆန်နိုင်သောကြောင့် လုပ်ဆောင်ရသည်ဟု ဆို၏။ ထိုစကားကို ကြားလျှင် ဖုဿတီဒေဝီလည်း ပူပန်လှသည်ကြောင့် ငိုကြွေးပြန်သည်။ နန်းတွင်းသူ နန်းတွင်းသား တို့သည်လည်း ငိုကြွေးကြကုန်သည်။

ဝေဿန္တရာမင်းကြီးသည် ထိုနေ့တစ်နေ့လုံး အလှူဇရပ်၌ နေ၍ ခုနစ်ရက်ခုနစ်လီ အလှူကြီးပေးသည်။ ညဉ့်မိုးချုပ်သောအခါ မယ်တော်၊ ခမည်းတော်တို့ထံသို့ မဒ္ဒီဒေဝီမိဖုရားနှင့်အတူသွားရောက်၍ ဖူးမြော်ပူဇော်ကန်တော့သည်။ မယ်တော်ဖုဿတီသည် ချွေးမတော် မဒ္ဒီဒေဝီအား တောကြီးနှင့်မတန်၍ သားတော်သမီးတော်တို့နှင့်အတူ နန်းတော်၌ပင် နေရစ်ရန် ပြောဆိုသည်။ ဝေဿန္တရာမင်းကြီးက မိမိကိုယ်ကိုမှ အစိုးမရသဖြင့် သူ မလိုက်လိုလျှင်နေစေ၊ လိုက်လိုပါက လိုက်ပါစေတောဟု လျှောက်ထားသည်။ ထိုသို့လျှောက်ကြားသံကို မင်းကြီးသိဉ္စည်းကြားတော်မူလျှင် ချွေးမတော်အား တောရဲ၌ ပေါများလှသော သားရဲတိရစ္ဆာန်တို့ဖြင့် ခြောက်လှန့်၍ တားမြစ်ပြန်သည်။ မဒ္ဒီဒေဝီက လင်နှင့် ကင်းသောမိန်းမသည် မောင်တစ်ကျိပ်ပင် ရှိလင့်ကစား အချည်းနှီးဖြစ်၍ လင်နှင့်အတူ ထက်ကြပ်မကွာ လိုက်ပါသင့်ကြောင်း လျှောက်ထားသည်။ ထိုအခါ မင်းကြီးသိဉ္စည်းသည် သားငယ်ဇာလီနှင့် သမီးတော်ကဏှာဇိန်တို့သည် အလွန်နုနယ်သဖြင့် ထားရစ်ခဲ့ရန် ဆိုပြန်သည်။

မဒ္ဒီဒေဝီမိဖုရားက သားငယ်သမီးငယ်နှစ်ယောက်ကို မိမိ၏ အသက်ကဲ့သို့ ချစ်ကြင်နာလှ၏။ ဆင်းရဲခြင်း မရှိအောင် မွေးကျွေးပါမည်ဟု လျှောက်ထားသည်။ ထိုသို့ပြောနေကြစဉ် ထိုညဉ့်မိုးသောက်ခဲ့သည်။ သိန္ဓောမြင်း လေးစီးကလျက်ရှိသော ရထားသည် နန်းတော်တံခါးဝ၌ ပြင်ဆင်ခင်းကျင်း၍ ထားပြီးကုန်သည်။ မဒ္ဒီဒေဝီမိဖုရားသည် ဝေဿန္တရာမင်းကြီး ရထားထက် မတက်မီကပင် သားတော်နှင့် သမီးတော်ကို ချီလျက်ရထားထက်၌နေနှင့်သည်။ ဝေဿန္တရာမင်းသည် မယ်တော် ခမည်းတော်တို့အား လက်ယာရစ်လှည့်၍ ရှိခိုးပူဇော်ပြီးနောက် သိန္ဓောမြင်းကသော ရထားထက်သို့ တက်သည်။ ထို့နောက် သားမယားနှင့်တကွ ဖွားဖက်တော် အမတ်ခြောက်သောင်း ခြံရံလျက် ဝင်္ကပါတောင်သို့ ထွက်သွားတော်မူလေသည်။

ထိုအချိန်တွင် ဝေဿန္တရာမင်းကြီး၏ ခုနစ်ရက်ခုနစ်လီ အလှူကြီးပေးသည်ကို မမီလိုက်သော ပုဏ္ဏားလေးယောက်တို့ရောက်ရှိ လာကြသည်။ ပြည်သူတို့ထံမှ မင်းကြီးသွားရာအရပ်ကို သိကြလျှင် ပုဏ္ဏားလေးယောက်တို့ လိုက်ကြ၏။ မဒ္ဒီဒေဝီသည် ပုဏ္ဏားလေးယောက်လာသည်ကို မြင်လျှင်အရှင်မင်းကြီးအား အလှူခံ ယာစကာတို့လာသည်ကိုမြင်ကြောင်း လျှောက်ထား၏။ ဘုရားလောင်း ဝေဿန္တရာမင်းကြီးသည် ရထားကို ရပ်တန့်စေသည်။ ပုဏ္ဏားလေးယောက်တို့က မြင်းလေးစီးကို အလှူခံလေလျှင် မင်းကြီးသည် မြင်းလေးစီးကို ရထားမှချွတ်၍ လှူ၏။ *(ဆက်လက်ဖော်ပြပါမည်)*

# ကုန်းကြမ်းမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများနှင့် ဆန်များ ထောက်ပံ့



ကုန်းကြမ်း ဩဂုတ် ၂၉

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့က ဩဂုတ် ၂၈ ရက်က ကုန်းကြမ်းမြို့နယ် ရပ်ကွက်၊ ကျေးရွာများရှိ ဒေသခံများအား ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများနှင့် ဆန်များကို ထောက်ပံ့ပေးအပ်သည်။

ထိုသို့ပေးအပ်ရာ၌ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ အတွင်းရေးမှူး ဦးမိုးဇော်လတ်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမောင်မောင်တို့က မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံများအတွက် ဆန်အိတ် ၈၅၀ နှင့် ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများကို ပေးအပ် ကြသည်။

ထို့နောက် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများသည် ကုန်းကြမ်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံပြီးနောက် ကုန်းကြမ်းမြို့အတွင်း ဆောင်ရွက်လျက်ရှိနေသော Clean and Gren City လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

မာမာ

(ပြန်/ဆက်)

# စာကြည့်တိုက်ပညာ၏ ဖခင် ဆရာကြီး ဒေါက်တာ စည်သူသော်ကောင်း

## ပုံ့ပုံ့ (စာပေဗိမာန်)



ဆရာကြီး
ဒေါက်တာ စည်သူသော်ကောင်း


**“ ဆရာကြီးသည် မိမိသက်တမ်းတစ်လျှောက် စာကြည့်တိုက်လောက၊ စာပေလောကတွင် စိတ်အားထက်သန်စွာ၊ စိတ်ပါဝင်စားစွာ ဝန်ဆောင်မှုပေးလျက် နှစ်ပေါင်း ၇၀ နီးပါး မြန်မာစာပေအကျိုးကို ဆောင်ရွက်ခဲ့ ”**

*(ယမန်နေ့မှအဆက်)*

ကိုးကွယ်ယုံကြည်သည့် ဘာသာအယူဝါဒအမျိုးမျိုး ကွဲပြားကြသော ကမ္ဘာပေါ်ရှိ လူမျိုးအသီးသီး ငြိမ်းချမ်းရေးနှင့် ချစ်ကြည်ရေးကို ရှေးရှုလျက် သင့်မြတ်စွာ နေထိုင်ရေးကို ရည်မှန်း၍ အိန္ဒိယနိုင်ငံတွင် ရှေးက ထွန်းကားခဲ့သော နာလန္ဒတက္ကသိုလ်ကို ပြန်လည်တည်ထောင်ရန် အိန္ဒိယ၊ တရုတ်၊ ဂျပန်နှင့် အရှေ့တောင်အာရှနိုင်ငံများမှ ရွေးချယ်သော အကြံပေးပညာရှင်အဖွဲ့တွင် ၂၀၀၇ ခုနှစ်မှစ၍ ဆောင်ရွက်လျက်ရှိသည်။

အင်္ဂလန်၊ အမေရိကန်၊ ဩစတြေးလျ၊ ဂျပန်၊ တရုတ်၊ ထိုင်း၊ မလေးရှားနှင့် စင်ကာပူ စသည့်နိုင်ငံများတွင် မြန်မာစာပေ၊ စာကြည့်တိုက်နှင့် သုတပညာ၊ မြန်မာ့သမိုင်းနှင့် မြန်မာယဉ်ကျေးမှုဆိုင်ရာ သုတေသနစာတမ်းများစွာကို သွားရောက်ဖတ်ကြားခဲ့သည်။ မြန်မာနှင့် အင်္ဂလိပ်ဘာသာဖြင့် ဆောင်းပါး၊ စာတမ်း၊ စာအုပ်များ ပြုစုခဲ့သည်။

ဘုရင့်နောင် မင်းတရားကြီးအကြောင်းစာတမ်း (Accounts of King Bayinnaung’s Life and Hanthawady Hsinbyu–mya–shin Ayedawbone a record of his Campaigns) နှင့် မြန်မာ့စာပေဝေဖန်ရေး စစ်တမ်းအကျဉ်းချုပ် (Brief survey of Myanmar literary criticism) စသည့် စာတမ်းများနှင့် ၁၈ ရာစုက မဟာရတနာပုံတိုက်တော်စိုး ရာဇသင်္ကြန် အမတ်ကြီးရေးသည့် ဇင်းမယ်သမိုင်း ရာဇဝင်ပေစာကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုတည်းဖြတ်ထုတ်ဝေသော “Sithu Gamani Thingyan (Maha Yadanabon Tike Taw Sowe). Zinme Yazawin” စာအုပ်တို့မှာ ထင်ရှားသည်။ ထို့ပြင် From the Librarian’s Window, Aspects of Myanmar History and Culture, Myanmar Wonderland အစရှိသည့် စာအုပ်များမှာ ရေးသားထုတ်ဝေပြီးဖြစ်သည်။ ထွန်းဖောင်ဒေးရှင်းစာပေဆုကို ၂၀၀၉ ခုနှစ်တွင် မြန်မာစာပေ၊ မြန်မာစာကြည့်တိုက်ပညာနှင့် ပေပုရပိုက်အကြောင်း ရေးသားထားသည့် From the Librarian’s Window စာအုပ်ဖြင့်လည်းကောင်း၊ ၂၀၁၁ ခုနှစ်တွင် Aspects of Myanmar History And Culture စာအုပ်ဖြင့်လည်းကောင်း ရရှိခဲ့သည်။ ယင်းစာအုပ်သည် ရန်ကုန်၊ ဘန်ကောက်၊ ပီနန်၊ စင်ကာပူ၊ အိုဆာကာနှင့် မီချီကန် စသည်တို့တွင် ကျင်းပသည့် နိုင်ငံတကာ ညှိနှိုင်းဆွေးနွေးပွဲများမှာ ဖတ်ကြားခဲ့သည့် စာတမ်းအချို့ကို စုစည်းထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။ ယင်းစာအုပ်ထဲတွင် မြန်မာ့သမိုင်းဆိုင်ရာနှင့် မြန်မာ့ယဉ်ကျေးမှုဆိုင်ရာဟူ၍ အခန်းနှစ်ခန်းခွဲကာ စာတမ်း ၁၀ စောင်ကို ထည့်သွင်းရေးသားထားသည်။ ယခုအခါ ဆရာကြီးသည် မြန်မာ့စာပေ ဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာနှင့် သမိုင်း ဆိုင်ရာ စာတမ်းပေါင်း ၅၀ ပါဝင်သည့် “Papers From My Shoulder Bag” စာအုပ်ကို ရေးသားထုတ်ဝေပြီး ဖြစ်ပါသည်။









### ဆရာကြီးနှင့် စာပေဗိမာန်ရေစက်

ဆရာကြီးနှင့် စာပေဗိမာန်ရင်းနှီးမှုကို ပြန်ပြောင်းတွက်စစ်လျှင် နှစ်ပေါင်း ၇၀ ခန့်ရှိခဲ့ပြီ ဖြစ်သည်။ ဆရာကြီး၏ဖခင် ပညာမင်းကြီး စည်သူဦးကောင်းသည် စာဖတ်ဝါသနာကြီးသူပီပီ စာဖတ်ခန်း၏ စာအုပ်စင်ကြီးတစ်ခုတွင် မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းနှင့် စာပေဗိမာန် စာအုပ်များ ပြည့်လျှံလျက်ရှိရာ စာဖတ်ဝါသနာပါသည့် ဆရာကြီးက အမြဲယူဖတ်ခဲ့သည်။ ထိုအချိန်မှစ၍ စာပေဗိမာန်နှင့် ရင်းနှီးခဲ့သည်ဟု ဆိုဖူးသည်။

ထိုစာအုပ်တိုင်းတွင် ပါရှိသည့် “အမှောင်ခွင်း၍ အလင်းဆောင်အံ့” ဟူသည့် ဆောင်ပုဒ်ကို အထူးသဘောကျသူဖြစ်သည်။ ဆရာကြီး၏ ဖခင်သည် ၁၉၅၁ ခုနှစ်မှ ကွယ်လွန်သည့် ၁၉၅၇ ခုနှစ်အထိ ပညာမင်းကြီးအဖြစ် ဆောင်ရွက်ခဲ့ပြီး အဖေက အထူးခင်မင်လေးစားသော ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်မှူး ဦးသိန်းဟန် (ဆရာဇော်ဂျီ) က ကျောင်းသုံးစာအုပ် ပြုစုထုတ်ဝေရေးဌာနတွင် ညွှန်ကြားရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် ဖခင်က ဆရာဦးသိန်းဟန် ရုံးခန်းသို့ မကြာခဏသွားသည်။ ထိုစဉ်က ပညာရေးဝန်ကြီးဌာနသည် စာပေဗိမာန်နှင့်ပူးပေါင်းပြီး လွတ်လပ်ရေးရခါစ ကာလတွင် အင်္ဂလိပ်ကိုလိုနီခေတ်က ပြဋ္ဌာန်းခဲ့သော ကျောင်းသုံးစာအုပ်များအစား ကျောင်းသုံးစာအုပ် အသစ်များကို စာပေဗိမာန်နှင့်ပူးပေါင်းပြီး ပြုစုထုတ်ဝေခဲ့သည်။ ထိုအချိန်က စာပေဗိမာန်၏ အုပ်ချုပ်ရေးမှူး ဦးစံထွားသည် ဦးကောင်း၏မိတ်ဆွေဖြစ်သကဲ့သို့ မိခင်ချင်းလည်း ခင်မင်ရင်းနှီးကြသည်။ ဖခင် ဦးကောင်းကြောင့် ဆရာကြီး ဦးသော်ကောင်း၏ ဘဝတစ်လျှောက်လုံး စာပေဗိမာန်နှင့် ရင်းနှီးခဲ့သည်။

၁၉၅၁ – ၅၂ ခုနှစ်တွင် ဖခင်ဦးကောင်း ဦးဆောင်သည့် ပညာရေးလေ့လာရေး မစ်ရှင်အဖွဲ့နှင့်အတူ ရန်ကုန်တက္ကသိုလ်၏ စာကြည့်တိုက်မှူး ဆရာဦးသိန်းဟန်၊ စာပေဗိမာန် အုပ်ချုပ်ရေးမှူး ဆရာဦးစံထွားတို့လည်း လိုက်ပါပြီး အင်္ဂလန်၊ အမေရိကန်၊ မက္ကဆီကိုနှင့် ကနေဒါနိုင်ငံများသို့ ခြောက်လကြာ လေ့လာရေးခရီး သွားရောက်ခဲ့ပြီး ပြည်သူလူထုအတွက် စာကောင်းပေမွန်များ ထုတ်ဝေနိုင်ရေး၊ အထူးသဖြင့် မြန်မာ့စွယ်စုံကျမ်းများ ပြုစုရေးကိစ္စကို အလေးထား လေ့လာခဲ့ကြသည်။ ဖခင်ဖြစ်သူနှင့် ဆရာရင်း ဦးသိန်းဟန် (ဆရာဇော်ဂျီ) နှင့် ဆရာဦးထင်ကြီး (တက္ကသိုလ် ထင်ကြီး) တို့၏ တိုက်တွန်း တာဝန်ပေးချက်အရ ၁၉၆၄ ခုနှစ်ခန့်မှစ၍ စာပေဗိမာန်၏ လုပ်ဆောင်ချက်များတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ ထိုစဉ်က ဆရာကြီးသည် ဆရာကြီးဇော်ဂျီ၏ လက်ထောက်စာကြည့်တိုက်မှူးအဖြစ် တာဝန်ထမ်းဆောင်နေပြီ ဖြစ်သည်။ ဆရာကြီးဇော်ဂျီ၏ တာဝန်ပေးလမ်းညွှန်မှုဖြင့် စာပေဗိမာန် စာကြည့်တိုက် သင်တန်းများကိုလည်း ဆရာတိုက်စိုးနှင့်အတူ တာဝန်ယူ ဆောင်ရွက်ခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် စာပေဗိမာန် ပြည်လမ်း၌ စာကြည့်တိုက် နီးနှောဖလှယ်ပွဲ ပြုလုပ်ခဲ့ပြီး ယင်းဟောပြောချက်များကို စာကြည့်တိုက်လုပ်ငန်းနှင့် စာကြည့်တိုက်လက်စွဲ စာအုပ်များ ပြုစုထုတ်ဝေခဲ့သည်။ ဆရာတိုက်စိုး၊ ဆရာမစမ်းစမ်းမေတို့နှင့်အတူ ဆရာကြီးဦးသော်ကောင်း ပြုစုထား သည့် မြန်မာစာပေစာစုစာရင်းကို စာပေဗိမာန်က ၁၉၈၃ ခုနှစ်တွင် စာအုပ်အဖြစ် ထုတ်ဝေခဲ့သည်။ နောက်ပိုင်း စာတည်းမှူးချုပ် ဆရာမဒေါ်အုန်းကြည် လက်ထက်တွင် ‘မြန်မာ့ရည်ညွှန်းစာအုပ်ဟူသည်’ စာတမ်းကို ရေးသားတင်သွင်းခဲ့သည်။ ယင်းမှ ဘာသာပြန်စာပေ စာတမ်းဖတ်ပွဲ (၁၉၈၇) တွင် ဆရာငြိမ်းကျော်နှင့်အတူ “ရှေးခေတ်ဘာသာပြန်သဘောနှင့် အထောက်အကူကျမ်းများ” စာတမ်းကို ရေးသားဖတ်ကြားခဲ့သည်။ အဓိကမှာ အစောဆုံးဘာသာပြန်ကျမ်းများ၊ ဗုဒ္ဓသာသနာ၊ ပါဠိစာပေမှ မြန်မာပြန်စာပေများအကြောင်း ဖြစ်သည်။

၁၉၈၇ ခုနှစ်တွင် စာပေဗိမာန်က မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်စာအုပ်ကို စတင်ထုတ်ဝေခဲ့ရာ စွယ်စုံနှစ်ချုပ် ပြုစုထုတ်ဝေရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပြီး ဥက္ကဋ္ဌမှာ ဆရာဦးမျိုးမင်း ဖြစ်သည်။ ထိုမှ ရည်ညွှန်းကျမ်းစာပေ ပြုစုထုတ်ဝေရေးအဖွဲ့တွင် ပါဝင်လာခဲ့ပြီး ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။ ဆရာဦးမျိုးသန့် စာတည်းမှူးချုပ် ဖြစ်လာချိန်တွင် ဆရာကြီးသည် အမျိုးသားစာပေဆု အဖွဲ့ဝင်ဖြစ်လာခဲ့သည်။ အမျိုးသားစာပေ စိစစ်ရွေးချယ်ရေးကော်မတီတွင် ဒုတိယဥက္ကဋ္ဌအဖြစ်နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှစ၍ ၂၀၂၀ ပြည့်နှစ်အထိ ဥက္ကဋ္ဌတာဝန် ဆောင်ရွက်ခဲ့ပြီး ကျန်းမာရေးအခြေအနေအရ စာပေတာဝန်များကို ရပ်နားခဲ့ရသည်။

ဆရာကြီးသည် စာပေဗိမာန်က ဆောင်ရွက်လျက်ရှိသည့် မြန်မာ့စွယ်စုံကျမ်းတွဲသစ်များ ပြန်လည်ထုတ်ဝေရေးနှင့် မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ်များ ထုတ်ဝေရေးတို့တွင် စာတည်းအဖွဲ့၏ စာတည်းမှူးချုပ်အဖြစ် တက်ကြွစွာ ဦးဆောင်ပါဝင် ဆောင်ရွက်ခဲ့သည်။ စာပေဗိမာန်၏ စာပေလုပ်ငန်းဟူသမျှတွင် ဆရာကြီး၏ အကြံဉာဏ်နှင့် ဦးဆောင်ကူညီမှုများ ပါဝင်ခဲ့သည်ချည်း ဖြစ်ပါသည်။

### နိဂုံး

ဆရာကြီးသည် မိမိသက်တမ်းတစ်လျှောက် စာကြည့်တိုက်လောက၊ စာပေလောကတွင် စိတ်အားထက်သန်စွာ၊ စိတ်ပါဝင်စားစွာ ဝန်ဆောင်မှုပေးလျက် နှစ်ပေါင်း ၇၀ နီးပါး မြန်မာစာပေအကျိုးကို ဆောင်ရွက်ခဲ့သူဖြစ်သည်။ ယခုအသက် (၈၄) နှစ် အရွယ်အထိ စာကြည့်တိုက်များဖွံ့ဖြိုးရေး၊ စာအုပ်များ လှူဒါန်းရေးနှင့် ရှေးဟောင်း ပေ၊ ပုရပိုက်မှ စာကောင်းပေမွန်များကို ဒစ်ဂျစ်တယ်နည်း (Digitization) နှင့် ထိန်းသိမ်းဖြန့်ဝေရေး လုပ်ငန်းများကို ကူညီဆောင်ရွက်လျက်ရှိသည်။ ဆရာကြီး၏ ဇနီးမှာ ဒေါ်ခင်သန်း (စာရင်းကိုင်ချုပ်ငြိမ်း) ဖြစ်ပြီး သားသမီးသုံးဦး ထွန်းကားခဲ့သည်။ ဦးမင်းသော်ကောင်း၊ ဒေါက်တာသန့်သော်ကောင်းနှင့် ဦးမြတ်သော်ကောင်းတို့ ဖြစ်သည်။ ယခုအခါ ဆရာကြီးသည် အမှတ် ၅၂ ဘီ၊ သံလွင်လမ်း၊ ရန်ကုန်မြို့တွင် မိသားစုနှင့်အတူ နေထိုင်လျက်ရှိသည်။ ဆရာကြီး၏ အသက် ၇၅ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် “ဦးသော်ကောင်း ၇၅ နှစ်ပြည့် အထိမ်းအမှတ် မုဒိတာစာစု” စာအုပ်ကို ထုတ်ဝေခဲ့ပြီး အသက် နှစ် ၈၀ ပြည့်အထိမ်းအမှတ်အဖြစ် လည်း “ဆရာကြီး ဦးသော်ကောင်း နှစ် ၈၀ ပြည့်စာစုများ” စာအုပ်ကို ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍ ဆရာကြီးအသက် ၁၀၀ တိုင်အောင် မိသားစုနှင့်အတူ သက်ရှည်ကျန်းမာစွာနေထိုင်ပြီး အသက်နှစ် ၁၀၀ ပြည့်အတွက် အမှတ်တရစာစုများ ဆက်လက် ထုတ်ဝေနိုင်ပါစေကြောင်းဆုတောင်းမေတ္တာပို့သပါသည်။

စာကြည့်တိုက်လုပ်ငန်းများ၊ မြန်မာစာပေ၊ မြန်မာသမိုင်းနှင့် မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ သုတေသနပြုလုပ်ခြင်း၊ စာတမ်းများ ရေးသားခြင်း၊ အထက်ပါ ပညာရပ်နယ်ပယ်တွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့သည့်အတွက် ဆရာကြီးသည် စာကြည့်တိုက်တပည့်အပေါင်းတို့၏ ခိုနားရာအရိပ်သစ်ပင်ကောင်းကြီး ဖြစ်ပါကြောင်း ဂါရဝတရားရှေ့ထား၍ ဂုဏ်ပြုရေးသားလိုက်ရပါသည်။

### စာပေထဲကလူ၊ လူထဲကစာ

စာထဲမှာ သူနေ
စာပေမှာ မွေ့လျော်၏။
စာစားကာ အာဟာရနဲ့
ဘဝမှာ စာကိုစွဲ
မြဲလှပါဘိ။
ဆရာသော်တဲ့
စာတော်က စာအဆင့်
မြင့်တဲ့ဂုဏ်ရည်။
သူသိရာ စာအကြောင်းတွေက
စာအပေါင်းရယ် မွေကာမွှေ့
စေ့လို့စုံသည်။
စာပန်းကို သူသီ
စာဝတ်ရည် သူစား။
စာအပွင့်တွေနဲ့
ဖြာဝင့်ကာ စာမြိုင်နန်းမှာဖြင့်
ကြိုင်လှျှမ်း ရောင်စုံဖြာလို့
ရတနာ စာအသီးတွေနဲ့
ခိုင်ဖြိုးကာ စာခလေ့ရယ်ကြောင့်
စာစေ့တွေ မြေလွှာထဲ
ကြဲဖြန့်တကား။ ။
စာအုပ်ပေမို့
စာအုပ်နဲ့သူမကွာ
သူ့ရင်မှာ စာအပြည့်။
ရှာကြံကာ ဖွေကာနှိုက်ပါလို့
စာဘဏ္ဍာ ရွှေရတနာသိုက်မှာ
ပျော်ပိုက်နေ၏။

(စာဘဏ္ဍာစိုး ဆရာ ဒေါက်တာ
သော်ကောင်းသို့)

**သူရဇော်**

**စာကိုး**

၁။ ၂၀၁၀ ပြည့်နှစ်အတွက် အမျိုးသားစာပေဆု တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့်စာပေဗိမာန် စာမူဆု လက်ကမ်းစာစောင်။
၂။ ဦးသော်ကောင်း၏ စကားသံများ
၃။ ထွန်းဖောင်ဒေးရှင်းစာပေဆု (၂၀၁၆)
၄။ ဦးသော်ကောင်း ၇၅ နှစ်ပြည့် အထိမ်းအမှတ် မုဒိတာစာစု
၅။ ဆရာကြီး ဦးသော်ကောင်း နှစ် ၈၀ ပြည့်စာစုများ
၆။ စာပေဗိမာန် နှစ် ၇၀ ပြည့် (၁၉၄၇ –၂၀၁၇)

# ကျောက်ပန်းတောင်းမြို့နယ်၌ မိုးနှမ်းများ စတင်ရိတ်သိမ်း

**ကျောက်ပန်းတောင်း ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ မိုးနှမ်းများ ရိတ်သိမ်းနေကြပြီး ရာသီဥတု ကောင်းမွန်သဖြင့် သီးနှံအထွက်နှုန်း ကောင်းသကဲ့သို့ ဈေးကောင်းရရှိရန် တောင်သူများ မျှော်လင့်လျက်ရှိသည်။

ကျောက်ပန်းတောင်းမြို့နယ်၌ မိုးနှမ်းကို မိုးဦးကာလဖြစ်သည့် ဇွန်လ(ကဆုန်လဆန်း)က စတင်စိုက်ပျိုးခဲ့ကြပြီး ဩဂုတ်လ နောက်ဆုံးပတ် (ဝါခေါင်လကွယ်)တွင် စတင်ရိတ်သိမ်းကြကြောင်း သိရသည်။



ရိတ်သိမ်းပြီး နှမ်းစည်းများအား နေလှန်းထားသည်ကို တွေ့ရစဉ်။

"ကျွန်တော်က နှမ်းလေးပြည် စိုက်ထားတယ်။ မြေပဲက နှစ်တင်းကျလောက် စိုက်ထားတယ်။ အခုထိတော့ အားလုံးကောင်းကြပါတယ်။ ကုန်ကျစရိတ် အနေနဲ့က ဒီနှစ် နှမ်းတစ်စိတ်ကျကို ထွန်းယက်ခ၊ ပေါင်းနုတ်ခနဲ့ ဆေးဖိုးတွေ ကုန်ကျစရိတ်က ငွေကျပ်တစ်သိန်းခွဲလောက်ရှိတယ်။ သီးနှံလေးရတဲ့အချိန် ဈေးကောင်းလေးရရင်တော့ အဆင်ပြေမှာပါ" ဟု ဆယ့်နှစ်ရာသီပင်ကျေးရွာမှ တောင်သူ ဦးနေဝင်းက ပြောသည်။

လက်ရှိ နှမ်းဈေးနှုန်းမှာ နှမ်းအနက်က တစ်တင်းလျှင် ငွေကျပ် ၄၀၀၀၀၊ နှမ်းအနီ၊အဖြူတစ်တင်းလျှင် ငွေကျပ် ၃၂၀၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။ နှမ်းနက်မှာ ပြည်ပဈေးကွက် အဝယ်လိုက်မှုကြောင့် ဈေးကောင်းရသော်လည်း သက်တမ်းရှည်သည့်အတွက် တောင်သူများက စိုက်ပျိုးမှုနည်းပါးကြောင်း၊ ဈေးနည်းသော်လည်း သက်တမ်းတိုပြီး ငွေမြန်မြန်ရလွယ်သည့် နှမ်းအနီတို့၊ အဖြူတို့ကိုသာ အားထားစိုက်ကြကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်အေးအေးမော်က ပြောသည်။ ကျောက်ပန်းတောင်းမြို့နယ်တွင် မိုးနှမ်းလျာထားချက် ၁၂၁၅၁ ဧကဖြစ်ပြီး လက်ရှိ မြေပြင်စိုက်ပျိုးမှု စုစုပေါင်းမှာ ဧက ၁၃၂၉၁၀ ဖြစ်သဖြင့် လျာထားချက်ထက်ကျော်လွန်ကြောင်း သိရသည်။

ယခုအခါ နှမ်းရိတ်ရာသီဖြစ်သဖြင့် လက်လုပ်လက်စားတောင်သူများလည်း အဆင်ပြေလျက်ရှိကြောင်း၊ လုပ်အားခမှာ နေ့တစ်ဝက်လျှင် ငွေကျပ် ၁၀၀၀၊ ၁၅၀၀ ပေးရပြီး တစ်နေကုန် ငွေကျပ် ၂၀၀၀၊ ၃၀၀၀ ပေးရကြောင်းနှင့် အချို့အရပ်များတွင် ထွန်းယှဉ်းမြောင်းအလိုက် တစ်မြောင်းချင်းနုတ်ပြီး ငွေကျပ် ၃၀၀ ပေးရသည်များရှိသကဲ့သို့ အခင်းကျယ်သူများမှာ အခင်းပြတ် ငွေကျပ် ၅၀၀၀၀မှ ငွေကျပ်တစ်သိန်းအထိပေးရှိကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# ကြာအင်းဆိပ်ကြီးမြို့၌ ထိခိုက်ပျက်စီးသွားသည့် မိုးစပါးစိုက်ခင်းများအတွက် မျိုးစပါးထောက်ပံ့

**ကြာအင်းဆိပ်ကြီး ဩဂုတ် ၂၉**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်၌ ဇူလိုင်လအတွင်းက မိုးစပါးစိုက်ဧကပေါင်း ၁၅၇၅ ဧက ရေနစ်မြုပ်ခဲ့ပြီး ပျက်စီးဧကပေါင်း ၉၄၇ ဧက ရှိခဲ့သဖြင့် မိုးစပါးများ အချိန်မီပြန်လည်စိုက်ပျိုးနိုင်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ (ပထမ) အကြိမ်အဖြစ် စိုက်ဧက ၃၃၇ ဧကအတွက် ဆင်းသုခမျိုးစပါးတင်း ၁၃၀ ကို ယနေ့ နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ မိုးစပါးစိုက်တောင်သူများကို ထောက်ပံ့ပေးအပ်သည်။




တောင်သူများအား မျိုးစပါးများ ထောက်ပံ့ပေးအပ်စဉ်။

ကြာအင်းဆိပ်ကြီးမြို့နယ်၌ ဇူလိုက် ၁၈ ရက်မှစတင်ကာ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ကျရေများ စီးဆင်းခြင်း၊ ချောင်း လက်တက်များ ရေလျှံခြင်းနှင့် ဇမိမြစ်ရေများ လျှံခြင်းကြောင့် လယ်ယာများ အတွင်းသို့ရေများ ဝင်ရောက်ဖုံးလွှမ်းမှုဖြစ်ပေါ်ပြီး စိုက်ပျိုးပြီးစီးသည့် မိုးစပါးများ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

**မျိုးမင်းဦး (ပြန်/ဆက်)**

# ကျောက်ဆည်၌ သံပရိုစိုက်ပျိုးအောင်မြင် သုံးနှစ်အတွင်း အသီးဆွတ်ခူးနိုင်

**ကျောက်ဆည် ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ဆန်စပါးကို အဓိကထား စိုက်ပျိုးကြသော်လည်း ကိုင်း၊ ကျွန်းမြေများတွင် ဟင်းသီးဟင်းရွက်နှင့် သီးနှံမျိုးစုံစိုက်ပျိုးကြရာ ယခုအခါ တံတားလည်ရပ်ကွက်မှ သံပရို စိုက်ပျိုးသူများ ဈေးကောင်းရလျက်ရှိကြောင်း သံပရိုခြံ စိုက်ပျိုးသူ တစ်ဦးထံမှ သိရသည်။

"တစ်နှစ်သားအရွယ် သံပုရိုပင်တစ်ပင်ကို ငွေကျပ်ငါးရာနဲ့ ဝယ်ပြီး အပင် ၁၀၀ စိုက်ပျိုးထားတာ အပင်သုံးနှစ်သားမှာ စတင်ခူးခွတ် ရောင်းရပါတယ်။ စတင်ခူးဆွတ်ချိန်က တစ်ခါဆွတ် အလုံး ၅၀၀ ရပါတယ်။ အပင်တွေကြီးလာရင် လေဝင်လေထွက်ကောင်းပြီး အသီးလှဖို့အတွက် တစ်ပင်နဲ့တစ်ပင် ၁၈ ပေ ခြားပြီး အတန်းလိုက် စိုက်ပျိုးပါတယ်။ အပင်ငယ်တဲ့အချိန်မှာ ပေါင်းမြက်ရှင်းရတာတွေရှိပြီး ရေကြိုက်နှစ်သက်တာကြောင့် အစိုဓာတ်မပြတ်သွင်းပေးရပြီး လိုအပ်တဲ့အခါ မြေဩဇာကျွေးပေးတာ၊ ကိုင်းခြောက်တွေ ရှင်းပေးရတာတွေ လုပ်ပေးရင် အပင်ကောင်းစွာဖြစ်ထွန်းပြီး အသီးသီးနှုန်းလည်း ပိုကောင်းပါတယ်" ဟု သံပရိုခြံပိုင်ရှင် ဦးစိုးဝင်းက ပြောသည်။

ကျောက်ဆည်မြို့နယ်တွင် သံပရိုများကို ကိုင်းကျွန်းမြေများတွင် အများဆုံးစိုက်ပျိုးကြပြီး အပင်များ၏ အသီးသီးနှုန်းအပေါ် မူတည်၍ ခူးဆွတ်ရောင်းချလျက်ရှိရာ အသီးအရွယ်အစားအလိုက် အသီးတစ်လုံးလျှင် ငွေကျပ် ၈ ကျပ်မှ ၁၂ ကျပ်အထိ ရောင်းချရကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



# ခင်ဦးမြို့နယ်၌ မိုးစပါးဧက ၆၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**ခင်ဦး ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ဝွေးကုန်း စိုက်ပျိုးရေးနည်းပညာပေးစခန်း(KC) နယ်မြေရှိ တောင်သူဦးဝင်းမြင့်၏ ကွင်းအမှတ်(၂၂၉၆) ရှိ လေးဧက၌ မိုးစပါးပေါ်ဆန်းရင်မျိုးကို တစ်ဧကတင်း ၁၀၀ ထွက်ရှိရေးအတွက် ဩဂုတ် ၂၉ ရက်က မြို့နယ်စိုက်ပျိုးရေး ဝန်ထမ်းများက ကြီးကြပ်၍ သိပ္ပံနည်းကျ စိုက်ပျိုးရေးစနစ်ဖြင့် စိုက်ပျိုးသည်။

ခင်ဦးမြို့နယ်တွင် မိုးစပါးစိုက်ပျိုးရန် သဖန်းဆိပ်ဆည်ရေသောက်ဧက ၅၅၂၃၉ ဧက၊ လျှပ်စစ်ရေတင်ဧက ၅၅၀၊ တောင်သူစက်ရေတင်ဧက ၂၅၀၊ အခြားဆည်ကန်ဧက ၆၁၂၅ ဧကနှင့် မိုးကောင်းသောက်ဧက ၃၈၈၃၆ ဧက စုစုပေါင်းဧက ၁၀၁၀၀၀ စိုက်ပျိုးရန် လျာထားခဲ့ရာ ယနေ့အချိန်ထိ ဧက ၆၀၂၂၃ ဧက စိုက်ပျိုးပြီးခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် ဆည်ရေအပြည့်အဝရရှိသည့်အပြင် မိုးရွာသွန်းမှုမှာ မနှစ်ကထက် ပိုမိုရရှိသဖြင့် ခင်ဦးမြို့နယ်အနေဖြင့် ယခင်နှစ်ထက် မိုးစပါးကို ပိုမိုစိုက်ပျိုးနိုင်မည်ဖြစ်ပြီး စက်တင်ဘာ ၁၅ ရက်တွင် လျာထားချက်ပြည့်မီနိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးဒေါ်လှကြိုင်၏ ပြောကြားချက်အရ သိရသည်။

**စိုးဝေအောင် (ခင်ဦး)**

# မိုးနဲမြို့၌ တောင်သူနည်းပညာပြန့်ပွားရေးစင်တာ တည်ဆောက်ပြီးစီး

**မိုးနဲ ဩဂုတ် ၂၉**

ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်စိုက်ပျိုးရေးဌာန ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်သော တောင်သူနည်းပညာပြန့်ပွားရေးစင်တာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။

အဆိုပါ အဆောက်အအုံကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး အလျားပေ ၃၀ ၊ အနံ ၂၄ ပေ အရွယ်အစားဖြစ်ကာ ခန်းမအတွင်း နမ့်မော်ဆွမ့်ကျေးရွာအုပ်စု၊ မိုက်ဟိုင်းကျေးရွာအုပ်စုနှင့် နောင်မြိုင်းကျေးရွာအုပ်စုတို့တွင် စိုက်ပျိုးထားသော လယ်ဧက ၅၀၀၀ကျော်ရှိ တောင်သူများနှင့် နည်းပညာပေးဆွေးနွေးပွဲများကို တစ်နေရာတည်းတွင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဇော်မော်ဦးထံမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ငဖဲမြို့နယ်၌ မိုးစပါးစိုက်ဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**ငဖဲ ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်တွင် ၂၀၂၂ ခုနှစ်မိုးရာသီ မိုးစပါးများကို ထွန်ယက်စိုက်ပျိုးလျက်ရှိရာ ဩဂုတ် ၂၇ ရက်အထိ မိုးစပါးစိုက်ဧက ၄၀၁၀ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

ငဖဲမြို့နယ်တွင် မန်းချောင်းဆည်၊ ရင်းရှည်ဆည်၊ ဆည်ငယ်၊ ကန်ငယ်များမှ ဆည်ရေကိုအမှီပြု၍ ဆင်းသုခ၊ ရောမင်း၊ မနောသုခ၊ ရတနာတိုးမျိုးများနှင့် တောင်ယာစပါးကို စိုက်ပျိုးကြပြီး ၂၀၂၂ ခုနှစ် မိုးရာသီတွင် မိုးစပါးစိုက်ပျိုးရန် ၇၆၂၇ဧက လျာထားခဲ့ရာ ယနေ့ထိ မိုးစပါးစိုက်ဧက ၄၀၁၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။၏

**မယု(ငဖဲ)**

## ညောင်ဦးမြို့နယ်၌ ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်သို့ရောက်ရန် တစ်ပေခန့်သာလို

**ညောင်ဦး ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဩဂုတ် ၂၉ ရက် နံနက် ၆ နာရီတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေမှတ်သည် ၂၀၉၁ စင်တီမီတာသို့ရောက်ရှိနေပြီး ညောင်ဦးမြို့၏ စိုးရိမ်ရေမှတ် ၂၁၂၀ စင်တီမီတာသို့ ရောက်ရှိရန် ၂၉ စင်တီမီတာသာ လိုတော့ကြောင်း ညောင်ဦးမြို့ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ဩဂုတ် ၂၈ ရက် ညနေပိုင်းက ညောင်ဦးမြို့နယ်၌ မြစ်ရေအမှတ်မှာ ၂၀၈၆ စင်တီမီတာရှိခဲ့ကာ ၂၉ ရက် နံနက်တွင် ထပ်မံမြင့်တက်လာပြီး စိုးရိမ်ရေမှတ်သို့ရောက်ရန် တဖြည်းဖြည်းနီးလာခြင်းဖြစ်သည်။

ထို့ကြောင့် မြစ်ကမ်းဘေးနေပြည်သူများ ရေဘေးအသိ သတိ ရှိစေရန် ညောင်ဦးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းကာ မြစ်ရေကြီးမှုအခြေအနေ၊ မြစ်ရေကျမှုအခြေအနေများကို နေ့စဉ်သတင်းထုတ်ပြန်ပေးလျက်ရှိသလို မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ မြစ်အတွင်း စက်လှေများဖြင့်လှည့်လည်ပြီး မြစ်ကမ်းဘေးနေပြည်သူများအား အသံချဲ့စက်ဖြင့် ကြေညာပေး၍ မြစ်ရေကြီးမှုအခြေအနေဆိုင်ရာ သတိပေးနှိုးဆော်မှုများ ပြုလုပ်နေကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်မင်းသူက ပြောကြားသည်။


ညောင်ဦးမြို့ ဧရာဝတီမြစ်ကမ်းဘေးတစ်နေရာ၌ ဩဂုတ် ၂၉ ရက် နံနက်က မြစ်ရေတက်နေသည့်အခြေအနေ

ညောင်ဦးမြို့နယ်၌ မြစ်ရေတိုင်းတာခြင်းများကို လက်ရှိအချိန်တွင် တစ်နေ့သုံးကြိမ်တိုင်းတာလျက်ရှိပြီး စိုးရိမ်ရေမှတ်ရောက်ရှိပါက တစ်နာရီတစ်ကြိမ် တိုင်းတာသွားမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

## ဂွမြို့မဈေးကြီး၌ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုပြုလုပ်

**ဂွ ဩဂုတ် ၂၉**

ရခိုင်ပြည်နယ သံတွဲခရိုင် ဂွမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု လျော့ကျစေရေးအတွက် ပြည်သူများ အပြင်ထွက်သည့်အခါတိုင်း နှာခေါင်းစည်းတပ်ဆင်မှုရှိ/မရှိ စစ်ဆေးခြင်းကို ဆောင်ရွက်လျက်ရှိသလို ဂွမြို့မဈေးကြီး၌ ဈေးရောင်း ဈေးဝယ်သူများအနေဖြင့် နှာခေါင်းစည်းတပ်ဆင်ရေး အသိပညာပေးလှုပ်ရှားမှုကိုလည်း ဩဂုတ် ၂၉ ရက်က ပြုလုပ်ခဲ့သည်။

မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇာနည်ကျော်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က မြို့မဈေးသို့ ဈေးရောင်း ဈေးဝယ်လာသူများ၊ လမ်းသွားလမ်းလာ ပြည်သူများနှင့် အငှားယာဉ်မောင်းနှင်သူများအား အပြင်ထွက်တိုင်း နှာခေါင်းစည်းစနစ်တကျ တပ်ဆင်သွားလာကြရန် အသိပေး၍ လက်သန့်ဆေးရည်များဖျန်းပေးပြီး နှာခေါင်းစည်း အခုရေ ၅၀၀ ကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့သည်။ **ရွှေရည်ဝင်းကျော်**

## ရေကြီး၍ပျက်စီးသွားသော ချောင်းကူးသစ်သားတံတားကို ပြန်လည်တည်ဆောက်ပြီးစီး

**ဗန်းမောက် ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ကွဲကောကြီးကျေးရွာနှင့် ထိန်ဆုံကျေးရွာတို့ကြား ဆက်သွယ်ထားသည့် ဗန်းမောက်ချောင်းကူးသစ်သားတံတား ရေထဲမျောပါပျက်စီးသွားသဖြင့် အလှူရှင်မိသားစုက ဩဂုတ် ၂၅ ရက်က ပြန်လည်တည်ဆောက်ပေးခဲ့ရာ ဩဂုတ် ၂၉ ရက်တွင် ပြီးစီးသွားပြီဖြစ်သည်။

အရှည်ပေ ၂၀၀၊ အကျယ် ခုနစ်ပေရှိသော အဆိုပါသစ်သားတံတားကို လူနှင့် ဆိုင်ကယ်များ သွားလာနိုင်ရန်အတွက် ဗန်းမောက်မြို့နေ ဦးသန်းထွန်းအောင်(ရဲအုပ်ငြိမ်း)+ဒေါ်ခင်စန်းဝင်း မိသားစုက ၂၀၁၉ ခုနှစ်က ဆောက်လုပ်လှူဒါန်းခဲ့ပြီး လွန်ခဲ့သည့် ၁၅ ရက်က မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုကြောင့် တံတားမှာ ရေထဲမျောပါ ပျက်စီးသွားခဲ့ရာ မူလအလှူရှင်မိသားစုကပင် ပြန်လည်တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါ သစ်သားတံတား ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးသွားပြီဖြစ်၍ ကွဲကောကြီးကျေးရွာနှင့် ထိန်ဆုံကျေးရွာတို့ရှိ ပြည်သူများသာမက တောင်ပိုင်းရှိကျေးရွာ ၄၅ ရွာမှပြည်သူများအတွက်ပါ သွားလာရေး အဆင်ပြေချောမွေ့စေကြောင်း သိရသည်။

**လှိုင်ဘွား(ဗန်းမောက်)**

## ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရန် ကျိုင်းတုံမြို့မှဈေးများအားလုံး ထပ်မံပိတ်ထားမည်

**ကျိုင်းတုံ ဩဂုတ် ၂၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်ကို Stay at Home သတ်မှတ်ထားပြီး ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရန် လိုအပ်နေခြင်းကြောင့် မြို့မဈေးအပါအဝင် ဈေးများအားလုံးကို ဩဂုတ် ၂၉ ရက်မှစ၍ ထပ်မံပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

ကျိုင်းတုံမြို့နယ်အတွင်း ဈေးများအားလုံးကို ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ဩဂုတ် ၁၉ ရက်မှ ၂၈ ရက်ထိ ယာယီပိတ်ထားခဲ့သော်လည်း ရောဂါထိန်းချုပ်ရန် လိုအပ်နေသဖြင့် ထပ်ပိတ်ခြင်းဖြစ်ကြောင်း၊ ဈေးများ ယာယီပိတ်ထားသော်လည်း ဩဂုတ် ၃၀ ရက်မှ စ၍ အခြေခံစားကုန်များ၊ ဆေးဝါး၊ အသား/ငါးနှင့် ဟင်းသီးဟင်းရွက်ဆိုင်များကို နံနက် ၆ နာရီမှ ၁၁ နာရီအထိ ဖွင့်လှစ်ရောင်းချခွင့်ပြုမည်ဖြစ်ပြီး အခြားဆိုင်များကို ရောင်းချခွင့်ပြုမည်မဟုတ်ကြောင်း၊ ဈေးရောင်းချရာတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များအတိုင်း ရောင်းချရန်၊ စည်ပင်သာယာဌာနမှ သတ်မှတ်ပေးထားသည့် နေရာ၌သာ ရောင်းချရန် ဈေးရောင်းချသူများအား အသိပေးနှိုးဆော်ထားကြောင်း၊ ဈေးများတွင် ရောင်းချခွင့်ရသောဆိုင်ခန်းများနှင့် ပုံကျဈေးသည်များသည် ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ လိုက်နာခြင်းမရှိပါက သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သိရသည်။

ကျိုင်းတုံမြို့မဈေးကြီး၌ အခြေခံစားကုန်ဆိုင်များ၊ ဆေးဝါး၊ အသား/ငါးနှင့် ဟင်းသီးဟင်းရွက်ဆိုင်များ ပြန်လည်ဖွင့်လှစ်ရောင်းချခွင့်ပြုတော့မည်ဖြစ်၍ ဈေးအတွင်းမှ ရောင်းချခွင့်ပြုမည့် သတ်မှတ်နေရာများတွင် ပိုးသတ်ဆေးဖျန်းခြင်းကိုလည်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသိန်းနှင့် တာဝန်ရှိသူများ ကြီးကြပ်ကာ ဩဂုတ် ၂၈ ရက်က ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## မန်းချောင်းဆင်စခန်းကို ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေခံသော ခရီးသွားဒေသအဖြစ်ဆောင်ရွက်နေ

**ငဖဲ ဩဂုတ် ၂၉**

မင်းဘူး(စကု)မြို့နယ် မန်းရွှေစက်တော်ဘုရားအနီး မန်းချောင်းဘေး၌ ဖွင့်လှစ်ထားသော ရွှေစက်တော် မန်းချောင်းဆင်စခန်းမှ ဆင် ၁၁ ကောင်ကို မိုးတွင်းကာလတွင် သဘာဝအတိုင်း ကြိုးပြင်ကာကွယ်တောစားကျက်သို့ လွှတ်ကျောင်းထားကြောင်း ဆင်စခန်းတာဝန်ခံ ဦးမြတ်မိုးထံမှ သိရသည်။

အဆိုပါ မန်းချောင်းဆင်စခန်းကို ဧက ၇၀၀ ကျယ်ဝန်းသော ပန်းတောင်း-ပျော်ဘွယ် ကြိုးပြင်ကာကွယ်တောတွင် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလက စတင်ဖွင့်လှစ်ခဲ့ပြီး ပွင့်လင်းရာသီတွင် ဘုရားဖူးလာပြည်သူများ လာရောက်အပန်းဖြေနိုင်ရန်အတွက် ဆင်များကို စခန်းတွင်ထားရှိကြောင်း၊ မိုးတွင်းကာလတွင်မူ ကြိုးပြင်ကာကွယ်တောအတွင်း နေ့စဉ် လွှတ်ကျောင်းထားပြီး မန်းချောင်းအတွင်း ဆင်ရေတိုက်၊ ရေချခြင်းများပြုလုပ်ကြောင်း၊ ကြိုးပြင်ကာကွယ်တော ဧက ၇၀၀ ၌ ဆင်စားကျက်ထားရှိ၍ တောထဲသို့ပြန်လွှတ်ထားကြောင်း သိရသည်။ ဆင်များကို ဖြည့်စွက်စာအဖြစ် စပါး၊ ကြံနှင့် ပြောင်းဖူးများကျွေးပြီး လစဉ်ပုံမှန် ကျန်းမာရေးစစ်ဆေးခြင်းများကိုလည်း ဆောင်ရွက်ပေးသည်။

မန်းချောင်းဆင်စခန်းကို ယခု ကိုဗစ်-၁၉ ရောဂါကာလတွင် ဖွင့်လှစ်ထားခြင်းမရှိကြောင်း၊ ယခင်က ဆိုလျှင် ပွင့်လင်းရာသီဖြစ်သော ဒီဇင်ဘာလမှ ဧပြီလကုန်အထိအတွင်း ခရီးသွားများ လာရောက်မှုများပြားခဲ့ကြောင်း၊ ဆင်စခန်း ဝင်ကြေးအဖြစ် နိုင်ငံသားတစ်ဦးလျှင် ကျပ် ၁၀၀၀ နှုန်းနှင့် ဆင်စီးခ ကျပ် ၅၀၀၀ နှုန်း၊ နိုင်ငံခြားသားတစ်ဦးလျှင် ဝင်ကြေး ကျပ် ၁၀၀၀၀ နှုန်းနှင့် ဆင်စီးခ ကျပ် ၁၀၀၀၀ နှုန်း သတ်မှတ်ထားကြောင်း၊ ဆင်စခန်းတွင် ဆင်များနှင့် ပတ်သက်ပြီး လာရောက်လေ့လာနိုင်သလို မန်းချောင်းဘေး၌လည်း နားနေအပန်းဖြေနိုင်ကြောင်းနှင့် ဆင်စခန်းရှိ တည်းခိုဆောင်များတွင်လည်း အပန်းဖြေတည်းခိုနိုင်ကြောင်း သိရသည်။



မန်းချောင်းဆင်စခန်းကို (၁) ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးကိုအခြေခံသော ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ (၂)ဆင်ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် ပြည်သူလူထုပူးပေါင်းပါဝင်သော Community Base Tourism လုပ်ငန်းများ ထွန်းကားလာစေရန်၊ (၃)ဆင်များ၏အလေ့အထ၊ အမူအကျင့်နှင့် နေထိုင်မှုသဘာဝကို သိရှိနားလည်ပြီး ဆင်များအပေါ် ချစ်ခင်မြတ်နိုး တန်ဖိုးထားတတ်လာစေရန်၊ (၄) Ecotourism များ ဖွင့်လှစ်တည်ထောင်ခြင်းဖြင့် မြန်မာ့သဘာဝ တောတောင်ရေမြေများ၏ အလှအပတရားများကို ခံစားတတ်လာပြီး ပူးပေါင်းကာကွယ်ထိန်းသိမ်းစောင့်ရှောက်လိုစိတ်များ ပေါ်ပေါက်လာကာ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးကိုအထောက်အကူဖြစ်စေရန်၊ (၅)အစိမ်းရောင်စီးပွားရေးလုပ်ငန်းဖြင့် နိုင်ငံတော်၏ဝင်ငွေရရှိစေရန် စသည့်ရည်ရွယ်ချက် ငါးချက်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

**မယု(ငဖဲ)**

# မိတ္ထီလာမြို့ တပ်မတော်ဆေးရုံ၌ Liquid Oxygen Plant ဖွင့်ပွဲ ပြုလုပ်

**နေပြည်တော် ဩဂုတ် ၂၉**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ တပ်မတော်ဆေးရုံ၌ တည်ဆောက်ပြီးစီးသွားသည့် တန် ၂၀ ကျ Liquid Oxygen Plant ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဆေးရုံ၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ တိုင်းမှူး၊ အလှူရှင် Royal Hic Company မှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာထွန်းထွန်းအောင်၊ တာဝန်ရှိသူများက Liquid Oxygen Plant ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

**ဂုဏ်ပြုလွှာပေးအပ်**

ထို့နောက် ဒေါက်တာထွန်းထွန်းအောင်က စက်ရုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများအား ဆေးရုံတပ်မှူးထံသို့ လွှဲပြောင်းပေးအပ်ပြီး တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ (ယာပုံ)

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် စက်ရုံအတွင်း လိုက်လံကြည့်ရှုရာ တာဝန်ရှိသူများက အောက်ဆီဂျင်ထုတ်လုပ်နေမှုများကို လိုက်လံရှင်းလင်းပြသသည်။ ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မိတ္ထီလာမြို့ အောင်ဇေယျာ အမှတ်(၂)ရပ်ကွက်၌ Oxygen Plant တည်ဆောက်နေမှုတို့ကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၉**
ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိရာ ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာ မြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါအထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အလှူငွေများ ပေးအပ်ကာလိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၃၇ ဦးနှင့် အမျိုးသမီး ၈၅ ဦး စုစုပေါင်း ၂၂၂ ဦးကို လည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံတပ်၌ ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး စုစုပေါင်း နှစ်ဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာအမျိုးသား ၃၆ ဦးနှင့် အမျိုးသမီး ၂၈ ဦး စုစုပေါင်း ၆၄ ဦးကို လည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၄၃ ဦးနှင့် အမျိုးသမီး ခြောက်ဦး၊ စုစုပေါင်း ၄၉ ဦးကို လည်းကောင်း အသီးသီးလက်ခံထားရှိကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံ ဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မုတ်သုံလေ အားနည်းနေ

**နေပြည်တော် ဩဂုတ် ၂၉**
မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားနည်းနေသည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

# ပေါက်ခေါင်းမြို့နယ်တွင်းရှိ ကိုဗစ်-၁၉ ရောဂါပိုး အများဆုံးတွေ့ရှိသည့် ကျေးရွာနှစ်ရွာအား အသွားအလာကန့်သတ်ထားရှိပြီး ဆန်နှင့်ဆီများ ထောက်ပံ့ပေးအပ်

**ပေါက်ခေါင်း ဩဂုတ် ၂၉**
ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင်းရှိ ကိုဗစ် -၁၉ ရောဂါပိုးတွေ့ရှိမှုအများဆုံးဖြစ်သည့် တောင်လည်အုပ်စု ပျားထိုးကျွန်းကျေးရွာနှင့် ငါးခူအိုင်အုပ်စု အောင်မြင်ကုန်းကျေးရွာရှိ ပြည်သူများကို ယမန်နေ့ကစတင်၍ အသွားအလာကန့်သတ်မှုကာလ ၁၄ ရက် သတ်မှတ်ထားကြောင်း၊ နာရေးကိစ္စမှအပ နေအိမ်ပြင်ပသို့ မထွက်ခွာရန်နှင့် အသွားအလာကန့်သတ်ထားရှိသည့်ကာလအတွင်း အဆင်ပြေစေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အစီအစဉ်ဖြင့် ဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်က တစ်ရွာလျှင် ဆန်ငါးအိတ်နှင့် ဆီ ၁၀ ပိဿာကို ကျေးရွာအရောက် ထောက်ပံ့ပေးကြောင်း သိရသည်။

ပေါက်ခေါင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှုမှာ နေ့စဉ်မြင့်မားလျက်ရှိနေသဖြင့် ပဲခူးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ပေါက်ခေါင်းမြို့နယ်အတွင်းရှိ ထိစပ်မှုအများဆုံးဖြစ်သည့် ကျေးရွာများမှ ပြည်သူများအား တစ်ရွာလျှင် ၁၀၀ ခန့် RDT Test Kit ဖြင့် ဓာတ်ခွဲနမူနာယူ၍ ကျေးရွာအရောက်ကျန်းမာရေးဌာနမှ ဆက်လက်စစ်ဆေးပေးမည်ဖြစ်ကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

ဥမ္မာကျော် (ပြန်/ဆက်)

# တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့ကြီးများသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအား ဆက်လက်ပို့ဆောင်ဖြန့်ဖြူး

**နေပြည်တော် ဩဂုတ် ၂၉**
ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ တိုးချဲ့ကာကွယ် ဆေးသိုလှောင်ခန်းတွင် ထားရှိသည့် ကိုဗစ်ရောဂါကာကွယ်ဆေးများကို စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။ (ယာပုံ)




ထိုသို့ဖြန့်ဖြူးပေးလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် သံတွဲမြို့သို့ ကာကွယ်ဆေးအလုံးရေ ၅၀၄၅ လုံး၊ စစ်တွေမြို့သို့ ၁၃၂၀၅ လုံး၊ ပလက်ဝမြို့သို့ ၆၄၉ လုံး၊ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့သို့ ၅၆၇၈ လုံး၊ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့သို့ ၄၀၉၂ လုံးနှင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ၇၉၁၂ လုံးတို့ကို တပ်မတော်လေယာဉ်များဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ ကာကွယ်ဆေးအလုံးရေ ၃၈၅၉၂ လုံး၊ ကရင်ပြည်နယ် ဘားအံမြို့သို့ ၉၂၉၈ လုံး၊ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ၁၂၂၁၈လုံး၊ ရန်ကုန်မြို့သို့ ၅၅၅၇၆ လုံးနှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ ၂၃၈၇၈ လုံးတို့ကို မြေပြင်ခရီးလမ်းကြောင်းမှ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် လည်းကောင်း ဆက်လက်ပေးပို့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူပြီး သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

ယင်းသို့ ပေးပို့ဖြန့်ဖြူးပေးသော ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ဦးတည်အုပ်စု လူဦးရေ၊ ဦးစားပေးအစီအစဉ်များနှင့်အညီ ပြည်သူများသို့ အမြန်ဆုံးထိုးနှံပေးနိုင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ပြီး ဝေးလံခက်ခဲသောဒေသများသို့ တပ်မတော်(လေ)မှ ပို့ဆောင်ရေးလေယာဉ်၊ ရဟတ်ယာဉ်များ၊ မြန်မာ့လေကြောင်းတို့၏ အကူအညီများ ရယူကာ လေကြောင်း ခရီးဖြင့်လည်း ဆက်လက် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် PDF အကြမ်းဖက်အဖွဲ့ဝင်များဖမ်းဆီးရမိမှု အခြေပြဇယား




◆ *ကျောဖုံးမှ*

တရားခံများ၏ ထွက်ဆိုချက်အရ ဩဂုတ် ၂၃ ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အင်းဝအိမ်ရာမှ အောင်ကိုမင်း(ခ) လင်းညို၊ အောင်အောင်(ခ) အောင်ကြီးနှင့် နော်ခင်နှင်းဝေ(ခ) မှုံစီတို့ သုံးဦးအား ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည်ငါးတောင့်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

**ဖမ်းဆီးရမိ**

တရားခံ အောင်ကိုမင်း(ခ) လင်းညို၏ ထွက်ဆိုချက်အရ မရမ်းကုန်းမြို့နယ်မှ စိုးပိုင်ကျော်နှင့် သန့်ဇင်ထွန်း(ခ) သန့်ဇင်တို့ကို လည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မှ တိုးတိုး(ခ) ထွန်းထွန်းဇော်အား လက်လုပ်သေနတ်နှစ်လက်၊ ကျည်မျိုးစုံ ၅၀ တောင့်၊ ပွိုင့်-၂၂ ကျည်ခွံ ရှစ်ခု၊ အသံတိတ်ပြောင်း နှစ်ခု၊ သေနတ်ဒင် နှစ်ခု၊ လေသေနတ်ကျည် အတောင့် ၁၀၀ နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ ဩဂုတ် ၂၄ ရက်တွင် ဆက်စပ်တရားခံ ဆန်းမင်းပိုင်ကို မင်္ဂလာဒုံမြို့နယ် ဇေကမ္ဘာဘုရားအနီးတွင် ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်အရ သာကေတမြို့နယ်၌ ကိုကိုချစ်အား ဖမ်းဆီးရမိခဲ့သည်။ ၎င်း၏ ထွက်ဆိုချက်အရ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၁၉) ရပ်ကွက်၌ အောင်ခန့်သွင်(ခ) ဂျိုးဇက်ကို လည်းကောင်း၊ (၇၀) ရပ်ကွက်၌ ဇော်ထက်အောင်ကို လက်လုပ်မိုင်းမျိုးစုံ ရှစ်လုံး၊ ဒီတိုနေတာ တစ်ခု၊ သံဘောစေ့ နှစ်ထုပ်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

**ပူးပေါင်းအဖွဲ့ဖြင့်ဖမ်းဆီး**

တရားခံ ဆန်းမင်းပိုင်၏ ထွက်ဆိုချက်အရ သဃ်န်းကျွန်းမြို့နယ် ဇဝနရပ်ကွက် စံပယ်ဖြူအိမ်ရာအား ပူးပေါင်းအဖွဲ့ဖြင့် ဝင်ရောက်ရှာဖွေ ဖမ်းဆီးခဲ့ရာ ဆက်စပ် တရားခံများဖြစ်သော ဘုန်းသူရခန့်၊ သန့်ဇင်အောင်၊ ထက်ပိုင်စိုးနှင့် ဝေယံထွန်းတို့ကို ဖမ်းဆီးရမိခဲ့ပြီး တရားခံ ညီညီမှာ တိုက်အမိုးပေါ်သို့ ထွက်ပြေး တိမ်းရှောင်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးစဉ် ခြေချော်၍ တိုက်ပေါ်မှ ပြုတ်ကျသေဆုံးခဲ့သည်။ တရားခံများနှင့်အတူ Czech Republic ပစ္စတိုသေနတ် တစ်လက်၊ Glock-19 ပစ္စတိုသေနတ် တစ်လက်၊ SIG SAUER ပစ္စတိုသေနတ် တစ်လက်၊ ၉ မမ ကျည် ၈၅ တောင့်၊ ပွိုင့်-၃၈ကျည် ၄၇ တောင့်၊ ကျည်အိမ် ငါးခု၊ ရှေ့ထွက်မိုင်း နှစ်လုံး၊ လက်လုပ်မိုင်း သုံးလုံး၊ စိတ်ကြွရူးသွပ်ဆေးပြား ငါးပြားတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

တရားခံ အောင်ကိုမင်း(ခ) လင်းညို၏ ထွက်ဆိုချက်အရ ဩဂုတ် ၂၅ ရက်တွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်မှ ဝင်းမင်းထွဋ်ကို ပြုလုပ်ဆဲ လက်လုပ်မိုင်း တစ်လုံး၊ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

**အကြမ်းဖက်သင်တန်းတက်**

တရားခံများ၏ ထွက်ဆိုချက်အရ အောင်မင်းသူသည် ဧပြီလတွင် KNPP လက်နက်ကိုင်အဖွဲ့ထံ၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တက်ရောက်ခဲ့ကြောင်း၊ သန့်ဇင်အောင်၊ ထက်ပိုင်စိုး၊ ဝေယံထွန်း၊ ဘုန်းသူရခန့်တို့သည် KNLA တပ်မဟာ (၃)၌လည်းကောင်း၊ သန့်ဇင်ထွန်းသည် KNLA တပ်မဟာ(၇)၌ ဖောက်ခွဲရေးသင်တန်းများ တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံများ၏ ထွက်ဆိုချက်အရ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တို့တွင် လက်လုပ်မိုင်း လေးကြိမ် ဖောက်ခွဲခဲ့ပြီး ဖောက်ခွဲမှုများအနေဖြင့် ဇွန်လ ၃ ရက်တွင် အောင်မင်းသူ၊ ဇင်မင်းကျော်နှင့် ဇင်မင်းကိုတို့သည် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၇၉) ရပ်ကွက်ရှိ ရစဖမှူး ဦးစန်းဝင်း နေအိမ်ခေါင်မိုးပေါ်သို့ လက်လုပ်မိုင်း တစ်လုံးကို လည်းကောင်း။

ဇွန် ၁၉ ရက်တွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၉၄) ရပ်ကွက်ရှိ (A-94) လမ်းမပေါ်၌ လက်လုပ်မိုင်းတစ်လုံးကို လည်းကောင်း။

ဇွန် ၂၆ ရက်တွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၉၄)ရပ်ကွက် ရစဖရုံးရှေ့၌ လက်လုပ်မိုင်း တစ်လုံးကို လည်းကောင်း ဖောက်ခွဲခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် ဩဂုတ် ၈ ရက်တွင် ဆန်းမင်းပိုင်က ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၅၅) ရပ်ကွက် ဖူဆယ်ဘောလုံးကွင်း အနီး၌ ဆိုင်ကယ်တွင် လက်လုပ်မိုင်းတပ်ဆင်၍ ဖောက်ခွဲခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**လုပ်ကြံပစ်ခတ်မှုရှစ်ကြိမ်**

တရားခံများ၏ ထွက်ဆိုချက်အရ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တို့တွင် လုပ်ကြံပစ်ခတ်မှု ရှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး လုပ်ကြံမှုများ အနေဖြင့် ဇွန် ၂၈ ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၇၂) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး စာရေး ဒေါ်မြတ်မြတ်ထွေးကို လုပ်ကြံသတ်ဖြတ်ရာတွင် ကိုကိုချစ်က ဆိုင်ကယ်မောင်း၍ ချစ်ကိုကို (ဖမ်းဆီးရန်ကျန်)က သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း။

ဇူလိုင် ၆ ရက်တွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၈၈)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးခင်ဦးနှင့် ၎င်း၏ကားသမား ဦးအောင်လွင်တို့နှစ်ဦးကို လုပ်ကြံသတ်ဖြတ်ရာတွင် ဇင်မင်းကျော်က ဆိုင်ကယ်မောင်း၍ အောင်မင်းသူ(ခ)ကိုသူက သေနတ်ဖြင့် ခုနစ်ချက် ပစ်ခတ်ခဲ့ကြောင်း။

ဇူလိုင် ၁၄ ရက်တွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၅၃) ရပ်ကွက်မှ ဦးတင်ထွန်းအား လုပ်ကြံသတ်ဖြတ်ရာတွင် ဆန်းမင်းပိုင်က ဆိုင်ကယ်မောင်း၍ နိုင်နိုင် (ဖမ်းဆီးရန်ကျန်) က သေနတ်ဖြင့် နှစ်ချက်ပစ်ခတ်ခဲ့ကြောင်း။

ဇူလိုင် ၂၈ ရက်တွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၂၄)ရပ်ကွက်မှ ရာအိမ်မှူး ဦးစောဦးအား လုပ်ကြံသတ်ဖြတ်ရာတွင် ဝေယံထွန်းက ဆိုင်ကယ်မောင်းနှင်ကာ သန့်ဇင်အောင်က သေနတ်ဖြင့် နှစ်ချက် ပစ်ခတ်ခဲ့ကြောင်း။

*စာမျက်နှာ ၂၇ သို့*

*စာမျက်နှာ ၂၆ မှ*

ဩဂုတ် ၅ ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၅၃) ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးအား ပစ်ခတ်ခဲ့ရာတွင် တိုးတက်ဝင်းအောင် (ခ)တိုးကြီး (ဖမ်းဆီးရန်ကျန်)က ဆိုင်ကယ်မောင်း၍ ဝေယံထွန်းနှင့်ညီညီတို့က သေနတ်ဖြင့် ၁၂ ချက် ပစ်ခတ်ခဲ့ကြောင်း။

**လုပ်ကြံသတ်ဖြတ်**

ဩဂုတ် ၁၂ ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၅၄) ရပ်ကွက်ရှိ ကျားကြီး လက်ဖက်ရည်ဆိုင်မှ လှမျိုးခိုင်တို့ ဇနီးမောင်နှံအား လုပ်ကြံသတ်ဖြတ်ရာတွင် ညီညီနှင့် သန့်ဇင်အောင်တို့က သေနတ်ဖြင့် ငါးချက်ပစ်ခတ်ခဲ့ကြောင်း။

**သေနတ်ဖြင့် ပစ်ခတ်**

ဩဂုတ် ၁၇ ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၅၇) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးမှ ရုံးအကူ ဦးဉာဏ်ထွန်းအား လုပ်ကြံသတ်ဖြတ်ရာတွင် ထက်ပိုင်စိုး၊ ဝေယံထွန်းနှင့် ညီညီတို့က သေနတ်ဖြင့် နှစ်ချက်ပစ်ခတ်ခဲ့ကြောင်း။

**သေနတ်ဖြင့် သုံးချက်ပစ်ခတ်**

ဩဂုတ် ၁၉ ရက်တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၀) ရပ်ကွက် အောင်လံလမ်းရှိ ဒေါ်သီတာမောင်မောင် အား လုပ်ကြံသတ်ဖြတ်ရာတွင် ထက်ပိုင်စိုးနှင့် ညီညီတို့က သေနတ်ဖြင့် သုံးချက် ပစ်ခတ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ထိုသို့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားအောင် အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်ခဲ့သူ လင်းညိုအပါ တရားခံ ၁၉ ဦးကို ပစ္စတိုသေနတ်ခြောက်လက်၊ ကျည်အိမ်ရှစ်ခု၊ ၉ မမ ကျည် ၁၁၉ တောင့်၊ လက်လုပ်ဂက်စ် သေနတ်တစ်လက်၊ လက်လုပ်ပွိုင့် - ၂၂ သေနတ်တစ်လက်၊ ကျည်မျိုးစုံ ၉၇ တောင့်၊ ရှေ့ထွက်မိုင်းနှစ်လုံး၊ လက်လုပ်မိုင်း ၁၂ လုံး၊ ဒီတိုနေတာတစ်ခု၊ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

**ပူးပေါင်းပါဝင်ဆောင်ရွက်**

အဆိုပါ အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်သူများနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဆောင်ရွက်နေသူများအား ဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် အခြားဆက်စပ် တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်





တရားခံ ထွန်းထွန်းဇော်နှင့်အတူ ဖမ်းဆီးရမိသည့် လက်လုပ်သေနတ်နှင့် ဆက်စပ်ပစ္စည်းများ။





တရားခံ ဇင်မင်းကျော်၊ အောင်မင်းသူ၊ ဇင်မင်းကိုတို့နှင့်အတူ ဖမ်းဆီးရမိသည့် လက်နက်/ခဲယမ်းများ။



တရားခံ အောင်ကိုမင်း၊ ခင်နှင်းဝေ၊ အောင်အောင်တို့နှင့်အတူ ဖမ်းဆီးရမိသည့် လက်နက်/ခဲယမ်းများ။



တရားခံ ဇော်ထက်အောင်နှင့်အတူ ဖမ်းဆီးရမိသည့် လက်လုပ်မိုင်းနှင့် ဆက်စပ်ပစ္စည်းများ။

# ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် လက်ပစ်ဗုံး၊ လက်လုပ်ဗုံးနှင့် လက်လုပ်မိုင်းများ အသုံးပြုကာ အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်

**နေပြည်တော် ဩဂုတ် ၂၉**

အကြမ်းဖက်သူများအနေဖြင့် အများပြည်သူထိခိုက်စေရန်အတွက် လက်လုပ်ဗုံးများ ပစ်ဖောက်ခြင်း၊ ထောင်ထားခြင်းများကို လုပ်ဆောင်လျက်ရှိရာ ဩဂုတ် ၂၈ ရက် နံနက် ၇ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် သာယာဝတီကျေးရွာရှိ အစိုးရနည်းပညာတက္ကသိုလ် "မြမဥ္ဇူ" အမျိုးသမီးအဆောင်ကို လက်လုပ်မိုင်းတစ်လုံးဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ပြီး ပေါက်ကွဲမှုကြောင့် "မြမဥ္ဇူ" အဆောင်၏ ပြတင်း တံခါးမှန်ငါးချပ်နှင့် အုတ်နံရံ တစ်ပေပတ်လည်ခန့် ကွဲအက်ပျက်စီးခဲ့ကြောင်း သိရသည်။

အလားတူ ယနေ့ နံနက် ၁၀ နာရီ ၁၀ မိနစ်ခန့်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၄) ရပ်ကွက် ၆၂ လမ်းနှင့် ၁၁၂ လမ်းထောင့်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် စစ်ဆေးလျက်ရှိသည့် နယ်ကျော်စစ်ဆေးရေး ဂိတ်အနီးတွင် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် အဆိုပါနေရာအနီး လမ်းပေါ်၌ ရပ်တန့်ထားသည့် မော်တော်ယာဉ်၏ ရှေ့လေကာမှန်၊ နောက် ဝဲ/ယာ လေကာမှန်တို့ ကွဲအက်ပျက်စီးခဲ့ကာ လူထိခိုက်မှုမရှိကြောင်း သိရသည်။

ယခုကဲ့သို့ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများအား ထိခိုက်စေရန် အကြမ်းဖက်လုပ်ဆောင်ခဲ့သူများနှင့် ဆက်စပ်နေသူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား





ကလေးမြို့နယ်၌ အစိုးရနည်းပညာတက္ကသိုလ်ဝင်းအတွင်း အမျိုးသမီးအဆောင်နှင့် ခြံစည်းရိုးအုတ်တံတိုင်းအကြား လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲခဲ့မှု။





ချမ်းမြသာစည်မြို့နယ်၌ လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲခဲ့၍ မော်တော်ယာဉ်တစ်စီးပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။




ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ဖလောင်းပြင်ဆည်နှင့် လေးမြို့မြစ်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ခြင်းကို ဩဂုတ် ၂၅ ရက်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးစိုးမိုးနှင့် တာဝန်ရှိသူများက ငါးသားပေါက်ကောင်ရေ ၂ ဒသမ ၅၀ သိန်းကို ငါးမျိုးများ စိုက်ထည့်ပေးစဉ်။ ကိုထွန်း

## ဖားကန့်၊ မော်လမြိုင်၊ မြစ်ကြီးနားနှင့် လားရှိုးမြို့နယ်တွင် ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၉**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၇ ရက် ညနေ ၄ နာရီခွဲ တွင် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု မော်ဆီဇာကျေးရွာအနီးတွင် ယောဘ မောင်းနှင်ပြီး သိန်းငွေးဘို (ခ) ငွေးဘိုနှင့် နေမျိုးဝင်း (ခ) ဖားကြီး တို့ လိုက်ပါလာသည့် Kluger အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၆၉၃ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၄ နာရီ မိနစ် ၄၀ တွင် အဆိုပါနေရာအနီး၌ပင် ဝင်းနိုင်ထွန်းနှင့် မငယ်ထွေး တို့ကို ဆိုင်ကယ်နှင့်အတူလည်းကောင်း၊ ယင်းနေ့ ည ၈ နာရီ မိနစ် ၂၀ တွင် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက် ကမ်းနားလမ်းတွင် မသက်ဘွယ် ရပ်တန့်ထားသည့် Honda Fit အမျိုးအစားမော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်မောင်း လှမျိုးအောင် အား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၆၇၇၀ ကိုလည်းကောင်း၊ အလားတူ ဩဂုတ် ၂၈ ရက် ညနေ ၃ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် ကျောက်ဝိုင်းလမ်းမတွင် နော်နန် မောင်းနှင်လာသည့် Wish အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၂ ဒသမ ၀၉ ကီလိုကိုလည်းကောင်း၊ ယင်းနေ့ ည ၉ နာရီ ၁၅ မိနစ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် မယ်ဟန်ကျေးရွာ ပူးပေါင်းစစ်ဆေးရေး စခန်းအနီးတွင် AD VAN အမျိုးအစား ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ ခရီးသည် မသီတာထံမှ ဘိန်းဖြူ သုည ဒသမ ၄ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



နော်နန် အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## အကောက်ခွန်ဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ၂၀၂၂ခုနှစ် ဩဂုတ်လ ၃၀ရက်
## (၁၃၈၃ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ရက်)

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အကောက်ခွန်မှူး(လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး ကျား (၃၅)ဦး၊ မ(၁၅)ဦး၊ စုစုပေါင်း (၅၀)ဦး နေရာအတွက် သတ်မှတ်ချက်များကို ဇူလိုင် ၁ ရက်နှင့် ၁၀ ရက်နေ့ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် ခေါ်ယူခန့်ထားနိုင်ရေး ဖော်ပြခဲ့ပြီးဖြစ်သည်။

၂။ ယခု မြန်မာနိုင်ငံတွင် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းဖြစ်ပွားနေသဖြင့် လျှောက်လွှာများ လာရောက်ထုတ်ယူနိုင်သည့် နေ့ရက်နှင့် စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာများ ပြန်လည်လက်ခံမည့် နေ့ရက်များအား အောက်ပါအတိုင်း တိုးမြှင့်သတ်မှတ်သွားမည်ဖြစ်သည်-

**"လျှောက်လွှာများအား အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm, Facebook Page (MACCS)တို့တွင် Download ရယူနိုင်ပြီး၊ လူကိုယ်တိုင် လာရောက်ရယူပါက ယနေ့မှစ၍ ၁၀-၉-၂၀၂၂ ရက်အထိ မှတ်ပုံတင်(မိတ္တူ)နှင့် ဘွဲ့လက်မှတ်(မိတ္တူ) များနှင့်အတူ အမှတ်(၂၀၅/၂၁၁)၊ ၄၉လမ်းနှင့် လမ်း ၅၀ကြား မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ (အကောက်ခွန်သင်တန်းကျောင်း)တွင် လာရောက်ထုတ်ယူနိုင်သည်။ စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို ၁၆-၈-၂၀၂၂ရက်မှ ၁-၁၀-၂၀၂၂ရက်အထိ အကောက်ခွန်သင်တန်းကျောင်း၌ ပြန်လည်လက်ခံသွားမည်ဖြစ်ပြီး လျှောက်ထားသူကိုယ်တိုင် လာရောက်ရမည်ဖြစ်သည်။"**

၃။ ရေးဖြေစာမေးပွဲကို ကျင်းပပြုလုပ်မည့် ရက်စွဲ၊ အချိန်၊ နေရာ၊ စာမေးပွဲဝင်ရောက် ဖြေဆိုခွင့်ရရှိသူ အမည်စာရင်း၊ ခုံအမှတ်တို့ကို အမှတ်(၁၃၂)၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်) ရှေ့ကြော်ငြာ သင်ပုန်း၊ အမှတ်(၂၀၅/ ၂၁၁)၊ ၄၉လမ်းနှင့် လမ်း ၅၀ကြား၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့(အကောက်ခွန်သင်တန်းကျောင်း)ကြော်ငြာသင်ပုန်းနှင့် အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm, Facebook Page(MACCS)တို့တွင် ကြေညာပေးသွားမည်ဖြစ်သည်။

၄။ အသေးစိတ်သိရှိလိုပါက အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ (ဖုန်း-၀၁-၃၈၀၇၃၁) သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

**အကောက်ခွန်ဦးစီးဌာန**

## မြင်းမူမြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကမ်းနားလမ်း ပြိုကျပျက်စီး

**မြင်းမူ ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ကမ်းနားလမ်း ပြိုကျပျက်စီးမှုဖြစ်ကြောင်း သိရသည်။

ဩဂုတ် ၂၈ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းနှင့် အောက်မြေသားများကို ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် လမ်းအရှည်ပေ ၁၀၀ ခန့်နှင့် အကျယ်ရှစ်ပေခန့် ဧရာဝတီမြစ်အတွင်းသို့ ပြိုကျခြင်းဖြစ်ကြောင်း သိရသည်။ လမ်းပြိုကျမှုကြောင့် ပြည်သူများ အန္တရာယ်မဖြစ်စေရေး ယင်းနေရာပတ်ဝန်းကျင်ရှိ လမ်းအသွားအလာကိုလည်း ကန့်သတ်ထားရှိပြီးဖြစ်ကြောင်း မြို့နယ်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲကိုကိုထံမှ သိရသည်။ ကမ်းပါးပြိုကျမှု ဆက်လက်ကာကွယ်နိုင်ရေးအတွက် မျှောတိုင်များရိုက်ခြင်း၊ ဝါးထရံများ ကာခြင်း၊ သဲအိတ်များ ချထားခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **အောင်စိုးဖေ(မြင်းမူ)**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန၏ ၂၀၂၁-၂၀၂၂ဘဏ္ဍာရေးနှစ်(အောက်တိုဘာလမှ မတ်လအထိ) အတွက် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် မြို့တော်သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် မြေယာရှုခင်းကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

-မြေယာရှုခင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း(၉)ခု၊ MICC-1 နှင့် MICC-2 မြေယာရှုခင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း

| | | |
|---|---|---|
| တင်ဒါပုံစံထုတ်ပေးမည့်ရက် | - | ၃၀-၈-၂၀၂၂ရက် |
| တင်ဒါပိတ်မည့်ရက် | - | ၁၀-၉-၂၀၂၂ရက် ညနေ ၄နာရီ |
| တင်ဒါပေးသွင်းရမည့်နေရာ | - | ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်-

ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း-၀၆၇-၃၄၃၂၄၉၁

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ရွှေအုန်းပင်အိမ်ရာ(၁)၊ တိုက်(၁၀)၊ အမှတ်(၅၁)တွင်နေထိုင်သော ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ မမြမြဝင်း ၁၃/ကတန(နိုင်)၁၁၀၄၆၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက စုပေါင်းပိုင်အဆောက်အအုံစီမံကိန်းအရ ဆောက်လုပ်ထားသော ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ရွှေအုန်းပင်အိမ်ရာ(၂)၊ တိုက်အမှတ်(၂၃)၊ အခန်းအမှတ်(၃၁) (တတိယထပ်)တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းနှင့် ဆက်စပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးမြင့်ဆွေ ၁၃/မပတ(နိုင်)၀၀၀၄၁၇ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းချသည့်တိုက်ခန်း၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်ဝေဝေခိုင်(LL.B,D.B.L,D.I.L,D.I.P.L,D.M.L) | ဒေါ်သက်စုလှိုင်(LL.B) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၃၂၉) | အထက်တန်းရှေ့နေ(စဉ်-၂၉၂၇၆) |

အမှတ်(၃၅/ခ)၊ သခင်ဗဟိန်းလမ်း၊ ၃၀ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၅၀၃၈၆၁၈၊ ၀၉-၇၈၉၄၈၇၃၂၆

## ကန့်ကွက်နိုင်သည်

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်၊ စေရန်ပိုင်အနောက် ရပ်ကွက်၊ ဝေဘာဂီလမ်း၊ အမှတ်(၃၃)၊ အခန်းမြေညီ/ဘီ၊ (၁၃x၅၅)ပေ၊ ဒေါ်စုစုလှိုင် (၁၂/အလန(နိုင်)၀၁၃၈၈၂) ကိုင်ဆောင်သူနှင့် ညီမအစ်မ များပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသော တိုက်ခန်းအား ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရံငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ တိုက်ခန်းနှင့်ပတ်သက်၍ ရောင်းချခြင်းအား ကန့်ကွက်လိုပါက ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့ (၇)ရက် အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စအားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးမြင့်ဦး (LL.B) ဥပဒေအဖွဲ့**
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၆၅)
အမှတ်(+၁၄)၊ ပန်းပင်ကြီးလမ်း၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း - ၀၉ ၅၁၈၈၅၆၄

## ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ငွေကျပ် ၇ ဒသမ ၇၈ ဘီလီယံကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၉**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ငွေကျပ် ၇ ဒသမ ၇၈ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၇ ရက် နံနက် ၁၁ နာရီခွဲတွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျီးကန်းပြင် စစ်ဆေးရေးဂိတ်တွင် မောင်တောမှ ကြိမ်ချောင်းသို့ အောင်ကျော်လှိုင် (ခ) အောင်ကျော် (ခ)ဂေါက်ကြီး (၃၁) နှစ် မောင်းနှင်ပြီး ဇနီးဖြစ်သူ မလှိုင်လှိုင်ဝေ(ခ)ရည်မွန်သန့်(ခ) မေလေး (၂၆) နှစ် လိုက်ပါလာသည့် Nissan ရှစ်ဘီး ဆီဘောက်ဆာယာဉ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ယာဉ်မောင်းမှာ ယာဉ်ပေါ်မှ ခုန်ချထွက်ပြေးသွားခဲ့သဖြင့် ပူးပေါင်းအဖွဲ့မှ ဝိုင်းဝန်းပိတ်ဆို့ဖမ်းဆီးရာ ညနေ ၆ နာရီခန့်တွင် အဆိုပါနေရာနှင့် ၆ ဖာလုံခန့်အကွာ တောစပ်တွင် အောင်ကျော်လှိုင် (ခ) အောင်ကျော် (ခ) ဂေါက်ကြီး ကို ဖမ်းဆီးရမိခဲ့ပြီး ယာဉ်၏ ဆီသိုလှောင်ကန်ကို ဖွင့်ဖောက်စစ်ဆေးရာ ဒေသကာလတန်ဖိုး ငွေကျပ် ၇ ဒသမ ၇၈ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၁၇ သန်းကျော်၊ အိုက်စ် (မက်သ်အဖက်တမင်း) အလေးချိန် ဂရမ် ၈၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်





သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့် ပြစ်မှုကျူးလွန်သူများကို တွေ့ရစဉ်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၀ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄.၁ | ၂၁၈ ကျင်း |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ဝရဒါဠာ ဓာတုစေတီယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)
## ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံး
## ပေ(၉၀ x ၄၄) အဆင့်မြင့်ဝန်ထမ်းအိမ်ရာ(၁)လုံး တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဝရဒါဠာ ဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၏ ဝတ္တကမြေအတွင်း အဆင့်မြင့်ဝန်ထမ်းအိမ်ရာ (၆)ခန်းတွဲ Steel Structure ဖြင့် ပေ(၉၀ x ၄၄) (၂)ထပ်ဆောင်(၂)လုံးကို ဆောက်လုပ်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးနှင့် YCDC မှ ခွင့်ပြုထားပြီးဖြစ်ပါသည်။

အဆိုပါအဆောက်အအုံဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ ဂေါပကအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် အဆင့်မြင့်ဝန်ထမ်းအိမ်ရာ(၆)ခန်းတွဲSteelStructureဖြင့်(၂)ထပ်ဆောင်(၁)လုံးကိုဆောက်လုပ်ထားပြီးဖြစ်၍နမူနာယူလေ့လာနိုင်ပါသည်။

အဆောက်အအုံဆောက်လုပ်ရန် စိတ်ဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် (စက်တင်ဘာ ၆ရက်မှ ၈ ရက်အထိ) ရုံးအဖွဲ့မှူး (ဖုန်း-၀၁-၆၅၀၄၈၄၊ ၀၉-၂၅၀၀၁၇၅၇၇)တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပြီး ဂေါပကအဖွဲ့ဝင်များနှင့် ရုံးချိန်အတွင်း လာရောက်တွေ့ဆုံ ဆွေးနွေးနိုင် ပါသည်။

အဆောက်အအုံကုန်ကျစရိတ်နှင့်ပတ်သက်၍ ငွေပေးချေမှုကို ဂေါပကအဖွဲ့၏ မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ်ထားသည့် ငွေစာရင်းမှ လွှဲပြောင်းပေးသွင်းခြင်းစနစ် (Account Transfer)ဖြင့် လုပ်ငန်းဆောင်ရွက်ပြီးသည့် အချိန်တွင် လွှဲပြောင်းပေးချေပါမည်။

အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံအား ဂေါပကအဖွဲ့ရုံးတွင် ရယူပြီး ၉-၉-၂၀၂၂ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီ နောက်ဆုံး ထား တင်သွင်းရန်ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါရွေးချယ်မှုအား ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ဂေါပကအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ပါမည်။

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ဝရဒါဠာ ဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)**

## အမြတ်ဝေစုထုတ်ယူရန် ကြေညာခြင်း

၁။ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်(၂၀၁၉-၂၀၂၀) ဘဏ္ဍာရေးနှစ်အတွက် အစုပေါ်အမြတ်(ထည့်ဝင်ပြီးအစု အရင်းငွေအပေါ် တစ်နှစ်လျှင် ၃၀ ရာခိုင်နှုန်း)ကို သစ်တောဖက်စပ်(ရုံးချုပ်)အမှတ်(၅၂/၆၆)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တွင် အောက်ပါအစီအစဉ်အတိုင်း ထုတ်ယူရန်ဖြစ်ပါသည်-

| စဉ် | အစုရှယ်ယာလက်မှတ်အမှတ်စဉ် | ရက်အပိုင်းအခြား | မှတ်ချက် |
|---|---|---|---|
| (က) | ၀၀၀၀၀၁ မှ ၀၀၉၀၀၀ထိ | ၁-၁၀-၂၀၂၂ မှ ၁၄-၁၀-၂၀၂၂ထိ | စနေ၊ တနင်္ဂနွေနှင့် |
| (ခ) | ၀၉၀၀၀၁ မှ ၀၁၈၀၀၀ထိ | ၁၅-၁၀-၂၀၂၂ မှ ၁-၁၁-၂၀၂၂ထိ | အများပြည်သူ |
| (ဂ) | ၀၁၈၀၀၁ မှ ၀၂၇၀၀၀ထိ | ၂-၁၁-၂၀၂၂ မှ ၁၅-၁၁-၂၀၂၂ထိ | အလုပ်ပိတ်ရက်များမှ အပ |
| (ဃ) | ၀၂၇၀၀၀ မှ ၀၃၆၀၀၀ထိ | ၁၆-၁၁-၂၀၂၂မှ ၂-၁၂-၂၀၂၂ထိ | နံနက်(၁၀နာရီမှ |
| (င) | ၀၃၆၀၀၁ မှ ၀၄၅၀၀၀ထိ | ၃-၁၂-၂၀၂၂ မှ ၁၇-၁၂-၂၀၂၂ ထိ | ညနေ ၄နာရီအတွင်း |

၂။ ၁-၁၀-၂၀၂၂ရက်မှစတင်၍ (၂၀၁၉-၂၀၂၀)ဘဏ္ဍာနှစ်အတွက် အမြတ်ဝေစုများ ထုတ်ပေးမည်ဖြစ်ပါ၍ အစုပေါ်အမြတ်ဝေစု ထုတ်ယူမည့် အစုရှယ်ယာရှင်များသည် အစုရှယ်ယာလက်မှတ်(မူရင်း)၊ မိမိတို့၏ အမျိုးသားမှတ်ပုံတင်(သို့)နိုင်ငံသားစိစစ်ရေးကတ်ပြားကို တစ်ပါတည်းယူဆောင်လာကြရန်နှင့် ကိုယ်တိုင်မထုတ်ယူနိုင်ပါက ရှယ်ယာရှင်၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)နှင့် ကိုယ်စားထုတ်ယူ မည့်သူ၏ နိုင်ငံသားစိစစ်ရေးကတ် ယူဆောင်လာ၍ ကိုယ်စားလှယ်လွှဲစာဖြင့် ထုတ်ယူနိုင်ပါသည်။

၃။ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်အနေဖြင့် အစုရှယ်ယာထုတ်ပေးရာတွင်-

| | ထုတ်ပေးမည့်အစီအစဉ် |
|---|---|
| ကုမ္ပဏီများအတွက် အမြတ်ဝေစုထုတ်ပေးခြင်း | ချက်လက်မှတ် |
| အစုရှယ်ယာ(၅၀)စုနှင့်အထက် ရှယ်ယာရှင်များ | ချက်လက်မှတ် |
| အစုရှယ်ယာ(၅၀)အောက် ရှယ်ယာရှင်များ | ငွေသား |

ဖြင့်ထုတ်ပေးသွားပါမည်။

၄။ ကုမ္ပဏီ/အဖွဲ့အစည်းအမည်ဖြင့် ဝယ်ယူထားသည့် အစုရှယ်ယာရှင်များသည် ကုမ္ပဏီ/အဖွဲ့အစည်း၏ ခေါင်းစီးဖြင့် တရားဝင် လွှဲအပ်စာယူဆောင်လာသူကိုသာ အစုပေါ်အမြတ်ငွေ ထုတ်ပေးမည်ဖြစ်ပါသည်။

၅။ အထက်ပါကာလအတွင်း အစုပေါ်အမြတ်ဝေစု မထုတ်ယူဖြစ်သော အစုရှယ်ယာရှင်များသည် သစ်တောဖက်စပ်(ရုံးချုပ်) ဖုန်း-၀၁-၉၀၁၀၇၃၄၊ ၉၀၁၀၇၃၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ အမြတ်ဝေစု ထုတ်ယူနိုင်ပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာ**

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
### အိတ်ဖွင့်တင်ဒါများ ဖျက်သိမ်းခြင်း

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ)နှင့် အမှတ်(၅)ဓာတ်မြေသြဇာစက်ရုံ (ကန်ကြီးထောင့်)တို့မှ ၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်း ခေါ်ယူထားသော ယူရီးယားဓာတ်မြေသြဇာ(၃၀၀၀) တန်စီအား အိတ်ဖွင့်တင်ဒါများ ဖွင့်လှစ်ရောင်းချနိုင်ရေးအတွက် နိုင်ငံပိုင်သတင်းစာများတွင် ကြော်ငြာထားရှိမှုများအား ဖျက်သိမ်းကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

### အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အောင်ရတနာလမ်း၊ အမှတ်(၂၁၊ သုံးလွှာ)နေ ဦးကျော်လွင်ဦး - ဒေါ်သန်းသန်းဆင့်တို့၏သား မောင်အောင်လင်းဦး ၁၄/မမန(နိုင်) ၃၄၆၁၂၀သည် မိဘများဆိုဆုံးမမှုကို မနာခံခြင်း၊ စိတ်ဆင်းရဲကိုယ် ဆင်းရဲ အရှက်ရစေခြင်းတို့ ပြုလုပ်ပါသောကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

၎င်းနှင့်ပတ်သက်သည့် ကိစ္စအားလုံးကို တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဖခင်-ဦးကျော်လွင်ဦး ၁၄/မမန(နိုင်) ၂၀၆၇၉၈**
**မိခင်-ဒေါ်သန်းသန်းဆင့် ၁၄/မမန(နိုင်) ၃၄၆၁၉၃**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ သခင်အုန်းဖေကြီးလမ်း၊မြေကွက်အမှတ်(၁၀၆၃) ဟုခေါ်တွင်သော မြေအလျားx အနံ (၄၀'x၆၀')ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်တင်ကြည် (ISN-053532)(ကွယ်လွန်)၏ခင်ပွန်းဖြစ်သူ ဦးကြင်သောင်း ၁၂/မရက(နိုင်)၁၀၇၈၄၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်ဝင်းနိုင် ၉/တသန(နိုင်)၀၇၆၅၈၃၊ ဒေါ်နီလာရီ ၁၂/ကမတ(နိုင်) ၀၀၀၉၅၀ကအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
**ဦးဗိုလ်ဗိုလ်ဇော်(LL.B, D.B.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၉၈)**
အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၅၀၀၃၅၀၇၀

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်အေးမြင့် (ဥက္ကဋ္ဌ၊ နေပြည်တော်သမဝါယမအသင်းစုချုပ်)
### အသက်(၇၁)နှစ်

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ ပေါင်းလောင်း(၁)လမ်းနေ ဒေါ်အေးမြင့် (ဥက္ကဋ္ဌ၊ နေပြည်တော်သမဝါယမအသင်းစုချုပ်)သည် ၂၉-၈-၂၀၂၂ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**သမဝါယမဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်အေးမြင့် (ဥက္ကဋ္ဌ၊ နေပြည်တော်သမဝါယမအသင်းစုချုပ်)
### အသက်(၇၁)နှစ်

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ ပေါင်းလောင်း(၁)လမ်းနေ ဒေါ်အေးမြင့် (ဥက္ကဋ္ဌ၊ နေပြည်တော်သမဝါယမအသင်းစုချုပ်)သည် ၂၉-၈-၂၀၂၂ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**နေပြည်တော်သမဝါယမဦးစီးဌာန**

## ဦးညီထွေး
### တပ်မတော်-လေ(ငြိမ်း)
### အသက်(၈၀)

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၁၉)ရပ်ကွက်၊ မြရည်နန္ဒာလမ်း၊ အမှတ်(၆၂၅-ခ)နေ ဒေါ်ရင်လှိုင်၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုထွန်းထွန်း၊ မစိုးထွေးလှိုင် တို့၏ကျေးဇူးရှင်ဖခင်ကြီးသည် ၂၈-၈-၂၀၂၂ရက် (စနေနေ့) ညနေ ၃:၃၀နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၃၀-၈-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## သတိပေး နှိုးဆော် ချက်

နေပြည်တော်တွင် မော်တော် ဆိုင်ကယ် စီးနင်း သူများသည် ဆိုင်ကယ်စီး ဦးထုပ်ကို မေးသိုင်းကြိုး တပ်၍ စီးနင်းကြရန်နှင့် နှစ်ဦး ထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ် များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

### ကုလားပဲနှင့် ဂျုံသီးနှံရောင်းချရန် ကြော်ငြာခြင်း

စိုက်ပျိုးရေးဦးစီးဌာန၊ ကော်ဖီ-ရာသီသီးနှံဌာနခွဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်၊ ပေါက်အင်းစိုက်ကွင်းမှ ရောင်းချရန်ရှိသော ကုလားပဲ V3 V7 (၇၀၀၁) တင်းနှင့် ဂျုံ(အထွက်တိုး) (၆၄၃၅) တင်းအား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ ဝယ်ယူလိုသူများသည် အောက်ပါအစီအစဉ်အတိုင်း လာရောက်ဝယ်ယူနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**တင်ဒါဖွင့်မည့်ရက်** - (၁၆-၉-၂၀၂၂) ရက် (ကြာသပတေးနေ့)
**တင်ဒါဖွင့်မည့်အချိန်** - (၁၄:၀၀)နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ပေါက်အင်းစိုက်ကွင်း၊ ချောင်းဦးမြို့
**စုံစမ်းနိုင်သည့်ဖုန်းနံပါတ်များ** - ၀၉-၃၃၂၃၀၂၂၁၊ ၀၉-၄၀၀၄၁၂၃၆၇

**ရောင်းချရေးအဖွဲ့**
**ကော်ဖီ-ရာသီသီးနှံဌာနခွဲ**
**စိုက်ပျိုးရေးဦးစီးဌာန**

### ကျန်းမာရေးဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီး၌တက်ရောက်ကုသမှုခံယူကြသည့် လူနာများအတွက် လိုအပ်သည့် အောက်ဖော်ပြပါ ဆေးနှင့်ဆေးပစ္စည်းများအား ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

FDA အသိအမှတ်ပြု
(က) ခွဲစိတ်ခန်းသုံးဆေးပစ္စည်းများ
(ခ) ဓာတ်မှန်ဖလင်နှင့် ဆေးရည်များ
(ဂ) ဆေးရုံသုံးပစ္စည်းများ(Consumable)

၂။ **တင်ဒါပုံစံရောင်းချမည့်နေ့ရက်** - (၂၅-၈-၂၀၂၂) ရက် ဗုဒ္ဓဟူးနေ့
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - (၈-၉-၂၀၂၂)ရက် ဗုဒ္ဓဟူးနေ့ ညနေ(၄)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ဆေး/ဆေးပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့
ဆေးရုံအုပ်ကြီးရုံး
ဖုန်း-၀၅၄-၂၈၂၃၃၁၁

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၃၂)၊ ချမ်းမြေ့သာယာ(၁)လမ်း၊ မြေကွက်အမှတ်(၂၈၉)၊ (၀.၀၅၅ဧက)ရှိနှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ၂-ထပ်တိုက်သစ်တစ်လုံးအပါအဝင်အကျိုးခံစားခွင့်များအား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏အရောင်းအဝယ်စာချုပ်(၃၇၄/၂၀၂၁)အရတရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခိုင်စင်ဦး(၁၂/ဥကတ(နိုင်)၁၄၀၆၂၅)ထံမှ ကျွန်ုပ်ကဝယ်ယူရန်အတွက် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။**

ဒေါ်မာလာရွှေစင်(၁၂/ဥကမ(နိုင်)၀၀၁၈၈၇)
အမှတ် (အေ-၃)၊ ၂၀၂စက်ရုံလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း- ၀၉ ၅၀၅၃၉၅၅

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
# ဦးတင်လတ်
## ဥက္ကဋ္ဌ၊ ငွေကျားတိုက်(Silver Tiger Group of Companies)
## အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ရွှေတောင်ကြားလမ်း၊ အိမ်အမှတ် ၆၁-ဘီတွင် နေထိုင်သော သီရိသုမင်္ဂလာ ဒေါ်မာလာမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ကိုသက်နိုင်ဝင်း-သမီးကြီး ဒေါက်တာ ပိုးမဒ္ဒီတင်လတ်၊ သားလတ် ဘုန်းရာဇာစိုး၊ သားငယ် နိုင်အုပ်စိုးလတ်တို့၏ ကျေးဇူးရှင်မွေးသဖခင်ကြီး၊ မြေးလေး Krish(ခ)မောင်မင်းပြည့်စုံခန့်၏ ကျေးဇူးရှင်အဘိုးသည် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အာယုဆေးရုံကြီး၌ ၂၈-၈-၂၀၂၂ ရက် (စနေနေ့) ည ၁၀:၅၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၂၂ ရက် နံနက် ၈:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီး ရန်ကုန်ယူနန် သုသာန်(ရေဝေး)တွင် အရိုးပြာအိုးကို ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
# ဦးတင်လတ်
## ဥက္ကဋ္ဌ၊ ငွေကျားတိုက်(Silver Tiger Group of Companies)
## အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂) ရပ်ကွက်၊ ရွှေတောင်ကြားလမ်း၊ အိမ်အမှတ် ၆၁-ဘီတွင် နေထိုင်သော သီရိသုမင်္ဂလာ ဒေါ်မာလာမြင့်၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုသက်နိုင်ဝင်း-သမီးကြီး ဒေါက်တာ ပိုးမဒ္ဒီတင်လတ်၊ သားလတ် ဘုန်းရာဇာစိုး၊ သားငယ် နိုင်အုပ်စိုးလတ်တို့၏ ကျေးဇူးရှင်မွေးသဖခင်ကြီး၊ မြေးလေး Krish (ခ) မောင်မင်းပြည့်စုံခန့်၏ကျေးဇူးရှင်အဘိုးသည်ရန်ကုန်မြို့၊တာမွေမြို့နယ်၊ အာယုဆေးရုံကြီး၌ ၂၈-၈-၂၀၂၂ရက်(စနေနေ့) ည ၁၀:၅၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဦးသိန်းဝင်း-ဒေါ်နီလာ**

**မောင်သက်နိုင်ဝင်း-ဒေါက်တာပိုးမဒ္ဒီတင်လတ်**

---

### <u>ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း။</u>

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ အုန်းပင်ကြီးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၃၊ မြေကွက်အမှတ်- ၁၅၆၀၊ ဧရိယာ- ၄၀ ပေ × ၆၀ ပေ ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ဒေါ်သန်းသန်းငွေ (၁၂/မရက (နိုင်) ၀၅၀၆၁၂) ၏အမည်ဖြင့် ခွင့်ပြုချထားပေးသော ပါမစ်မြေကွက်ဖြစ်ပြီး၊ အဆိုပါမြေကွက်အနက်မှ တရားဝင်တိုင်းတာခွဲစိတ်ရခြင်းမရှိသေးသော အနောက်ဘက်ခြမ်း ဧရိယာ- ၂၀ ပေ × ၆၀ ပေ ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရေ မီး အစုံ(၂) ထပ်နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်သူထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူထားသူများထံမှတဆင့် အပြီးအပိုင်ဝယ်ယူထား၍ တစ်ဦးတည်းတရားဝင်လက်ရှိလုံးဝပိုင်ဆိုင်ကာ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းပြီး၊ လွှဲပြောင်းရောင်းချခြင်းဖြင့် စီမံခန့်ခွဲအကျိုးခံစားခွင့်ရှိသည် ဟုဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းလာသော ဒေါ်နီနီဝင့်အောင် (၁၄/ဟသတ (နိုင်) ၂၉၆၉၅၅) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းအောင် (၁၂/အလန (နိုင်) ၀၂၅၃၇၄) က အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဝယ်ယူသူ ဦးသန်းအောင် ၏ ညွှန်ကြားချက်အရ

**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**

တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)

အမှတ်-၁၅/F၊ ဓမ္မစေတီလမ်းနှင့် မဟာဗောဓိလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉-၇၈၈၉၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅၊ ၀၉-၄၄၃၁၂၀၃၀၁။

---

## သင့် သွေး ဖြင့် အ သက် ကယ် ပါ

---

### ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်ခင်မေလွင် (ပုလော)
### အထက်တန်းပြ၊ အထက ပုလော
### အထက်တန်းပြ(ငြိမ်း)၊ အထက-၄ ရွှေပြည်သာ
### အသင်းဝင်အမှတ်-၅၅၃
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မင်းနန္ဒာအိမ်ရာ၊ အမှတ်-၁၈နေ ဦးဇေယျ (တွဲဖက်ဘဏ္ဍာရေးမှူး-ပုလောမြို့နယ်အသင်း၊ ရန်ကုန်)၏ဇနီးသည် ၂၈-၈-၂၀၂၂ ရက်(စနေနေ့) နံနက်၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေပိုင်းတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်ပြီးဖြစ်ပါသည်။

**အမှုဆောင်အဖွဲ့**

---

### (၁)လပြည့် လွမ်းဆွတ်သတိရခြင်း
## ဦးဝင့်ထွဋ်ကြည်လင်း
### MD(LYNN YANN Co.,Ltd)
### အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မီးဒုံးလမ်းသွယ်(၁)၊ တိုက်(၁၀၈)၊ အခန်း(၂)နေ ဦးဝင့်ထွဋ်ကြည်လင်း သည် မိသားစုနှင့်ခွဲခွာသွားခဲ့သည်မှာ ၃၀-၈-၂၀၂၂ရက်တွင် (၁)လပြည့်ခဲ့ပြီဖြစ်သော်လည်း တစ်ရက်မှမေ့မရနိုင်ခဲ့ပါ၊ မိသားစုမှပြုလုပ်သော ကုသိုလ်ကောင်းမှုအစုစုကို ရေစက်သွန်းချ အမျှပေးဝေပါသည်။ အေးချမ်းမြင့်မြတ်သော ဘုံဘဝမှာ ရရှိခံစားနိုင်ပြီး သာဓုအကြိမ်ကြိမ်ခေါ်ဆိုနိုင်ပါစေ။

အမျှ.... အမျှ.... အမျှ

**ချစ်ဇနီး-ဒေါ်နှင်းနန္ဒာမျိုး**

**ချစ်သမီးများ- မသွန်းလင်းဖြူစင်၊ မလင်းပြည့်စုံထင်**

---

### (၁)လပြည့် လွမ်းဆွတ်သတိရခြင်း
## ဦးဝင့်ထွဋ်ကြည်လင်း
### MD(LYNN YANN Co.,Ltd)
### အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မီးဒုံးလမ်းသွယ်(၁)၊ တိုက်(၁၀၈)၊ အခန်း(၂)နေ ဦးဝင့်ထွဋ်ကြည်လင်း သည် မိသားစုနှင့်ခွဲခွာသွားခဲ့သည်မှာ ၃၀-၈-၂၀၂၂ရက်တွင် (၁)လပြည့်ခဲ့ပြီဖြစ်သော်လည်း တစ်ရက်မှမေ့မရနိုင်ခဲ့ပါ၊ မိသားစုမှပြုလုပ်သော ကုသိုလ်ကောင်းမှုအစုစုကို ရေစက်သွန်းချ အမျှပေးဝေပါသည်။ အေးချမ်းမြင့်မြတ်သော ဘုံဘဝမှာ ရရှိခံစားနိုင်ပြီး သာဓုအကြိမ်ကြိမ်ခေါ်ဆိုနိုင်ပါစေ။ အမျှ.... အမျှ.... အမျှ

**ဖေဖေ မေမေ- ဦးကြည်လင်းသိန်း-ဒေါ်နုနုရီ**

**မောင်နှမများ-ရဲမှူးကြီးနိုင်လင်း-ဒေါ်မွန်ဇာကြည်လင်း၊ ထွေးအိန္ဒြာကြည်လင်း**

**တူ/တူမများ- ပြည့်ပြည့်၊ လုံးလုံး၊ မီးမီးတုန်တုန်**

---

### (၁)လပြည့် လွမ်းဆွတ်သတိရခြင်း
## ဦးဝင့်ထွဋ်ကြည်လင်း
### MD(LYNN YANN Co.,Ltd)
### အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မီးဒုံးလမ်းသွယ်(၁)၊ တိုက်(၁၀၈)၊ အခန်း(၂)နေ ဦးဝင့်ထွဋ်ကြည်လင်း သည် မိသားစုနှင့်ခွဲခွာသွားခဲ့သည်မှာ ၃၀-၈-၂၀၂၂ရက်တွင် (၁)လပြည့်ခဲ့ပြီဖြစ်သော်လည်း တစ်ရက်မှမေ့မရနိုင်ခဲ့ပါ၊ မောင်နှမများမှပြုလုပ်သော ကုသိုလ်ကောင်းမှုအစုစုကို ရေစက်သွန်းချ အမျှပေးဝေပါသည်။ အေးချမ်းမြင့်မြတ်သော ဘုံဘဝမှာ ရရှိခံစားနိုင်ပြီး သာဓုအကြိမ်ကြိမ် ခေါ်ဆိုနိုင်ပါစေ။

အမျှ.... အမျှ.... အမျှ

**မောင်နှမများ-ကိုထင်လင်းနိုင်-မအိ၊ ကိုဝင်းမိုး-မသဇင်၊**

**ကိုသက်နိုင်-မယမင်းနိုင်၊ မသဉ္ဇာနိုင်**

---

### ဒေါ်သန်းရီ
### ကျောင်းအုပ်ဆရာမကြီး (ငြိမ်း)
### (အထက-၂ လမ်းမတော် ရန်ကုန်၊
### အထက-၂ ဘိုကလေးမြို့၊ အထက -၂ မုဒုံမြို့)
### အသက်(၈၃)နှစ်

မုဒုံမြို့၊ အမှတ်(၆၄)၊ မြစေတီလမ်း၊ စက်သစ်ရပ်နေ (ဦးထွန်းတင်-ဒေါ်ချောစိန်) တို့၏သမီး၊ ဒေါ်လှကြွေ၊ ဦးစိုးဝင်း(အထက(၁) မုဒုံ-ငြိမ်း)-[ဒေါ်ခင်ရွှေ (အထက-၂ မုဒုံ-ငြိမ်း)]တို့၏ညီမ၊ ရန်ကုန်မြို့နေ ဦးမင်းအုန်းသွင်-ဒေါ်မာမာအေးတို့၏အစ်မ၊ ဒေါ်မိုးသီတာ(ကထိက-ဓာတုဗေဒ မော်လမြိုင်တက္ကသိုလ်)၊ ဦးဝင်းကျော်သက် (Technical Superintendent Raffles, S'pore)-ဒေါ်အိမွန်ကျော်၊ ဦးမင်းဗညားဦး(C.E Raffles Ygn)-ဒေါ်အေးမြင့်မြတ်သူ၊ ကိုအောင်ဆန်းထွန်းတို့၏ဒေါ်လေး၊ မြေး(၃)ယောက်တို့၏ ဘွားဘွားကြီးသည် ၂၉-၈-၂၀၂၂ရက် (တနင်္လာနေ့) နံနက်၅:၃၀နာရီတွင် မုဒုံမြို့အထက်ပါနေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပြီဖြစ်ကြောင်း ရပ်ဝေးရပ်နီးနေဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်သန်းတင်
### ကျန်းမာရေးဆရာမ(ငြိမ်း)
### စေတီယျရပ်ကွက်(ကုမ္ဘဏီဈေး)၊ ကျောက်ဖြူမြို့
### အသက်(၈၃)နှစ်

ကျောက်ဖြူမြို့၊ ပိုက်ဆိပ်ရပ်ကွက်နေ (ဦးကျော်ထွန်းအောင်-ဒေါ်မကြီး)တို့၏သမီး၊ (ဦးအောင်ဘစိန်)(မူအုပ်-ငြိမ်း)၏ ဇနီး၊ ဦးထွန်းနိုင်-ဒေါ်လှိုင်အေးသင်း၊ ဦးလှနိုင်-ဒေါ်စန်းစန်းထွေး၊ ဒေါ်တင်စန္ဒာအောင်၊ ဦးတင်လင်းအောင်-ဒေါ်ဆုနွယ်ထွေး၊ ဒေါ်တင်နန္ဒာအောင်-ဦးအောင်ဝင်းညွန့်တို့၏မိခင် ဒေါ်သန်းတင်သည် ၂၉-၈-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၈:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၂၂ရက် (တနင်္လာနေ့)တွင် စေတီယျသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်မေလွင်(ပုလော)
### အထက်တန်းပြ၊ အထက (ပုလော)
### အထက်တန်းပြ(ငြိမ်း)၊ အထက-၄(ရွှေပြည်သာ)
### အသက်(၆၃)နှစ်

ဦးဇေယျ (တွဲဖက်ဘဏ္ဍာရေးမှူး-ပုလောမြို့နယ်အသင်း-ရန်ကုန်)၏ချစ်လှစွာသောဇနီး ဒေါ်ခင်မေလွင်သည် ၂၈-၈-၂၀၂၂ရက် (စနေနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**နာယကနှင့်အမှုဆောင်များ**

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

1⁺ Plus သောက်ရေသန့်စက်ရုံမှ ဦးလှဒင်(ဥက္ကဋ္ဌ)-ဒေါ်ဖြူဖြူမာ၊ ဦးသန်းအောင်-ဒေါ်ဆွေဆွေဒင်(ဒု ဥက္ကဋ္ဌ)တို့၏ ချစ်လှစွာသော ညီ/မောင် မြန်မာနိုင်ငံ၏ ထိပ်သီးစီးပွားရေးလုပ်ငန်းရှင်ဖြစ်သည့် တော်ဝင်မိသားစုကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးကိုကိုထွေး အသက်(၆၇)နှစ်သည် ဩဂုတ်လ ၂၃ရက် ည ၉:၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**1⁺ Plus သောက်ရေသန့်စက်ရုံဝန်ထမ်းများ**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ကြူကြူဝင်း (နတ်တလင်းမြို့)
### J.A.T (အလက-၃ မင်္ဂလာဒုံ)ငြိမ်း
### အသက် (၆၀)

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်-ပြည်လမ်း၊ နတ်တလင်းမြို့နေ (ဦးတင်မောင်-ဒေါ်တင်တင်)(အထည်ဆိုင်)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးမြင့်စိုး)-ဒေါ်ခင်ဝေတို့၏သမီးချွေးမ၊ (ဦးတင်ထွန်း)-ဒေါ်မူမူ၊ ဦးမျိုးသန့်၊ ဦးစိုးအောင်-(ဒေါ်သန်းသန်းဝင်း)၊ ဦးတင်ဝင်း- (ဒေါ်မို့မို့(ခ)ကြူကြူသန်း) တို့၏ ညီမ၊ (မောင်သန်းထွဋ်)-မညွှန့်ရီ၊ ဦးအောင်မင်းဦး-ဒေါ်ခင်လှဲ့လှဲ့တို့၏အစ်မ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သုခလမ်း၊ အမှတ် (၂၂)၊ ဒုတိယထပ်နေ မဆုမြတ်ဖြိုး၊ မောင်ကောင်းထက်-မကြူကြူဆုမွန်တို့၏မွေးသမိခင်၊ (ဒုတိယဗိုလ်မှူးကြီးစိုးနိုင်-ငြိမ်း)၏ဇနီး ဒေါ်ကြူကြူဝင်း (J.A.T)သည် ၂၈-၈-၂၀၂၂ ရက် (စနေနေ့)ညနေ ၆:၅၀နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၈- ၂၀၂၂ ရက် နံနက် ၁၀:၃၀ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၁၆၆ ဦး တွေ့ရှိ

### ထပ်မံသေဆုံးသူ ၁၀၆ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၅၁၈၃ ဦးရှိ

(၂၉-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊

စာမျက်နှာ ၁၅ ကော်လံ ၁ ❖

## ဧရာဝတီမြစ်ရေ ကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၂၉**

ယနေ့ နံနက် ၇ နာရီနာခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်၊ ဟသ်ာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်နှင့် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တို့တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်(၃) ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အနီးသို့ ရောက်ရှိ နိုင်သည်။

သို့ဖြစ်ပါ၍ ဆိပ်သာမြို့၊ ဟသ်ာတမြို့နယ်နှင့် ဇလွန်မြို့နယ် အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။ မိုး/ဇလ

## ယနေ့ မာတိကာ

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ စာ ၁၄

ညောင်ဦးမြို့နယ်၌ ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်သို့ရောက်ရန် တစ်ပေခန့်သာလို စာ ၂၄

ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် လက်ပစ်ဗုံး၊ လက်လုပ်ဗုံးနှင့် လက်လုပ်မိုင်းများအသုံးပြုကာ အကြမ်းဖက်မှုလုပ်ရပ်များလုပ်ဆောင် စာ ၂၇

ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ငွေကျပ် ၇ ဒသမ ၇၈ ဘီလီယံကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ စာ ၂၈

## ဆွန်ဟောင်မင်၏ သွင်းဂိုးဖြင့် ဝက်ဖို့ဒ်ကို စပါးအသင်း အနိုင်ရ

ပရီမီယာလိဂ်ကလပ် ပွဲစဉ် (၃) အဖြစ် စပါးအသင်းနှင့် ဝက်ဖို့ဒ် အသင်းတို့ပွဲစဉ်ကို ဩဂုတ် ၂၉ ရက် ညပိုင်းက စပါးအသင်း အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ စပါးအသင်းက ဝက်ဖို့ဒ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ စပါးအသင်းအတွက် သွင်းဂိုးကို ဆွန်ဟောင်မင်က သွင်းယူပေးခဲ့သည်။

စပါးအသင်းအနေဖြင့် ယနေ့ပွဲစဉ်တွင် ကိန်း၊ ဆွန်ဟောင်မင်၊ ဘာ့ဂ်ဝင်တို့ဖြင့် ပွဲထွက်လာခဲ့သလို ဝက်ဖို့ဒ်အသင်းကလည်း အားထားရသည့် ဆစ်ဆိုကို၊ ဆားရ်၊ ဒင်းနစ်၊ ကင်းစသည့် ကစားသမားတို့ဖြင့် ပွဲထွက်လာခဲ့သည်။ ဝက်ဖို့ဒ်အသင်းသည် ပြီးခဲ့သည့် ပရီမီယာလိဂ် ပွဲစဉ်နှစ်ပွဲတွင် တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားသည့်အတွက် ယခု စပါးအသင်းနှင့်ပွဲစဉ်ကို အနိုင်ရရှိရေး အားစိုက်ကစားလာခဲ့သည်။ ဝက်ဖို့ဒ်အသင်းသည် ပွဲအစပိုင်းမိနစ်များတွင် စပါးအသင်းကို ဖိအားပေးကစားနိုင်ခဲ့သော်လည်း ပွဲကစားချိန်ကြာလာသည်နှင့်အမျှ စာမျက်နှာ ၁၂ ကော်လံ ၁ ❍

## မိုင်းထောင်ဖောက်ခွဲအကြမ်းဖက်လုပ်ရပ်များ လုပ်ကိုင်ခဲ့သူများကို လက်နက်/ခဲယမ်းများ၊ ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၉**

အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားမှုမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် စစ်ဆေးရှာဖွေမှုများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၂ ရက်က ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် "လရိပ်ချို" တည်းခိုခန်း၌ ဖောက်ခွဲရေးသမားများ ရောက်ရှိနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ **အောင်မင်းသူ (ခ) ကိုသူ၊ ဇင်မင်းကျော်၊ ဇင်မင်းကို** တို့အား ပစ္စတိုသေနတ်နှစ်လက်၊ ကျည်မျိုးစုံ ၃၈ တောင့်၊ ကျည်အိမ် သုံးခုတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

စာမျက်နှာ ၂၆ ကော်လံ ၁ ◆



ထက်ပိုင်စိုး၊ ဝေယံထွန်း၊ သန့်ဇင်အောင်၊ ဘုန်းသူရခန့်တို့ကို လက်နက်/ခဲယမ်း၊ ရှေ့ထွက်မိုင်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။